ကြေးမုံ
The Mirror
Established in 1957
၁၃၇၆ ခုနှစ်၊ ပြာသိုလဆန်း ၁၀ ရက်၊ အင်္ဂါနေ့၊ (30-12-2014) (၈၀၇၀)

## ဗုဒ္ဓအလိုကျ အဆုံးအမတော်

သဗ္ဗပါပဿ အကရဏံ - မကောင်းတာ(အကုသိုလ်)ဟူသမျှ ဘာမျှမလုပ်ပါနှင့်။
ကုသလဿ ဥပသမ္ပဒါ - ကောင်းတာ(ကုသိုလ်)မှန်သမျှ အားလုံးပြုလုပ်ပါ။
သစိတ္တ ပရိယောဒပနံ - မိမိစိတ်ကို မိမိနိုင်အောင်ထိန်းပါ။
(မကောင်းတာ မလုပ်ဖြစ်အောင် စိတ်ကိုထိန်းပါ)
ဧတံ ဗုဒ္ဓါန သာသနံ - ဤသုံးမျိုးသည် ဗုဒ္ဓ၏အလိုတော်ကျ အဆုံးအမတည်း။

(ဓမ္မပဒ)

# ကျန်းမာရေးကဏ္ဍအတွက် လိုအပ်ချက်များဖြည့်ဆည်းပေးနိုင်ရန် ဘတ်ဂျက်ကို တိုးမြှင့်ခွင့်ပြုပေးလျက်ရှိ

**ရန်ကုန် ဒီဇင်ဘာ ၂၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ်ရှိ ခုတင်(၅၀၀) ဆံ့ အထူးကုဆေးရုံကြီးနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ ရန်ကုန်ပြည်သူ့ဆေးရုံကြီး ခုတင်(၁၅၀၀) ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း တိုးတက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယသမ္မတသည် နံနက် ၉ နာရီတွင် ခုတင်(၅၀၀)ဆံ့ အထူးကုဆေးရုံကြီးသို့ရောက်ရှိရာ အစည်းအဝေးခန်းမ၌ ဆေးရုံအုပ်ကြီး ဒေါက်တာသန်းထွဋ်က ဆေးရုံကြီး၏ အခြေခံအချက်အလက်များ၊ ဆေးရုံကြီး၏ အထူးကုဌာနကြီးများနှင့် အထောက်အကူပြုဌာနများ အခြေအနေ၊ ခွင့်ပြုဖွဲ့စည်းပုံနှင့် ဝန်ထမ်းများခန့်ထားနိုင်မှု အခြေအနေ၊ ဝန်ထမ်းအိမ်ရာအခြေအနေ၊ လျှပ်စစ်ဓာတ်အားနှင့်ရေရရှိမှုအခြေအနေ၊ ကုသရေးလုပ်ငန်းများဆောင်ရွက်နိုင်မှုအခြေအနေ၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လိုသည့် ရှေ့လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ခုတင်(၅၀၀)ဆံ့ အထူးကုဆေးရုံကြီး ဆီးနှင့်ကျောက်ကပ်ခွဲစိတ်ကုပညာဌာန ပါမောက္ခ/ဌာနမှူး ဒေါက်တာကျော်စွာလှိုင်နှင့် အသည်းခွဲစိတ်ကုပညာဌာန ပါမောက္ခ/ဌာနမှူး ဒေါက်တာသန်းလွင်တို့က ခွဲစိတ်ကုသမှုဆိုင်ရာ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်ရမည့်အခြေအနေများနှင့် ဖြည့်ဆည်းပေးရန်လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က တင်ပြချက်များနှင့် စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယသမ္မတက နိုင်ငံတော်အနေဖြင့် ကျန်းမာရေးကဏ္ဍအတွက် လိုအပ်ချက်များ

**စာမျက်နှာ ၃ ကော်လံ ၅ သို့**



**ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ရန်ကုန်ပြည်သူ့ဆေးရုံကြီး ခုတင် (၁၅၀၀)ရှိ တိုးချဲ့ ငါးထပ်ဆောင်အသစ်တည်ဆောက်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)**

## ထူးခြားသည့် ညအပူချိန်များ

နေပြည်တော် ဒီဇင်ဘာ ၂၉

| | | |
|---|---|---|
| ပူတာအို | ၂ | ဒီဂရီစင်တီဂရိတ် |
| ပင်လောင်း | ၂ | ဒီဂရီစင်တီဂရိတ် |
| ဟဲဟိုး | ၄ | ဒီဂရီစင်တီဂရိတ် |
| လွိုင်လင် | ၄ | ဒီဂရီစင်တီဂရိတ် |
| နမ့်စန် | ၅ | ဒီဂရီစင်တီဂရိတ် |
| ပြင်ဦးလွင် | ၅ | ဒီဂရီစင်တီဂရိတ် |

# စစ်ကိုင်းမြို့တွင် အလှူလှည့်ဆင်ကြီးများငှားရမ်းကာ ရှင်ပြုအလှူပေး



**စစ်ကိုင်း ဒီဇင်ဘာ ၂၉**

ယခုကဲ့သို့ ရာသီဥတုသာယာသည့် အချိန်တွင် စစ်ကိုင်းမြို့နယ်၌ ရက်ကောင်း ရက်မြတ်များကို ရွေးချယ်ကာ သားရှင်ပြုအလှူတော်ပွဲများကို ဆင်ကြီးများ၊ ရွှေလှည်းယဉ်၊ ငွေလှည်းယဉ်များ၊ ဒေဝါဝင်း၊ ရာဇာဝင်းများ ခင်းကျင်းကာ ခမ်းနားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။

ယခုအခါ သားရှင်ပြုအလှူတော်ပွဲများတွင် ငွေကြေးအမြောက်အမြား အကုန်အကျခံကာ ဆင်ကြီးများကို တစ်ကောင်မှ ငါးကောင်အထိ ငှားရမ်းကာ ရှင်လောင်းလှည့်လည်ကြသည်။ မောင်ရှင်လောင်းများတင်၍ အလှူလှည့်သည့် ဆင်ကြီးတစ်ကောင်လျှင် ငှားရမ်းခ ငွေကျပ် ရှစ်သိန်းခန့်၊ ရွှေလှည်း ယဉ်တစ်စီးလျှင် ငွေကျပ် သုံးသောင်းခန့်၊ မြင်းတစ်စီးလျှင် ငွေကျပ် တစ်သောင်းခွဲခန့် အကုန်အကျခံ ငှားရမ်းကြကြောင်း သိရသည်။ ဆင်ကြီးများ၊ မြင်းများ၊ လှည်းယဉ်ကြော့များဖြင့် ဝင်းခင်းကာ လှည့်လည်သည့် မြန်မာ့ရိုးရာသားရှင်ပြုအလှူပွဲများကို နိုင်ငံခြားသားခရီးသွားဧည့်သည်များက တအံ့တသြ ကြည့်ရှုမှတ်တမ်းတင်ကြသည်။

"ဒီနေ့ကတော့ စစ်ကိုင်းမြို့ပေါ်မှာ ဆင်တွေနဲ့အလှူလှည့်ကြတာ အလှူနှစ်ခုတောင်ရှိတယ်။ မကျည်းစင်ရွာက လာလှည့်တဲ့အလှူက ဆင်ငါးကောင်ပါတယ်။ အိုးဖိုရပ်ကွက်က အလှူက ဆင်တစ်ကောင်ပါတယ်။ ဆင်များရှင်ဘုရားကို လာကန်တော့ကြရင်း ဘုရားနားမှာ ဆင်တွေ လာဆုံနေတယ်။ စစ်ကိုင်းမှာက တတ်နိုင်တဲ့

**စာမျက်နှာ ၃ ကော်လံ ၁ သို့**



ကြေးမုံ စာတည်းရှုထောင့် ၃၀-၁၂-၂၀၁၄၊ အင်္ဂါနေ့

# ဘာသာစကားအလေးထား

လွတ်လပ်သည့် နိုင်ငံများတွင် မိခင်ဘာသာစကားကို အဓိကအားထားသုံးစွဲလေ့ရှိကြသည်။ မြန်မာနိုင်ငံတွင်လည်း လွတ်လပ်ရေးမရမီကာလက အမျိုးသားရေးစိတ်ဓာတ်ထက်သန်သော မြန်မာများက "မြန်မာစာသည် ဒို့စာ၊ မြန်မာစကားသည် ဒို့စကား "စသည်ဖြင့် ကြွေးကြော်ခဲ့ကြသည်။ လက်ရှိတွင်လည်း လူမှုဘဝနယ်ပယ်နှင့် လုပ်ငန်းခွင်တွင် မြန်မာစာ၊ မြန်မာစကားကို အဓိကထားသုံးစွဲကြသည်။

ကိုလိုနီခေတ်ကာလက မျိုးချစ်စိတ်ဓာတ်ကိုအကြောင်းပြု၍ မြန်မာစာ၊ မြန်မာစကားကို အလေးထားဖို့ဆိုခဲ့သော်ငြားလည်း အဆိုပါ မြန်မာများမှာ အင်္ဂလိပ်ဘာသာစကားကို တတ်မြောက်ထားသူများဖြစ်ကြပါသည်။ အဆင့်မြင့်ပညာတတ်မြောက်သူများမှာ အင်္ဂလိပ်ဘာသာစကားကို ကျွမ်းကျင်ပိုင်နိုင်စွာ တတ်မြောက်ကြသကဲ့သို့ အလယ်အလတ်အဆင့် အခြေခံပညာတတ်မြောက်သူများမှာလည်း အင်္ဂလိပ်စာနှင့် အင်္ဂလိပ်စကားကို အနည်းနှင့်အများ တတ်မြောက်ကြသည်။

မျက်မှောက်ကာလ လွတ်လပ်သော ကျွန်ုပ်တို့နိုင်ငံအဖို့ နိုင်ငံတကာနှင့် ဆက်ဆံမှုများတိုးမြင့်လာပြီး ပတ်သက်ဆက်နွှယ်မှုများ ရှိလာသောအခါ အင်္ဂလိပ်စာနှင့်ဘာသာစကားတို့၏ အရေးပါပုံကို သိမြင်နားလည်လာကြပြီ။ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရန် အင်္ဂလိပ်ဘာသာစကားကို ပိုမိုလေ့လာအသုံးပြုလာကြသည်။ ယခင်က အင်္ဂလိပ်ဘာသာစကား တတ်မြောက်သူမြန်မာနိုင်ငံသား နည်းပါးသော်လည်း ယခုအခါ အင်္ဂလိပ်ဘာသာစကားတတ်မြောက်သည့် လူငယ်လူရွယ်များ တိုးပွားလာသည်ကို တွေ့မြင်ရသည်။

အင်္ဂလိပ်ဘာသာကို လေ့လာလိုက်စားအသုံးပြုခြင်းမှာ တိုင်းတစ်ပါးကို အထင်ကြီးလို၍မဟုတ်ဘဲ မြန်မာများလည်း မညံ့ပါဟူသည့် မိမိတို့၏အစွမ်းအစကို တိုင်းတစ်ပါးသားများနှင့်တန်းတူ ဆက်ဆံနိုင်သည့် အရည်အချင်းကို ပြသဖို့ဖြစ်သည်။ မြန်မာအကြောင်း သိစေရန်နှင့် တိုးတက်သောအမြင်များအား ရယူဖို့သာဖြစ်သည်။ ယင်းသည် မျိုးချစ်စိတ်ဓာတ်ပင်ဖြစ်၏။ တိုင်းတစ်ပါးကို အထင်ကြီးသော၊ လွန်ကဲသော စိတ်ဓာတ်နှင့် တိုင်းတစ်ပါးယဉ်ကျေးမှုလွှမ်းမိုးမှုကို ပုံတူကူးချသည့် စိတ်ဓာတ်မျိုးမဖြစ်သင့်ချေ။

ထို့ကြောင့် မိမိနိုင်ငံနှင့် မိမိလူမျိုး ကြီးပွားတိုးတက်စေရန်အတွက် နိုင်ငံခြားဘာသာစကားနှင့် နိုင်ငံခြားစာပေတို့ကို လေ့လာလိုက်စားပြီး အသုံးချနိုင်ရန်အတွက် ကြိုးပမ်းအားထုတ်သင့်ကြပါသည်။ ထိုဘာသာစကားကို လေ့လာလိုက်စားခြင်းသည် ၎င်းတို့နိုင်ငံနှင့်လူမျိုးကို အလေးထားရန်မဟုတ်။ မိမိနိုင်ငံနှင့် မိမိလူမျိုးကို အလုပ်အကျွေးပြုရန်ဖြစ်သည်။ မိမိဘဝတိုးတက်ဖို့သာဖြစ်သည်ဟု ခံယူထားအပ်သည်။

အင်္ဂလိပ်ဘာသာစကားကို လေ့လာလိုက်စားအသုံးချရာတွင် မြန်မာအချင်းချင်းဆက်ဆံမှုထက် နိုင်ငံခြားသားနှင့် ပြောဆိုဆက်ဆံမှုမှာ ပိုမိုအလုပ်ဖြစ်နိုင်သည့် အခြေအနေဖြစ်ပါသည်။ သင်ကြားမှုနယ်ပယ်နှင့်လုပ်ငန်းခွင်နယ်ပယ်တို့တွင် ဒုတိယဘာသာစကားအဖြစ် စဉ်ဆက်မပြတ် လေ့လာအသုံးပြုကြမည်ဆိုလျှင် အောင်မြင်လိမ့်မည်ဟု ယုံကြည်ပါသည်။

ဘာသာစကား၌ ဝါသနာကြီးပြီး ထက်သန်စိတ်ဝင်စားသူများနှင့် အလုပ်သဘောအရ မဖြစ်မနေ ဆောင်ရွက်ရသူများအတွက် အထူးပြုရမည်ဖြစ်သော်လည်း အင်္ဂလိပ်ဘာသာစကားနှင့် အကျွမ်းတဝင် မရှိနိုင်သူများအဖို့ အင်္ဂလိပ်စာပေ ဖတ်ရှုခြင်းအလေ့အထကို တည်ဆောက်နေခြင်းဖြင့် အင်္ဂလိပ်ဘာသာနှင့် ရင်းနှီးမှုကို ရယူနိုင်ပါသည်။

လွတ်လပ်သည့် နိုင်ငံတစ်နိုင်ငံတွင် မိခင်ဘာသာစကားသည်သာ အဓိကဖြစ်ပါသည်။ သို့သော် ပြောင်းလဲတိုးတက်နေသော ခေတ်ကာလတွင် အင်္ဂလိပ်ဘာသာစကားသည်လည်း သူ့နေရာနှင့်သူ လိုအပ်လာပါသည်။ သို့ဖြစ်ရာ အင်္ဂလိပ်ဘာသာကို ကျွမ်းကျင်တတ်မြောက်ခြင်းမရှိသေးသူများ အနေဖြင့် အင်္ဂလိပ်စာကို နားလည်သလောက်မှအစပြု၍ စတင်လေ့လာသင့်ပါကြောင်း။ ။

# စာတိုက်တွင် ငွေစုဆောင်းခြင်းစနစ် ဆိုင်ရာဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၉**

အာရှဖွံ့ဖြိုးရေးဘဏ်နှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့ ပူးပေါင်းကျင်းပသော " စီအယ်လ်အမ် ဗွီနိုင်ငံများရှိ စာတိုက်တွင်ငွေစုဆောင်းခြင်းစနစ်" ဆိုင်ရာဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၉ ရက်က ဆီဒိုးနားဟိုတယ် မင်းတုန်းခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းက စာတိုက်တွင်ငွေစုဆောင်းခြင်းစနစ်သည် ကမ္ဘာပေါ်တွင် ဗြိတိန်နိုင်ငံ၌ ၁၈၆၁ ခုနှစ်တွင် စတင်ပေါ်ပေါက်ခဲ့ကြောင်း၊ ထို့နောက်မှ အခြားနိုင်ငံများက ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ စာတိုက်တွင်ငွေစုဆောင်းခြင်းစနစ် ကျင့်သုံးသည့်နိုင်ငံများတွင် ဂျပန်နိုင်ငံသည် အအောင်မြင်ဆုံးဖြစ်ကြောင်း၊ ဂျပန်နိုင်ငံ၏ စာတိုက်တွင်ငွေစုခြင်းစနစ်ကို ၁၈၇၅ ခုနှစ်က စတင်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုအခါတွင် ဂျပန်နိုင်ငံ၏စနစ်သည် ကမ္ဘာတွင် အအောင်မြင်ဆုံးနှင့် အကြီးမားဆုံးလည်း ဖြစ်ကြောင်း၊ ဂျပန်နိုင်ငံစာတိုက်များတွင် စုဆောင်းသည့် ငွေပမာဏသည် ဂျပန်နိုင်ငံရှိ ကူးသန်းရောင်းဝယ်ရေးဘဏ် စုစုပေါင်းတွင် စုဆောင်းထားသည့် ပမာဏထက်ပိုကြောင်း၊ မြန်မာနိုင်ငံတွင်လည်း စာတိုက်တွင် ငွေစုဆောင်းသည့် စနစ်ကို ၁၉၁၃ ခုနှစ်ကတည်းက စတင်ခဲ့ကြောင်း၊ ၁၉၇၅ ခုနှစ်တွင် ရပ်သွားကြောင်း၊ ငွေအနည်းငယ်မှစ၍ စုနိုင်ကြောင်း၊ ၁၉၄၇ ခုနှစ်တွင် အစိုးရငွေစု တံဆိပ်ခေါင်း ဥပဒေအရ ငွေစုတံဆိပ်ခေါင်းများကို ဝယ်ယူ၍လည်း စုဆောင်းနိုင်ကြောင်း၊ ယခုဆွေးနွေးပွဲတွင် အခြားနိုင်ငံများ၏ အတွေ့အကြုံနှင့် ပညာရှင်များ၏ အကြံဉာဏ်ကို ရရှိမည်ဖြစ်ရာ မြန်မာနိုင်ငံတွင်စာတိုက်ငွေစုစနစ် ပြန်လည်ကျင့်သုံးသင့်၊ မသုံးသင့် အကြံဉာဏ်များ ရရှိနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် Panel စုဖွဲ့၍ အကြောင်းအရာခြောက်မျိုးကို ဆွေးနွေးကြသည်။ ဆွေးနွေးပွဲသို့ အာရှဖွံ့ဖြိုးရေးဘဏ်မှ ပညာရှင်များ၊ မြန်မာ၊ ကမ္ဘောဒီးယား၊ လာအိုနှင့် ဗီယက်နမ်နိုင်ငံတို့မှ ကိုယ်စားလှယ်များအပါအဝင် စုစုပေါင်း ၅၅ ဦး တက်ရောက်ကြကြောင်းသိရသည်။ **(ကြေးမုံ)**



# မော်တော်ယာဉ်စီးရေ လေးသိန်းခန့် အကောက်ခွန်ရှင်းလင်းထုတ်ပေး

**ရန်ကုန် ဒီဇင်ဘာ ၂၉**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် မော်တော်ယာဉ်အစားထိုးစီမံချက် အပါအဝင် ပြည်ပမှတင်သွင်းလာသော မော်တော်ယာဉ်များအပေါ် လုပ်ငန်းစတင်ဆောင်ရွက်ခဲ့သည့် ၂၀၁၁ ခုနှစ် အောက်တိုဘာ ၂၅ ရက်မှ ယခုနှစ် ဒီဇင်ဘာ ၂၄ ရက်အထိ ၃၈ လတာ ကာလအတွင်း အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ ကျသင့်ခွန်များကို စည်းကြပ်ကောက်ခံ၍ ထုတ်ပေးပြီးဖြစ်ကြောင်း၊ ယာဉ်စီးရေမှာ ၃၉၇၆၉၆ စီးဖြစ်ပြီး နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာငွေအဖြစ် အကောက်ခွန် ငွေကျပ် ၅၃၅၄၅၉ သန်းကျော်၊ ကုန်သွယ်လုပ်ငန်းခွန် ငွေကျပ် ၅၁၅၈၂၄ သန်းကျော် ကောက်ခံရရှိပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါအကောက်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်များ စည်းကြပ်ကောက်ခံ၍ ထုတ်ပေးပြီးဖြစ်သည့် ယာဉ်များအနက် ယာဉ်အိုယာဉ်ဟောင်း အစားထိုးလဲလှယ်ရေးစီမံချက်အတွက် အစီး ၁၀၄၁၄၀၊ ကားအရောင်းပြခန်းများအတွက် ၈၅၄၄၆ စီး၊ သဘော်သားပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၂၈၁၈ စီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၂၈၆ စီး၊ ကုမ္ပဏီပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၇၃၀၊ ပြည်ပနေအလုပ်လုပ်ကိုင်သူများပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၄၃ စီး၊ ဟိုတယ်ခရီးဝန်ကြီးဌာနပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၁၉၉၇ စီး၊ စစ်သံအမှုထမ်းပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၁၀၈ စီးနှင့် လွတ်လပ်စွာဝယ်ယူသူပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၂၀၂၁၂၈ စီး တို့ဖြစ်ကြောင်း သိရသည်။

**(ဝင်းလှိုင်)**

# ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဒီဇင်ဘာ ၂၉**

| | | | | | | |
|---|---|---|---|---|---|---|
| ရန်ကုန် ရွှေဈေး | ၆၆၂၀၀၀ - ၆၆၃၀၀၀ | | (ခ) | ဥရောပ | တစ်ယူရို | = ၁၂၅၀.၅ |
| မန္တလေး ရွှေဈေး | ၆၆၂၃၀၀ - ၆၆၃၃၀၀ | | (ဂ) | စင်ကာပူ | တစ်ဒေါ်လာ | = ၇၇၅.၆၈ |
| **စက်သုံးဆီဈေးနှုန်း** | | | (ဃ) | တရုတ် | တစ်ယွမ် | = ၁၆၅.၁၂ |
| (က) ဒီဇယ် | တစ်လီတာ | ၇၉၀ ကျပ် | (င) | ထိုင်း | တစ်ဘတ် | = ၃၁.၁၉၇ |
| (ခ) အောက်တိန်း95 | တစ်လီတာ | ၁၀၀၀ ကျပ် | (စ) | မလေးရှား | တစ်ရင်းဂစ် | = ၂၉၄.၂၃ |
| (ဂ) အောက်တိန်း92 | တစ်လီတာ | ၇၄၀ ကျပ် | (ဆ) | အိန္ဒိယ | တစ်ရူပီး | = ၁၆.၁၅၇ |
| (ဃ) ဓာတ်ဆီ | တစ်လီတာ | ၈၁၅ ကျပ် | (ဇ) | ဂျပန် | တစ်ရာယန်း | = ၈၅၂.၉၅ |
| **နိုင်ငံခြားငွေလဲလှယ်နှုန်း** | | | (ဈ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၉၃.၃၅၄ |
| (က) အမေရိကန် | တစ်ဒေါ်လာ | = ၁၀၂၇.၀ | (ည) | ဩစတြေးလျ | တစ်ဒေါ်လာ | = ၈၃၃.၇၁ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**



## ပြည်တွင်းရေးရာ



○ **ရှေ့ဖုံးမှ**
ဖြည့်ဆည်းပေးနိုင်ရန် ဘတ်ဂျက်ကို တိုးမြှင့်ခွင့်ပြုပေးလျက်ရှိကြောင်း၊ သို့ရာတွင် ပညာရေးစသည့်အခြားကဏ္ဍများအတွက်လည်း ထည့်သွင်းစဉ်းစားသွားရမည်ဖြစ်ကြောင်း၊ ကုသရေးကိစ္စများအတွက် နိုင်ငံတကာစံနှုန်းများနှင့်ကိုက်ညီအောင် ဆောင်ရွက်ရာတွင် ရေရှည်စီမံကိန်းများရေးဆွဲဆောင်ရွက်သွားရန်လိုကြောင်း၊ စီမံကိန်းများရေးဆွဲရာတွင် ဝန်ကြီးဌာနများ တစ်ခုနှင့်တစ်ခု ချိတ်ဆက်ပြီး ပေါင်းစပ်ညှိနှိုင်း အကောင်အထည်ဖော်သွားရမည်ဖြစ်ကြောင်း၊ အချို့သောကိစ္စရပ်များတွင် သက်ဆိုင်ရာတိုင်းဒေသကြီး အစိုးရအဖွဲ့သို့တင်ပြပြီး ဆောင်ရွက်သွားရန်လိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် ခုတင်(၅၀၀)ဆံ့ အထူးကုဆေးရုံကြီးရှိ ဆီးနှင့်ကျောက်ကပ်ခွဲစိတ်အထူးကုဌာနနှင့် အသည်းနှင့် သည်းခြေလမ်းကြောင်းခွဲစိတ်ကုပညာဌာနများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လူနာများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးသည်။

ထို့နောက် ဒုတိယသမ္မတသည် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ခုတင်(၁၅၀၀)ရှိ တိုးချဲ့ ငါးထပ်ဆောင်အသစ် တည်ဆောက်ပြီးစီးမှုအခြေအနေနှင့် လူနာဆောင်များ ပြင်ဆင်ထားရှိမှု၊ ဆေးရုံကြီး၏ ပင်မဆောင်ပြုပြင်မွမ်းမံခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ ဆေးရုံကြီးအတွင်းရှိ စားသောက်ဆိုင်ခန်းများနေရာချထားမှုနှင့် အရေးပေါ်နှင့် ပြင်ပလူနာဌာန မွမ်းမံပြင်ဆင်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ **(သတင်းစဉ်)**

**ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ခုတင်(၅၀၀)ဆံ့ အထူးကုဆေးရုံကြီး၌ တက်ရောက်ဆေးကုသမှုခံယူနေသော လူနာများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစဉ်။** (သတင်းစဉ်)

❁ **စစ်ကိုင်းမြို့မှ**
သူတွေက ဆင်တွေငှားပြီး အလှူလှည့်ကြတယ်။ တကယ်ကို ခမ်းခမ်းနားနား လှူကြတာကို တွေ့ရတယ်။ အလှူတစ်လှူမှာ ရွှေလှည်းယဉ်အစီး နှစ်ဆယ်လောက်လည်း ပါတယ်။ နိုင်ငံခြားသားခရီးသွားဧည့်သည်တွေက အလှူလှည့်ရာနောက်ကို တကောက်ကောက်လိုက်ပြီး ကြည့်ကြတယ်။ ဓာတ်ပုံရိုက်ကြတယ်။ သားရှင်ပြုပွဲကို တစ်သက်မှတစ်ခါ လှူရတာဆိုပြီး ငွေသိန်းရာကျော် အကုန်ခံပြီးလှူကြတယ်"ဟု စစ်ကိုင်းမြို့ ပန်းဘဲတန်းရပ်ကွက်မှ ကိုအောင်က ပြောပြသည်။

စစ်ကိုင်းမြို့နယ်သည် ကျောက်စိမ်းပုတီးလုပ်ငန်းဖြင့် စီးပွားရေးအဆင်ပြေသူများ ပေါများသဖြင့် သားရှင်ပြုပွဲများကို အပြိုင်အဆိုင်၊ တခမ်းတနား ကျင်းပလျက်ရှိကြကြောင်း သိရသည်။ အချို့မှာ မြေယာဈေးနှုန်းများ ကြီးမြင့်လာမှုကြောင့် မြေယာများကို သိန်းထောင်နှင့်ချီ၍ ရောင်းချကြကာ အလှူကြီးများပေးကြသည်။ မြေယာဈေးကောင်းသည့်ကျေးရွာများတွင် တစ်နှစ်လျှင် အလှူပွဲ ၃၀ ဝန်းကျင် ကျင်းပလေ့ရှိကြောင်း သိရသည်။

**(နန္ဒာမင်းလွင်)**

■

# ဘီးလင်းမြို့နယ်၌ လူမှုဖူလုံရေးဆေးခန်းသစ်ဖွင့်

**နေပြည်တော် ဒီဇင်ဘာ ၂၉**

လူမှုဖူလုံရေးဆေးခန်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၆ ရက် နံနက် ၉ နာရီခွဲတွင် မွန်ပြည်နယ် ဘီးလင်းမြို့နယ်၌ကျင်းပရာ လူမှုဖူလုံရေးအဖွဲ့ဥက္ကဋ္ဌ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်ဝင်းမော်ထွန်း၊ မွန်ပြည်နယ် ဘဏ္ဍာရေးဝန်ကြီး ဒေါက်တာခင်မောင်သွင်နှင့် တာဝန်ရှိသူတို့က ဆေးခန်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီး ဒေါ်ဝင်းမော်ထွန်းက ဘီးလင်းမြို့နယ်ရှိ အာမခံအလုပ်သမားများ ကျန်းမာရေးစောင့်ရှောက်မှုအား လွယ်ကူလျင်မြန်စွာရရှိနိုင်ရေးအတွက် ယခုဆေးခန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ လူမှုဖူလုံရေးအဖွဲ့အနေဖြင့် အဖွဲ့ပိုင်ဆေးခန်းများ တိုးချဲ့ခြင်းများအပြင် ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများနှင့် သဘောတူစာချုပ်ချုပ်ဆိုနိုင်ရေး ကြိုးစားလျက်ရှိကြောင်းနှင့် လက်ရှိဆေးကုသပေးမှုများ၊ အကျိုးခံစားခွင့်များ ခွင့်ပြုထုတ်ပေးနေမှုများနှင့် လူမှုဖူလုံရေးအဖွဲ့အနေဖြင့် ရှေ့ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် မွန်ပြည်နယ် သစ်တောနှင့် သတ္တုတွင်းဝန်ကြီး ဦးဝင်းမော်ဦးက လူမှုဖူလုံရေးဆေးခန်းသစ်ဖွင့်လှစ်ပေးသည့်အတွက် ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(ကြေးမုံ)**

## ပြင်ဆင်ဖတ်ရှုပါရန်

ဒီဇင်ဘာ ၂၉ ရက်ထုတ် ကြေးမုံသတင်းစာရှေ့ဖုံးတွင် ဖော်ပြထားသော နေပြည်တော် ဗုဒ္ဓဂယာတွင် တည်ထားကိုးကွယ်မည့် ရုပ်တော်မူဘုရားကြီးသတင်းတွင် "နေပြည်တော် ဗုဒ္ဓဂယာတွင် တည်ထားကိုးကွယ်မည့်" အစား "နေပြည်တော် မောင့်ပုလဲဆင့် ဟိုတယ်အနီး အောင်ဇေယျတောင်ညွန့်၌ တည်ထားကိုးကွယ်မည့်"ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**(စာတည်းအဖွဲ့)**

# ဝက်သက်၊ ဂျိုက်သိုး အစုလိုက်ကာကွယ်ဆေးထိုးနှံရေး နှိုးဆော်ချက်

✳ ဝက်သက်ရောဂါသည် အလွန်ကူးစက်မြန်သော ရောဂါတစ်မျိုးဖြစ်သည်။ ကာကွယ်ဆေးမထိုးဖူးသော၊ ထိုးဖူးသော်လည်း ခုခံအားမဖြစ်ပေါ်သောမည်သူမဆိုရောဂါကူးစက်ခံရနိုင်ပါသည်။ ဝက်သက်ရောဂါကာကွယ်ဆေးမထိုးထားသော ကလေးငယ်များသည် ဝက်သက်ရောဂါနှင့် နောက်ဆက်တွဲဖြစ်သော အဆုတ်ရောင်ခြင်း၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောခြင်း၊ မျက်စိကွယ်ခြင်းနှင့် ဦးနှောက်ရောင်ခြင်းများဖြစ်ပွားကာ အသက်ဆုံးရှုံးနိုင်ပါသည်။

✳ ဂျိုက်သိုးရောဂါသည် ကိုယ်ဝန်ဆောင် လနုစဉ်တွင် ရောဂါကူးစက်ဝင်ရောက်ပါက မိခင်ရောကလေးပါ ဆိုးရွားပြင်းထန်သောအန္တရာယ်ဖြစ်စေပါသည်။ ကိုယ်ဝန်ဆောင်ချိန်တွင် ရောဂါကူးစက်ခံရပါက ကိုယ်ဝန်ပျက်ခြင်း၊ ကလေးသေဆုံးခြင်း၊ မွေးရာပါဂျိုက်သိုးရောဂါ လက္ခဏာများဖြစ်သော မွေးရာပါနှလုံးရောဂါ၊ မျက်စိအတွင်းတိမ်ရောဂါ၊ နားမကြားရောဂါ စသည့်နောက်ဆက်တွဲ ဆိုးကျိုးများဖြစ်လာနိုင်ပါသည်။

✳ ၂၀၁၅ ခုနှစ်တွင် ဝက်သက်ရောဂါ ကပ်အသွင်ဖြစ်ပွားမှုကို ကြိုတင်တားဆီးရန်အတွက်နှင့် အာရှဒေသအတွင်း ဝက်သက်ရောဂါကင်းစင်စေရန်နှင့် ဂျိုက်သိုးရောဂါထိန်းချုပ်မှုဆောင်ရွက်နိုင်ရန် ဝက်သက်ရောဂါနှင့် ဂျိုက်သိုးရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းလုပ်ငန်းကို ၂၀၁၅ ခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလများတွင် အစီအစဉ်နှစ်ခုဖြင့် ဆောင်ရွက်မည်ဖြစ်ပါသည်။

✳ ပထမအစီအစဉ်ကို ဇန်နဝါရီလအတွင်း အသက်(၅)နှစ်မှ (၁၅)နှစ်အရွယ်ရှိ အစိုးရကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ ကျောင်းသား ကျောင်းသူများကို ကာကွယ်ဆေးထိုးပေးမည်ဖြစ်ပါသည်။

✳ ဒုတိယအစီအစဉ်ကို ဖေဖော်ဝါရီလအတွင်း အသက်(၉)လမှ (၅)နှစ်အတွင်း ကလေးငယ်များ၊ အသက်(၅)နှစ်မှ (၁၅)နှစ်အတွင်း ကျောင်းမနေသော ကလေးများနှင့် ကျောင်းအခြေပြု ကာကွယ်ဆေးထိုးအစီအစဉ်တွင် ကာကွယ်ဆေးမထိုးလိုက်ရဘဲ ကျန်ခဲ့သောကလေးများအားလုံးကို အစုလိုက် ကာကွယ်ဆေးထိုးပေးမည်ဖြစ်ပါသည်။

✳ အဆိုပါကာကွယ်ဆေး အစုလိုက်ထိုးနှံပြီးပါက ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်၌ အသက်(၉)လအရွယ်တွင် ဝက်သက်ကာကွယ်ဆေးထိုးနှံပေးသည့်အစား ဝက်သက်နှင့် ဂျိုက်သိုးရောဂါကာကွယ်ဆေးနှစ်မျိုးတွဲဆေးကို ပြောင်းလဲထိုးနှံပေးပါမည်။

✳ ယခင်က ဝက်သက်နှင့် ဂျိုက်သိုးရောဂါကာကွယ်ဆေးထိုးဖူးသည်ဖြစ်စေ၊ မထိုးဖူးသည်ဖြစ်စေ အသက်(၉)လမှ (၁၅)နှစ် ကလေးများအားလုံးတွင် ကာကွယ်ဆေးထိုးပေးရန် လိုအပ်ပါသည်။

✳ မိဘပြည်သူများအနေဖြင့် မိမိ၏ရင်သွေးကလေးငယ်များအား သတ်မှတ်ဆေးထိုးစုရပ်များတွင် ဆေးထိုးခံယူခြင်းဖြင့် ကလေးငယ်များကို ဝက်သက်ရောဂါနှင့် ဂျိုက်သိုးရောဂါဘေးမှ ကာကွယ်ကြပါရန် ကျန်းမာရေးဝန်ကြီးဌာနမှ တိုက်တွန်းအပ်ပါသည်။

**(ကျန်းမာရေးဝန်ကြီးဌာန)**



# ပျောက်ဆုံးအဲအေးရှားလေယာဉ် ပင်လယ်ထဲပျက်ကျဖွယ်ရှိ



**ဂျကာတာ ဒီဇင်ဘာ ၂၉**

ပျောက်ဆုံးလျက်ရှိသည့် အဲအေးရှားလေယာဉ် ရှာဖွေမှုမှာ ဒုတိယနေ့အထိ အခြေအနေ ထူးခြားမှုမရှိဘဲ လေယာဉ်သည် ပင်လယ်ထဲပျက်ကျသွားဖွယ်ရှိကြောင်း အင်ဒိုနီးရှား ကယ်ဆယ်ရေးအဆင့်မြင့်အရာရှိတစ်ဦးက ပြောကြားသည်။

“လေယာဉ်ပျံသန်းမှုလမ်းကြောင်းရယ်၊ လေယာဉ်နဲ့ နောက်ဆုံးအဆက်အသွယ်ရတဲ့ တည်နေရာတွေကို အခြေခံပြီး ကျွန်တော်တို့ရဲ့ ကနဦးခန့်မှန်းသုံးသပ်ချက်တွေအရတော့ လေယာဉ်ဟာ ပင်လယ်ထဲပျက်ကျပြီး ပင်လယ်ကြမ်းပြင်အောက်ခြေထိ ရောက်နေတာ ဖြစ်နိုင်ပါတယ်”ဟု အင်ဒိုနီးရှား အမျိုးသားကယ်ဆယ်ရေးနှင့် ရှာဖွေရေးအေဂျင်စီဥက္ကဋ္ဌ ဘမ်ဘန်းဆူလစ္စတိုက သတင်းထောက်များကို ပြောကြားသည်။

သို့သော်လည်း ရှာဖွေနေသူများမှာ လေယာဉ်မည်သည့်နေရာတွင် ရောက်ရှိနေသည်ကို အတိအကျ မသိရသေးသကဲ့သို့ ရေအောက်ရှာဖွေရေးအတွက် အခြားနိုင်ငံများမှ အကူအညီများလိုအပ်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အဲအေးရှားလေကြောင်းလိုင်းမှ လေယာဉ်အမှတ် QZ8501 သည် လူ ၁၆၂ ဦးလိုက်ပါလျက် အင်ဒိုနီးရှားနိုင်ငံ ဆူရာဘာရာမြို့မှ စင်ကာပူနိုင်ငံသို့ ပျံသန်းစဉ် အင်ဒိုနီးရှားလေပိုင်နက်အတွင်း ပျောက်ဆုံးသွားခဲ့ခြင်းဖြစ်သည်။ ပျောက်ဆုံးနေသည့် လေယာဉ်ကို အင်ဒိုနီးရှားနိုင်ငံက ဦးဆောင်ပြီး သင်္ဘောများ၊ လေယာဉ်များ၊ ဂျက်လေယာဉ်များဖြင့် ရှာဖွေလျက်ရှိသည်။

တနင်္ဂနွေနေ့က လေယာဉ်ရှာဖွေမှုတွင် ရေပြင်၌ လှိုင်းလုံးကြီးများနှင့် ကောင်းကင်တွင် တိမ်ထူထပ်နေသည့်အတွက် အဆင်မပြေဖြစ်ခဲ့ရသလို တနင်္လာနေ့ရှာဖွေမှုတွင်လည်း ရာသီဥတုအခြေအနေက ဆိုးရွားနေခဲ့ပြန်သည်။ သို့သော် အင်ဒိုနီးရှား ဒုတိယသမ္မတ ဂျူဆက်ဖ်ကာလာက အင်ဒိုနီးရှားနိုင်ငံအနေဖြင့် ရှာဖွေမှုကို လက်လျှော့မည်မဟုတ်သကဲ့သို့ အချိန်အကန့်အသတ်မရှိ ရှာဖွေသွားမည်ဟု ပြောကြားသည်။

ယခုလောလောဆယ် အင်ဒိုနီးရှားနိုင်ငံနှင့် ပူးပေါင်းကာ စင်ကာပူ၊ မလေးရှား၊ ဩစတြေးလျနိုင်ငံတို့က သင်္ဘောများနှင့်လေယာဉ်များ အကူအညီပေးရှာဖွေလျက်ရှိသည်။ အမေရိကန်နိုင်ငံ၏ သတ္တမမြောက် ရေတပ်သင်္ဘောအုပ်စုကလည်း အကူအညီပေးရန် အဆင်သင့်ရှိသည်ဟု ဆိုသည်။

အင်ဒိုနီးရှားနိုင်ငံကလည်း ဗြိတိန်၊ပြင်သစ်နှင့် အမေရိကန်နိုင်ငံတို့ထံ အသံလှိုင်းဖြင့် ရေအောက်အရာဝတ္ထုတို့၏ တည်နေရာကိုရှာဖွေသော ဆိုနာနည်းပညာနှင့် ပတ်သက်၍ အကူအညီပေးရန်တောင်းခံထားကြောင်း ဆူလစ္စတိုက ပြောကြားသည်။

“ ကျွန်မတို့အနေနဲ့ သတင်းတွေကို စောင့်မျှော်နေရုံကလွဲပြီး ဘာလုပ်လို့ ဘာကိုင်ရမှန်းကို မသိပါဘူးရှင်” ဟု လေယာဉ်ပေါ်ပါ ခရီးသည်များ၏ ဆွေမျိုးတစ်ဦးဖြစ်သူ အမျိုးသမီးတစ်ဦးက ပြောကြားသည်။

**စီအင်န်အင်န်။**

## ပြည်ပသို့တပ်ဖွဲ့ စေလွှတ်ရေး ဥပဒေရေးဆွဲရန် ဂျပန်အစိုးရအဖွဲ့ နှင့် အယ်လ်ဒီပီပါတီ ပြင်ဆင်

**တိုကျို ဒီဇင်ဘာ ၂၉**

ပြည်ပသို့ ငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့ဝင်များအား စေလွှတ်နိုင်စေရန် လည်းကောင်း၊ မဟာမိတ်တပ်ဖွဲ့များအား အကူအညီပေးနိုင်ရန်လည်းကောင်း ဥပဒေသစ်တစ်ရပ်ရေးဆွဲနိုင်ရန် ဂျပန်အစိုးရအဖွဲ့နှင့် အာဏာရပါတီတို့က စီစဉ်လျက်ရှိကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဒီဇင်ဘာ ၂၉ ရက်တွင် သတင်းထုတ်ပြန်သည်။

ဒုတိယကမ္ဘာစစ်ကာလ ဂျပန်တပ်ဖွဲ့၏ ပြုမူဆောင်ရွက်ခဲ့မှုနှင့်ပတ်သက်၍ အိမ်နီးချင်းနိုင်ငံများနှင့် ဆက်ဆံရေး အဖုအထစ်ရှိခဲ့ခြင်းကြောင့် ပြည်ပသို့ တပ်ဖွဲ့များစေလွှတ်ခြင်းဆိုင်ရာ ဥပဒေသစ်ရေးဆွဲနိုင်ရန် ဂျပန်နိုင်ငံ၏ လှုပ်ရှားမှုသည် တင်းမာမှုများ ဖြစ်ပေါ်လာနိုင်ကြောင်း ဂျပန်နိုင်ငံတွင်ထုတ်ဝေသော နီကေးအမည်ရှိ သတင်းစာက ရေးသားဖော်ပြသည်။

ဂျပန်တပ်ဖွဲ့ဝင်များအား ပြည်ပသို့စေလွှတ်နိုင်ရေးအတွက် လိုအပ်သည့်ဥပဒေကို လာမည့်နှစ်အစောပိုင်းတွင် ရေးဆွဲရန် ဝန်ကြီးချုပ် ရှင်ဇိုအာဘေး၏ အစိုးရအဖွဲ့နှင့် ၎င်း၏လစ်ဘရယ်ဒီမိုကရက်တစ်ပါတီတို့က စီစဉ်လျက်ရှိကြောင်း နီကေးသတင်းစာက ရေးသားဖော်ပြသည်။

လက်ရှိစနစ်အရ ဂျပန်တပ်ဖွဲ့များကို ပြည်ပသို့ စေလွှတ်လိုပါက စေလွှတ်ရန်အစီအစဉ်တစ်ခုချင်းစီအတွက် လွှတ်တော်၏သဘောတူညီချက်ကို သီးသန့်ရယူခဲ့သည်။

အသစ်ရေးဆွဲမည့် ဥပဒေအရ ဂျပန်တပ်ဖွဲ့များသည် မဟာမိတ် နိုင်ငံတကာတပ်ပေါင်းစုနှင့် အမေရိကန်တပ်ဖွဲ့တို့အတွက် ထောက်ပံ့နှင့် ပို့ဆောင်ရေးလုပ်ငန်းအရ အကူအညီပေးနိုင်မည်ဖြစ်ကြောင်း၊ ဥပဒေသစ်ကို အတည်ပြုနိုင်ရေးအတွက် လစ်ဘရယ်ဒီမိုကရက်တစ်ပါတီအနေဖြင့် ညွန့်ပေါင်းအဖွဲ့မှ မဟာမိတ်ပါတီဖြစ်သော ကိုမေတိုးပါတီ၏ ထောက်ခံမှုရရှိရန် ဆွဲဆောင်ရလိမ့်မည် ဖြစ်ကြောင်း သတင်းစာက ရေးသားဖော်ပြသည်။

**ပီတီအိုင်။**



## မီးလောင်နေသော ဂရိကူးတို့သင်္ဘောပေါ်တွင် လူ ၂၀၀ နီးပါးရှိနေဆဲဟုဆို

**ဘာရီ (အီတလီ) ဒီဇင်ဘာ ၂၉**

အက်ဒရီရေးတစ်ပင်လယ်ပြင်၌ မီးလောင်မှုဖြစ်ပွားခဲ့သော ဂရိကူးတို့သင်္ဘောမှ ကယ်တင်လာခဲ့သော ခရီးသည် ၄၉ ဦးနှင့်အတူ ကုန်သင်္ဘောတစ်စင်းသည် အီတလီနိုင်ငံ ဘာရီဆိပ်ကမ်းသို့ ယနေ့ ရောက်ရှိလာခဲ့သည်။

၎င်းတို့သည် ကုန်းမြေပေါ်သို့ ပထမဆုံးရောက်ရှိလာသည့် ခရီးသည်အုပ်စုဖြစ်သည်။ အီတလီနှင့် အယ်လ်ဘေးနီးယားအကြား လှိုင်းလေကြမ်းတမ်းသော ပင်လယ်ပြင်အတွင်း မီးခိုးများဖုံးအုပ်၍ မျောနေသော သင်္ဘောပေါ်တွင် လူ ၂၀၀ နီးပါး ကျန်ရှိနေသေးသည်။

အီတလီနှင့်ဂရိရေတပ်သင်္ဘောများ၊ ကမ်းခြေစောင့်တပ်မှ သင်္ဘောများနှင့် ရဟတ်ယာဉ်များက ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ရဟတ်ယာဉ်များသည် မီးလောင်နေသော သင်္ဘောပေါ်မှ ခရီးသည်များကို ကယ်ထုတ်၍ အနီး၌ အသင့်စောင့်ဆိုင်းနေကြသော ကုန်သင်္ဘောများပေါ်သို့ ပို့ဆောင်ပေးကြသည်။ ကယ်ဆယ်ရေးဆောင်ရွက်စဉ် တစ်ဦးသေဆုံး၍ အခြားနှစ်ဦးဒဏ်ရာရရှိခဲ့သည်။

“စပရစ်အော့ဖ်ပိုင်ရာအီးယ်ပ်စ်” အမည်ရှိ သင်္ဘောသည် လွတ်မြောက်လာသူ ၄၉ ဦးကို ခေါ်ဆောင်လာပြီး ဂရင်းနစ်စံတော်ချိန် ၆နာရီ၃၀ တွင် ဘာရီဆိပ်ကမ်းသို့ ဆိုက်ကပ်ခဲ့သည်။

ကုန်းပတ်ပေါ်တွင် ခရီးသည်များနှင့် သင်္ဘောသားများက သင်္ဘောပေါ်မှ ကွန်တိန်နာများ ချနေသည်ကို စောင့်ကြည့်နေကြပြီး ရုပ်/သံရိုက်ကူးသူများနှင့် ဆွေမျိုးများက ကုန်းပတ်အောက်တွင် စုဝေးနေကြသည်။ ဆရာဝန်များက ကလေးလေးဦး အပါအဝင် ခရီးသည်များ၏ ကျန်းမာရေးကို စစ်ဆေးရန် ကုန်းပတ်ပေါ်သို့ တက်ကြသည်။

ခရီးသည် ၄၂၂ ဦးနှင့် သင်္ဘောသား ၅၆ ဦးပါ အီတလီအလံ လွှင့်ထူထားသော “နော်မန်အတ္တလန္တိတ်”၏ ကားကုန်းပတ်ပေါ်တွင် တနင်္ဂနွေနေ့ အရုဏ်မတက်မီ မီးလောင်ခဲ့ခြင်းဖြစ်သည်။ မိုးသီးမိုးပေါက်များကျနေချိန်တွင် ခရီးသည်များသည် တစ်နေ့လုံး၊ တစ်ညလုံး သင်္ဘော၏ အထက်ကုန်းပတ်များပေါ်သို့ စုပြုံတိုးဝှေ့ကြပြီး မီးခိုးလုံးများကြားမှ ကြိုးစားအသက်ရှူကြရသည်။

တနင်္လာနေ့ စောစောပိုင်းအထိ ၃၁၆ ဦးကို ကယ်တင်ပေးနိုင်ခဲ့ပြီး သင်္ဘောပေါ်၌ ၁၆၁ ဦး ကျန်ရှိသေးကြောင်း ဂရိ ကုန်သွယ်ရေကြောင်း ဝန်ကြီးကပြောကြားသည်။

**အေပီ။**

## ဘိုကိုဟာရမ်စစ်သွေးကြွများအား လေကြောင်းမှ ပထမဆုံးတိုက်ခိုက်

**ယောင်ဒေး ဒီဇင်ဘာ ၂၉**

ကင်မရွန်းနိုင်ငံအတွင်းရှိ စစ်အခြေစိုက် စခန်းတစ်ခုနှင့် ကျေးရွာသား ငါးဦးသေဆုံးခဲ့သော တိုက်ခိုက်မှုတစ်ရပ်အား နိုင်ဂျီးရီးယား နိုင်ငံ အခြေစိုက် ဘိုကိုဟာရမ် စစ်သွေးကြွအုပ်စုက လုပ်ဆောင်ခဲ့ပြီးနောက်တွင် ကင်မရွန်းအစိုးရလေတပ်က အဆိုပါစစ်သွေးကြွများအား လေကြောင်းမှ စီးနင်းတိုက်ခိုက်မှုကို ဒီဇင်ဘာ ၂၉ ရက်တွင် ပထမဆုံးအကြိမ်ပြုလုပ်ခဲ့ကြောင်း ကင်မရွန်းစစ်ဘက်ပြောရေးဆိုခွင့် ရှိသူက ပြောကြားသည်။

အဆိုပါအခြေစိုက်စခန်းအား သိမ်းပိုက်ထားသည့် စစ်သွေးကြွများအား ကင်မရွန်းစစ်ဘက်က တိုက်ခိုက်မောင်းနှင်ကာ ပြန်လည်ရယူထိန်းချုပ်ခဲ့ကြောင်း ၎င်းက ပြောကြားသည်။

ဒေသဆိုင်ရာ သတင်းဌာနများ၏ ဖော်ပြချက်တွင် ယင်းတိုက်ခိုက်မှုကြောင့် စစ်သွေးကြွဦးရေ ၃၀ ထက်မနည်းသေဆုံးခဲ့ကြောင်း ဖော်ပြခဲ့သော်လည်း ကင်မရွန်းစစ်ဘက်ပြောရေးဆိုခွင့်ရှိသူက အတည်ပြုပြောကြားခြင်း မရှိပေ။

နိုင်ဂျီးရီးယားနိုင်ငံ အခြေစိုက် ဘိုကိုဟာရမ် စစ်သွေးကြွ လက်နက်ကိုင်အဖွဲ့ဝင်များက နိုင်ဂျီးရီးယားနှင့် ကင်မရွန်းနှစ်နိုင်ငံ နယ်စပ်ဒေသတွင် စီးနင်းတိုက်ခိုက်မှုများအား တိုးမြှင့်လုပ်ဆောင်နေခြင်းကြောင့် ကင်မရွန်းနိုင်ငံ၏ လုံခြုံရေးအခြေအနေကို ခြိမ်းခြောက်နေလျက်ရှိသည်။

နောက်ဆုံးအကြိမ်ဖြစ်ပွားခဲ့သော တိုက်ခိုက်မှုများကြောင့် တင်းမာမှုအရှိန်ကို ပိုမိုမြင့်တက်စေခဲ့ပြီး နိုင်ဂျီးရီးယားနှင့် ကင်မရွန်းနိုင်ငံအကြား ရှေ့တန်းစခန်းအချို့တွင် သုံးရက်ကြာတိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ကြောင်း သတင်းများ ရရှိသည်ဟု ကင်မရွန်းနိုင်ငံ ယောင်ဒေးမြို့မှ ဘီဘီစီသတင်းထောက်က ပြောကြားသည်။

အဖွဲ့ဝင် ၁၀၀၀ ခန့်မျှရှိသော ဘိုကိုဟာရမ် စစ်သွေးကြွတပ်ဖွဲ့ဝင်များက ကင်မရွန်းနိုင်ငံသားငါးဦးအား သတ်ဖြတ်ခဲ့ပြီး ယင်းဒေသအတွင်းရှိ ကင်မရွန်းစစ်အခြေစိုက်စခန်းတစ်ခုအား သိမ်းယူခဲ့သည်။

**ဘီဘီစီ။**

# အာဖဂန်စစ်ပွဲ ပြီးဆုံးခြင်းမှာ အောင်မြင်မှုတစ်ခုဟု အိုဘားမားမှတ်ချက်ပြု

**ဝါရှင်တန် ဒီဇင်ဘာ ၂၉**

အမေရိကန်သမ္မတ အိုဘားမားက အမေရိကန်၏ အရှည်ကြာဆုံးစစ်ပွဲဖြစ်သည့် အာဖဂန်စစ်ပွဲတွင် အသက်ပေးလှူခဲ့သည့် အမေရိကန်နိုင်ငံသားများအတွက် ဂုဏ်ယူပါကြောင်း၊ တာလီဘန်တို့ကို ချေမှုန်းရန်အတွက် အာဖဂန်နစ္စတန်နိုင်ငံတွင် ကျန်ရှိနေသေးသည့် အမေရိကန်စစ်တပ်၏ တာဝန်များကို အာဖဂန်နိုင်ငံသို့ လွှဲပေးကာ အမေရိကန်တပ်ဖွဲ့ဝင်များအားလုံးကို မိခင်နိုင်ငံသို့ ပြန်လည်ခေါ်ယူရေးမှာ အောင်မြင်မှုရှိခဲ့ပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။

“အာဖဂန်စစ်ပွဲဟာ ၁၃ နှစ်ကျော်ကြာမြင့်ခဲ့ပါတယ်။၉/၁၁ တိုက်ခိုက်မှုက အပြစ်မဲ့ပြည်သူ ၃၀၀၀နီးပါးကို သေကျေပျက်စီး စေခဲ့တယ်။ဒါ့ကြောင့် ကျွန်တော်တို့နိုင်ငံက အာဖဂန်မှာ စစ်ပွဲဆင်နွှဲခဲ့ရတယ်”ဟု အိမ်ဖြူတော်က ထုတ်ပြန်တဲ့ ထုတ်ပြန်ချက်မှာ အိုဘားမားက ပြောကြားခဲ့သည်။ ဆက်လက်၍ “ အခုအချိန်မှာ ကျွန်တော်တို့နိုင်ငံအတွက် တိုက်ပွဲဝင်ပေးခဲ့ကြတဲ့ နိုင်ငံသူနိုင်ငံသားအားလုံးကို ကျေးဇူးတင်ပါတယ်။ အာဖဂန်နစ္စတန်မှာ ကျွန်တော်တို့ရဲ့တိုက်ပွဲ အဆုံးသတ်ပါပြီ။ အမေရိကန်နိုင်ငံရဲ့ သမိုင်းမှာ အရှည်ကြာဆုံးစစ်ပွဲအဆုံးသတ်ဖို့ ကျွန်တော်တို့မှာ တာဝန်ရှိပါတယ်” ဟု ပြောကြားခဲ့သည်။

**(ဝါရှင်တန်ပို့စ်)**

# ၂၀၁၄ ခုနှစ်အတွင်း လူသားများကို ဆိုးကျိုးများစွာပေးခဲ့သောသဘာဝဘေးအန္တရာယ်များ

သဘာဝဘေးအန္တရာယ်များကို ကြိုတင်မှန်းဆ၍မရနိုင်ပေ။ သဘာဝဘေးအန္တရာယ်များကြောင့် လူသားတို့၏ အသက်နှင့်စည်းစိမ်ဥစ္စာကို ချိန်ခါမရွေးပျက်စီးစေနိုင်သည်။ ကမ္ဘာပေါ်ရှိ လူသားတို့အား နှစ်စဉ်ဒုက္ခပေးလျက်ရှိသော သဘာဝဘေးအန္တရာယ်ဆိုး များစွာရှိသည့်အနက် လျှင်လှုပ်ခတ်မှု၊ ရေကြီးရေလျှံမှု၊မီးတောင်ပေါက်ကွဲမှု၊ မြေပြိုကျမှုများနှင့် ဟာရီကိန်းမုန်တိုင်းတို့သည် ဆယ်စုနှစ်တစ်စုအတွင်း အဖြစ်များသော သဘာဝဘေးအန္တရာယ်များပင်ဖြစ်သည်။

၂၀၁၄ခုနှစ်အတွင်း ကမ္ဘာတစ်ဝန်းတွင် ဖြစ်ပွားခဲ့သော ဘေးအန္တရာယ်များအနက် လူအသေအပျောက်အများဆုံးနှင့်အပျက်အစီးအများဆုံးဖြစ်စေခဲ့သော သဘာဝဘေးအန္တရာယ်များကို စုစည်းတင်ပြလိုက်ပါသည်။

၂၀၁၄ခုနှစ် ဩဂုတ်လ ၃ရက်နေ့တွင် တရုတ်နိုင်ငံ ယူနန်ပြည်နယ်၏ လူဒီယမ်နယ်မြေ၌ ရစ်ချ်တာစကေး ၆ ဒသမ ၁ ပြင်းအားရှိသော ငလျင်တစ်ခုလှုပ်ခတ်ခဲ့ရာ လူပေါင်း ၆၁၇ဦးသေဆုံးခဲ့ပြီးအနည်းဆုံး လူ၂၄၀၀ ထိခိုက်ဒဏ် ရာရရှိခဲ့သည်။ ထိုငလျင်သည် ၁၄နှစ်အတွင်း ယူနန်ပြည်နယ်တွင် လှုပ်ခတ်ခဲ့သောငလျင်များအနက် အဆိုးရွားဆုံးဖြစ်သည်။

စက်တင်ဘာ ၂၄ရက်တွင် အိန္ဒိယနှင့်ပါကစ္စတန်နိုင်ငံတို့၌ ဖြစ်ပွားခဲ့သော ရေလွှမ်းမိုးမှုကြောင့် အနည်းဆုံးလူပေါင်း ၅၅၇ဦးသေဆုံးခဲ့သည်။ အိန္ဒိယနိုင်ငံရှိ ဂျမူးနှင့်ကက်ရှ်မီးယားဒေသများနှင့် ပါကစ္စတန်နိုင်ငံရှိ ဂျေဂျစ်ဘော်တီစတန်နှင့် ပန်ဂျပ်ပြည်နယ်တို့တွင် ရေကြီးမှုဒဏ်ကို အဆိုးရွားဆုံးခံခဲ့ရသည်။ အဆိုပါ ရေကြီးမှုကြောင့် အိန္ဒိယ နိုင်ငံတွင် လူပေါင်း ၂၇၇ဦးနှင့် ပါကစ္စတန်နိုင်ငံတွင် ၂၈၀ သေဆုံးခဲ့ရသည်။

ဩဂုတ်လ ၂ရက်တွင် နီပေါနိုင်ငံ စင်ဟုပါချောက်ခရိုင်နယ်မြေ၌ ဖြစ်ပွားခဲ့သော မြေပြိုမှုကြောင့် လူပေါင်း ၁၅၆ဦးသေဆုံးခဲ့သည်။ ထိုမြေပြိုမှုဖြစ်ပွားပြီးနောက် ဘီဟာအစိုးရက အိန္ဒိယနိုင်ငံ ကိုရှီးဒေသတစ်လျှောက်ရှိ ခရိုင်နယ်မြေများတွင် အရေးပေါ်အခြေအနေကို ထုတ်ပြန်ကြေညာခဲ့သည်။

ဇူလိုင် ၃၀ရက်တွင် အိန္ဒိယနိုင်ငံ ပူနီမြို့ရှိ မလင်းရွာ၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေပြိုကျမှု ဖြစ်ပွားခဲ့ရာ အနည်းဆုံးလူ ၁၀၀ ကျော်သေဆုံးခဲ့သည်။ ဩဂုတ် ၂၀ရက် ဂျပန်နိုင်ငံ ဟီရိုရှီးမားမြို့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့်မြေပြိုမှုများဖြစ်ပွားခဲ့ရာ လူပေါင်း ၇၄ဦးသေဆုံးခဲ့ရသည်။ ဖေဖော်ဝါရီ ၉ရက်တွင် ဘူရွန်ဒီနိုင်ငံ၏မြို့တော် ဘူဂျန်ဘူရာနှင့် အိမ်နီးချင်းခရိုင်နယ်မြေများ၌ ရေလွှမ်းမိုးမှုနှင့် မြေပြိုမှုများဖြစ်ပွားခဲ့ရာ လူပေါင်း ၆၀ကျော်သေဆုံးခဲ့ရပြီး အပျက်အစီးများစွာဖြစ်စေခဲ့သည်။ နိုဝင်ဘာလ ၁၀ရက် ကိုလံဘီယာနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများနှင့်မြေပြိုမှုများဖြစ်ပွားခဲ့ရာ လူပေါင်း ၃၈ ဦးသေဆုံးခဲ့ပြီးလူ ၁၈၀၀၀ ခန့်အိုးမဲ့အိမ်မဲ့ဖြစ်စေခဲ့သည်။ နိုဝင်ဘာ ၂၄ ရက် မော်ရိုကို နိုင်ငံတွင်ရေကြီးမှုများဖြစ်ပွားခဲ့ပြီး လူပေါင်း ၃၀ ကျော်သေဆုံးခဲ့ရသည်။ မော်ရိုကိုအစိုးရအနေဖြင့် ရေလွှမ်းမိုးမှုကြောင့်ပျက်စီးသွားသောလမ်းများကို ပြန်လည်ပြင်ဆင်နိုင်ရန် ဒေါ်လာ ၁၀၃ သန်းကုန်ကျလိမ့်မည်ဖြစ်သည်။

ဒီဇင်ဘာ ၁၄ ရက်မှစပြီး ယခုထိတိုင် အင်ဒိုနီးရှား၊ မလေးရှား၊ထိုင်းနှင့်သီရိလင်္ကာနိုင်ငံတို့တွင် ရေလွှမ်းမိုးမှုများဖြစ်ပေါ်လျက်ရှိသည်။ အင်ဒိုနီးရှားနိုင်ငံတွင် လူပေါင်း ၉၄၀၀၀ကျော်၊မလေးရှားနိုင်ငံတွင် လူပေါင်း ၂၀၀၀၀၀ ကျော်နှင့် ထိုင်းနိုင်ငံတွင် လူထောင်ပေါင်းများစွာ နေရပ်စွန့်ခွာပြီး ကယ်ဆယ်ရေးစခန်းများသို့ ပြောင်းရွှေ့နေထိုင်ကြရသည်။

ဒီဇင်ဘာ(၂၇၊၂၈)ရက်မှစပြီး ရေကြီးမှုကြောင့် မလေးရှားနိုင်ငံတွင် အနည်းဆုံး လူ ၁၀ဦးသေဆုံးခဲ့သည်။ ဒီဇင်ဘာ၂၈ရက်ထိ ထိုင်းနိုင်ငံတွင် ရေကြီးမှုကြောင့် လူ ၁၄ဦးသေဆုံးခဲ့သည်။ သီရိလင်္ကာနိုင်ငံတွင် ရေကြီးမှုများနှင့် မြေပြိုကျမှုများကြောင့် လူ ၂၄ဦးသေဆုံးခဲ့သည်။ အဆိုပါရေကြီးမှုများကြောင့် လယ်မြေဧကပေါင်းများစွာ ဆုံးရှုံးခဲ့ရသည်။ ဒီဇင်ဘာ ၂၆ရက်တွင် အင်ဒိုနီးရှားနိုင်ငံ မြေပြိုကျမှုကြောင့် လူပေါင်း ၅၁ဦးသေဆုံးခဲ့ရသည်။ ယခုဖြစ်ပေါ်လျက်ရှိသော ရေလွှမ်းမိုးမှုသည် ဆယ်စုနှစ်တစ်စုအတွင်း အဆိုးရွားဆုံး ဖြစ်သည်။ **(ကြေးမုံ)**

# လွတ်လပ်ရေးနေ့အထိမ်းအမှတ် စာပို့တံဆိပ်ခေါင်းသစ်ထုတ်ဝေ

**နေပြည်တော် ဒီဇင်ဘာ ၂၉**

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် စာပို့တံဆိပ်ခေါင်းသစ် ၂၀၀ ကျပ်တန် တစ်မျိုးနှင့် ၁၀၀ ကျပ်တန်နှစ်မျိုးကို ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၄ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီခွဲမှစတင်၍ တိုင်းဒေသကြီး/ ပြည်နယ်ဆက်သွယ်ရေးစခန်း(စာတိုက်)များ၌ ရောင်းချမည်ဖြစ်ပါသည်။







အထူးအစီအစဉ် တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့်မန္တလေးစာတိုက်ကြီးတို့တွင် ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၄ ရက် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ် ရိုက်နှိပ်ပေးမည်ဖြစ်သည်။

**(ကြေးမုံ)**

# မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်

**နေပြည်တော် ဒီဇင်ဘာ ၂၉**

ယနေ့ မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာနိုင်ပြီး ယနေ့မွန်းလွဲမှ နောက် ၂၄ နာရီအတွင်း မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်ဟု မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(ကြေးမုံ)**

# မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ သတင်းနှင့်ဖျော်ဖြေရေးကဏ္ဍရုပ်သံလိုင်းနှစ်ခုကို ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် စတင်ထုတ်လွှင့်မည်

**နေပြည်တော် ဒီဇင်ဘာ ၂၉**

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ လက်ရှိထုတ်လွှင့်နေသော ရုပ်သံလိုင်းများအပြင် သတင်းနှင့်ဖျော်ဖြေရေးကဏ္ဍ ရုပ်သံလိုင်းနှစ်ခုကို ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစတင်၍တိုးချဲ့ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှသိရသည်။

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် Analogue စနစ်ဖြင့် တစ်နိုင်ငံလုံးကို လွှမ်းခြုံနိုင်အောင်ထုတ်လွှင့်ပေးလျက်ရှိရာ ၂၀၁၃ ခုနှစ် အောက်တိုဘာ ၁၅ ရက်မှစ၍ DVB T2 Digital စနစ်သို့ စတင်ပြောင်းလဲပြီး Analogue စနစ်၊ Digital စနစ်တို့ဖြင့် ပူးတွဲထုတ်လွှင့်လျက်ရှိသည်။

လက်ရှိတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ပင်မအစီအစဉ်များအပြင် Myanmar International၊ တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်း၊ လွှတ်တော်ရုပ်သံလိုင်း၊ တောင်သူလယ်သမားရုပ်သံလိုင်းနှင့် စာဖတ်သူတို့ ရုပ်သံလိုင်းများကို DVB T2 Set Top Box များဖြင့် ဖမ်းယူကြည့်ရှုနိုင်ရန် ဆောင်ရွက်ပေးထားပြီးဖြစ်သည်။

တိုးချဲ့ထုတ်လွှင့်မည့် MRTV News Channel တွင် နေ့စဉ်ဖြစ်ပျက်နေသော သတင်းအကြောင်းအရာများနှင့် အပတ်စဉ်သတင်းနှင့် ဆက်စပ်သည့်အစီအစဉ်များ၊ ပြည်သူ့အတွက် အလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာ ကဏ္ဍများ၊ ပညာရေး၊ ကျန်းမာရေး၊ ဆက်သွယ်ရေးနှင့် တည်ဆောက်ပြုပြင်ရေးကဏ္ဍများကို ထုတ်လွှင့်ပေးသွားမည်ဖြစ်ပြီး MRTV Entertainment Channel တွင် ကလေး၊ လူငယ်၊ လူကြီးများအကြိုက် ဖျော်ဖြေရေးအစီအစဉ်များ၊ ရုပ်ရှင်၊ဗီဒီယိုဇာတ်လမ်းတွဲများ၊ ပညာပေးအစီအစဉ်များကို ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ထုတ်လွှင့်ရာတွင် ရွှေသံလွင်မီဒီယာနှင့် ပူးပေါင်းပြီး ပရီမီယာလိဂ်ဘောလုံးပွဲများကို တစ်ပတ်လျှင် နှစ်ပွဲနှုန်း ထုတ်လွှင့်ပြသသွားမည်ဖြစ်သည့်အပြင် ချန်ပီယံလိဂ်ဘောလုံးပွဲနှင့် စပိန်လာလီဂါဘောလုံးပွဲစဉ်များကိုလည်း ထုတ်လွှင့်ပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

Digital စနစ် DVB-T2 ဖြင့် ထုတ်လွှင့်ခြင်းကို ပထမအဆင့်အနေဖြင့် ၂၀၁၃ ခုနှစ် အောက်တိုဘာ ၁၅ ရက်မှစပြီး ရန်ကုန်၊ နေပြည်တော်၊ စစ်ကိုင်း၊ တပ်ကုန်းမြို့များတွင် ထုတ်လွှင့်ခဲ့ပြီး တစ်နိုင်ငံလုံးလူဦးရေ၏ ၂၀ ဒသမ ၀၈ ရာခိုင်နှုန်း ဖမ်းယူရရှိနိုင်ခဲ့သည်။ ဒုတိယအဆင့်အဖြစ် မြစ်ကြီးနား၊ လွိုင်ကော်၊ ဘားအံ၊ ဖလမ်း၊ ကနေဒီ(ကလေး)၊ မော်လမြိုင်၊ စစ်တွေ၊ တောင်ကြီး၊ ကျိုင်းတုံ၊ လားရှိုး၊ ထားဝယ်၊ ပြည်၊ တောင်ငူ၊ ညောင်လေးပင်၊ ပဲခူး၊ မင်းဘူး၊ ပုပ္ပား၊ မိတ္ထီလာ၊ ကျောင်းကုန်း၊ ဟသ်ာတ၊ ပုသိမ်၊ မုံရွာတို့တွင် စက်ရုံ ၂၂ ရုံ တိုးချဲ့ထုတ်လွှင့်ခဲ့ပြီး တစ်နိုင်ငံလုံးလူဦးရေ၏ ၄၆ ဒသမ ၁၅ ရာခိုင်နှုန်း ဖမ်းယူကြည့်ရှုနိုင်ခဲ့သည်။

ယခုအခါ အဆိုပါစက်ရုံများမှ ထုတ်လွှင့်မှုသည် တစ်နိုင်ငံလုံးလူဦးရေ၏ ၆၆ ဒသမ ၂၃ ရာခိုင်နှုန်းဖမ်းယူရရှိနိုင်ပြီး တတိယအဆင့်အဖြစ် ယခုနှစ်အတွင်း စက်ရုံ ၆၉ ရုံကို Digital စနစ်ဖြင့် ပြောင်းလဲထုတ်လွှင့်ရန် ဆောင်ရွက်လျက်ရှိသည်။ အဆိုပါ ၆၉ ရုံ ပြီးစီးပါက တစ်နိုင်ငံလုံးလူဦးရေ၏ ၂၃ ဒသမ ၁၇ ရာခိုင်နှုန်းမှ ထပ်မံဖမ်းယူရရှိကြမည်ဖြစ်သည်။ ယခုအခါ အဆိုပါ ၆၉ ရုံတွင် ပါဝင်သော ဘီးလင်း၊ လပွတ္တာ၊ ထားဝယ်၊ မင်းလှ၊ ပေါက်၊ အမ်း၊ ဂွ၊ ကွတ်ခိုင်၊ ကျောက်မဲ၊ တာမိုးညဲ စက်ရုံ ၁၀ ရုံမှာ စမ်းသပ်ထုတ်လွှင့်လျက်ရှိသည်။

MRTV News Channel ကို လက်ရှိ Analogue စနစ်ဖြင့် ပြောင်းလဲမှုမရှိဘဲ ဖမ်းယူကြည့်ရှုနိုင်မည်ဖြစ်ပြီး MRTV Entertainment Channel ကို DVB T2 စနစ်ဖြင့် ဖမ်းယူကြည့်ရှုရမည်ဖြစ်သည့်အတွက် MRTV မှ ရောင်းချနေသော DVB T2 Set Top Box များ၊ ပြင်ပဈေးကွက်တွင် ရောင်းချသော DVB T2 Set Top Box များ၊DVB T2 Tuner ပါသော TV များနှင့်လည်း တိုက်ရိုက်ဖမ်းယူကြည့်ရှုနိုင်ကြောင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက အသိပေးထားသည်။ **(ကြေးမုံ)**






# အောင်ပွဲကို. . .

ဆူးငှက်

စုံတောဝမြိုင်ယံမှာ. . .
ဖူးပွင့်တံညာညီရုံးလို့
မှင်ဘေကုံး ဆင်ပါဆို
ပန်မြခွာညို
ကြငှန်းဖြင့် နန်းတင့်တဲ့ပျိုရယ်. . .
ပန်းပွင့်ကို ယူစမ်းပလေး. . .

သည်နှစ် ကလနားသတ်အခါမဲ့မိုးကြောင့် တမှတ်တရရဖြစ်ရဆဲ. . . ဆောင်းက ရောက်မှန်းမသိ ရောက်လာသည်။ ခါတိုင်းနှစ်များက ကထိန်ပွဲအခါသမယများ၌ပင် အနွေးထည်ကိုယ်စီဖြင့် စစ်ကိုင်းတောင်ရိုးကထိန်ညများက ခိုက်ခိုက်တုန်ခဲ့၏။

ငယ်ငယ်ကသင်ကြားခဲ့ရသလို မြန်မာပြည်တွင် နွေဥတု၊ မိုးဥတုနှင့် ဆောင်းဥတုဟူ၍ ဥတုသုံးလီ၊ ရာသီသုံးခုရှိသည်ဆိုသော အမှတ်အသားမှာ လွဲမှားသွားပါပြီလော. . .။ ဇွန်လမှသည် နိုဝင်ဘာလအထိ မိုးဥတုသတ်မှတ်၍ ဒီဇင်ဘာလမှ မေလအထိ နွေဥတုသတ်မှတ်ရပါမည်လော. . .။ ယခုနှစ်တွင်မှ ထူးထူးခြားခြားပြောင်းလဲသွားသော ဥတုရာသီသည် ကမ္ဘာလုံးဆိုင်ရာနှင့် ဆက်စပ်ပတ်သက်ပါ၏လော. . .။ မြစ်ချောင်းထိန်းသိမ်းမှု၊ ဆည်ရေဇရိယာ၊ မြို့ပြစီမံကိန်းအကျယ်အဝန်း၊ သဘာဝပတ်ဝန်းကျင်အနေအထားစသည့် သီးခြားဆိုင်ရာကိစ္စများကြောင့်ပေလော. . .။ ဒါကိုတော့ ပညာရှင်များ စေ့ငုကြပေလိမ့်မည်။



မန္တလေးမြို့၏ ပျော်ပွဲရွှင်ပွဲများတွင် မန္တလေးခြင်းလုံးပွဲမှာ အထူးစည်ကားလှသည်။

ဟော မကြာမီ ပြာသိုလရောက်တော့မည်။ မှတ်မှတ်သားသား မအေးသေး။ ယခင့် ယခင်နှစ်များက ပြာသိုလရောက်ပြီဆိုလျှင် "ခန်းဆောင်ရွှေရဝေတွင်းမှာလ၊ ချမ်းပေါင်လေ သည်ဖေတင်းသော်လည်း၊ ဖြေရင်းပင် ခိုက်ခိုက်တုန်" ဟု ဆိုရပေမည်။ ထိုစဉ်က တန်ခူးလ သင်္ကြန်ပွဲ၊ ကဆုန်လ ညောင်ရေသွန်းပွဲ၊ နယုန်လ စာပြန်ပွဲ၊ ဝါဆိုလ ဝါဆိုပွဲ၊ တော်သလင်းလ လှေပြိုင်ပွဲ၊ သီတင်းကျွတ်လ မီးထွန်းပွဲ၊ တန်ဆောင်မုန်းလ ကထိန်ပွဲနှင့် အမျိုးသားအောင်ပွဲ၊ ပြာသိုလ မြန်မာ့လွတ်လပ်ရေးအောင်ပွဲဟု အထပ်ထပ်ရွတ်ဆိုစွဲထင်ခဲ့ရသမို့ ပြာသိုလဆန်းသည်နှင့် မန္တလေးကျုံးနံဘေးမှာ ဝှဲချီးကျင်းပသည့် လွတ်လပ်ရေးအောင်ပွဲနေ့အခမ်းအနားကို ငွေနှင်းမှုန်အသိပ်အသည်းအောက် တိုးဝှေ့ကျပ်ညပ်ပျော်ရွှင်ခဲ့ရသည်များလည်း ယခုထိ သတိရနေမိသည်။ နိုင်ငံတကာသုံးပြက္ခဒိန်မှ နှစ်ဆန်းဇန်နဝါရီသည် မြန်မာပြက္ခဒိန် ပြာသိုလနှင့် အများဆုံးတိုက်ဆိုင်သည်။ ထို့ကြောင့်လည်း နှင်းတွေ ထူထပ်စွာကျတတ်သည့် မန္တလေးဆောင်းကို လွတ်လပ်ရေးနေ့အခမ်းအနားပွဲလမ်းများနှင့် တစ်ထပ်တည်းစွဲမှတ်နေမိသည်။

ထိုစဉ်က အခုလို ဒီဇင်ဘာ ၃၁ ရက်ည "နှစ်သစ်ကူးည"အပျော်အရွှင်များမရှိခဲ့။ ထိုနေ့ ထိုအချိန်တွင် ခရစ်ယာန်ဘာသာဝင်တို့က ဆိုင်ရာဆိုင်ရာ ဘုရားကျောင်းများ၌ စုဝေးဝတ်ပြုဆုတောင်းပြီး နှစ်သစ်ကူးသည်နှင့် ခမ္ဘခေါင်းလောင်းများထိုးကာ နှစ်သစ်ကို ကြိုဆိုကြခြင်းပဲရှိသည်။ မြို့နေလူထုအများစုမျှော်လင့်ခြင်းက ဇန်နဝါရီလဆန်းသည်နှင့်စတင်၍ ကျင်းပသော လွတ်လပ်ရေးနေ့အခမ်းအနားများ၊ ပျော်ပွဲရွှင်ပွဲများပဲဖြစ်သည်။ တောင်ဘက်မျက်နှာရှိ ကျုံးနှင့်မြို့ရိုးကြား ပေ ၂၅၀ နှင့် ၃၀၀ ကြားကျယ်ဝန်းသောနေရာတွင် မင်္ဂလာတံခါးမှသည် အနောက်ဘက်ကျုံးထောင့်၊ ထို့နောက် မြောက်သို့ အာဋ္ဌဝီတံခါးပေါက်ထိ နေရာကျယ်ကြီးအတွင်း လွတ်လပ်ရေးပွဲသဘင်ကို ခုနစ်ရက်ခုနစ်လီ ကျင်းပသည်။ ကျုံးတောင်ဘက်ခြမ်း မင်္ဂလာတံခါးမှ အနောက်ကျုံးထောင့်အတွင်းတွင် မန်းသီတာဥယျာဉ်ရှိ၏။ ထိုဥယျာဉ်အတွင်း ပြန်ကြားရေးဌာန ပြခန်းများရှိသည်။ ပန်းချီပြိုင်ပွဲ၊ စာပေပြိုင်ပွဲများရှိသည်။ ဆို၊ က၊ တီးပြိုင်ပွဲများရှိသည်။ သမားစဉ်အကနှင့် မဟာဂီတသီချင်းကြီးများကို အဓိကထားသီဆိုခြင်း၊ တီးမှုတ်ခြင်းပြိုင်ပွဲများဖြစ်၏။ မျိုးရိုးဇာတိဂုဏ်ကို မော်ကြွားခံ့ညားစေသည့်ပြိုင်ပွဲဖြစ်သည်။ ထို့နောက် ဂီတဆည်းဆာများရှိသည်။ စတုဒိသာအစားအသောက်များ၊ ရန်ပုံငွေစားသောက်ဆိုင်များရှိသည်။ ကျုံးထောင့်မှာ ဂီတဆည်းဆာ၊ အငြိမ့်ပွဲ၊ ထို့နောက် မြောက်အာဋ္ဌဝီတံခါးအထိ မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ၊ ဘော်လီဘောပွဲ၊ ဘတ်စကက်ဘောပွဲ၊ ခြင်းပွဲ၊ ဌာနဆိုင်ရာပြခန်းများ၊ ဂီတပဒေသာပွဲများ အပြည့်ရှိ၏။

နေ့လယ်နေ့ခင်းတွင် ကျုံးအတွင်းလှေပြိုင်ပွဲများရှိသည်။ အလှပြလှေများလည်းရှိသည်။ တစ်နှစ်တုန်းက အနောက်ကျုံးအတွင်း ရေတပ်မတော်၏ ကမ်းတက်စစ်ဆင်ရေးသရုပ်ပြပွဲပင်ပါလိုက်သေး၏။ ကျုံးအတွင်းရေပန်းတွေ ဆင်ထားသည်။ မင်္ဂလာတံတား၊ မေတ္တာပေါင်းကူးတံတား၊ မတ္တရာမီးရထားတံတား၊ အာဋ္ဌဝီတံတားတို့မှာ အလှမီးလုံးတွေမြိုင်နေ၏။ နိုင်ငံတော်အလံများက ကျုံးကမ်းစပ်မှာ၊ မြို့ရိုးပေါ်မှာ တညီတညာတည်းရဲရဲတောက် တလူလူ လွင့်နေသည်။ မြို့ရိုး၏သူရဲခိုများ၊ ပြအိုးများ၊ ပြာသာဒ်များတွင် မီးလုံးရောင်စုံဆင်ထား၏။ ထိုနေရာတစ်ဝိုက် သစ်ပင်များမှာလည်း မီးလုံး၊ မီးသီး၊ မီးပွင့်တို့ ဝေဆာနေသည်။

တစ်နေကုန် အသံချဲ့စက်သံဆူညံနေ၏။ မြို့တွင်းလမ်းအနှံ့ ဘတ်စ်ကားများ၊ မြင်းလှည်းများက "အောင်ပွဲကို အောင်ပွဲကို. . ."ဟု တကြော်ကြော်ဟစ်ကာ ပါစင်ဂျာတွေ အပြည့်အသိပ်ဖြင့် ကျုံးထောင့်ဆီ ဦးတည်သည်။ "အောင်ပွဲ. . ."ဟူသော အသံနှင့် စကားလုံးက အဓိပ္ပာယ်ပြည့်ဝစွာဖြင့် အားလုံး၏ ရင်ထဲတွင် ဟည်းထနေသည်။ "ငါတို့ လွတ်လပ်ရေး. . .၊ ငါတို့ အောင်ပွဲ" ဟု မာန်တက်ကာ သွေးသစ်၊ အားသစ်ဖြစ်နေကြသည်။ ပြန်ကြားရေးပြခန်းရှေ့တွင် လွှင့်ထူထားသော ဧရာမနိုင်ငံတော်အလံကြီးနှင့် လွတ်လပ်ရေးဗိသုကာ ဗိုလ်ချုပ်အောင်ဆန်း၏ ပုံတူပန်းချီကားကြီးက ပြပွဲလာပရိသတ်အားလုံး၏ ဦးညွှတ်ဂါရဝပြုရာ ဌာနကြီးဖြစ်နေသည်။ ပွဲတော်ကျင်းပရာရက်များအတွင်း ညလုံးပေါက်မျှလူတွေကြိတ်ကြိတ်တိုးနေ၏။ ပြာသို၏ အအေးဓာတ်က ကြိတ်ကြိတ်တိုးနေသော ပရိသတ်၏ အနွေးဓာတ်ကို လက်လျှော့သွားသည်။ သီချင်းသံ၊ ဂီတသံ၊ တေးသံများက မြို့ရိုးပေါ်က တလူလူလွင့်နေသည့် နိုင်ငံတော်အလံများနှင့်အတူ ကွင်းတစ်ကွင်းလုံး လွင့်ပျံ့ဖုံးလွှမ်းနေ၏။ ညဉ့်တော်တော်နက်တော့ ထိုအသံများအားလုံး တစ်မြို့လုံး ဖုံးလွှမ်းနေသည်။ ထိုရက်သတ္တပတ် ဆယ်ရက်မှာဖြင့် တစ်မြို့လုံး စိတ်တူကိုယ်တူ အတန်းအစားမရွေး စိတ်ပါလက်ပါ ပျော်ရွှင်ခဲ့ကြတာ သေချာသည်။

ပြာသိုလရောက်လေတိုင်း . . . ခိုက်ခိုက်တုန်မျှ ချမ်းသော ဆောင်းနှင့် "အောင်ပွဲကို. . . အောင်ပွဲကို. . ."ဟူသော ထုနှင့်ထည်နှင့်အသံများနှင့် တညီတညွတ်တည်းသော ပျော်ရွှင်မှုများကို မြင်ယောင်၊ ကြားယောင်နေမိသေးတော့။ ။

ကျုံးထောင့်မှာ ဂီတဆည်းဆာ၊ အငြိမ့်ပွဲ၊ ထို့နောက် မြောက်အာဋ္ဌဝီတံခါးအထိ မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ၊ ဘော်လီဘောပွဲ၊ ဘတ်စကက်ဘောပွဲ၊ ခြင်းပွဲ၊ ဌာနဆိုင်ရာပြခန်းများ၊ ဂီတပဒေသာပွဲများအပြည့်

## ၂၀၁၈ ခုနှစ် ဇန်နဝါရီ လပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ် ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်တစ်ခုအဖြစ်သို့ရောက်ရှိနိုင်ပါသည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနိုင်ပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပါသည်။

**မိုးရွာရက်အခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ၅ ရက်မှ ၇ ရက်ခန့်နှင့် ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၂ ရက်မှ ၃ ရက်ခန့်မိုးရွာနိုင်ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

**ညအပူချိန်**

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ပိုနိုင်ပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်ပါသည်။

**မြူအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၁၆ ရက်မှ ၁၉ ရက်ခန့်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် ၁၀ ရက်မှ ၁၅ ရက်ခန့် နံနက်ပိုင်းတွင် မြူထူများ ဆိုင်းနိုင်ပါသည်။ ❐










# ဝမ်းသာဂုဏ်ယူသူများနှင့်တွေ့ဆုံခြင်း

မေးမြန်း-ဟန်နီဝင်း(သတင်းစဉ်)
ဓာတ်ပုံ-ကိုကိုလေး(သတင်းစဉ်)

**“ရိုးရာအခြေ၊ မညှိုးပါသလေ၊ မျိုးသာကီနွယ် ဆင်းသက်ပေ၊ ဒါတို့ရွှေထီး၊ ဒါတို့မြေကြီး၊ စည်ထီးခရိုင် ကိုယ်ပိုင်မြန်မာပြည် တက်လူတွေ တက်လူတွေ၊ လုံ့လဝီရိယရှိကြစေ၊ အမျိုးဂုဏ်တက်အောင် ရွက်ဆောင်လေ၊ တို့တာဝန်မှန်ပေ၊ အာဇာနည်ဗုဒ္ဓဘာသာ အမျိုးသားတိုင်းပြည်၊ ရာဇဝင်ရှေးထုံးစဉ်လာ ထွန်းတောက်ခဲ့ပေ၊ ပိုင်ဆိုင်သူ ဘိုးဘွားဘီဘင် တို့အမွေ တို့ပြည် တို့မြေ”** ဆိုသည့် တေးရေးဆရာ ရွှေတိုင်ညွန့်ရေးစပ်ခဲ့သည့် **ဇာတိမာန်** သီချင်းကို ဗိုလ်ရှုခံအခမ်းအနားအတွက် စစ်ရေးပြစစ်ကြောင်း တပ်ဖွဲ့ဝင်များက အားမာန်အပြည့်ဖြင့် သီဆိုလေ့ကျင့်လျက်ရှိပါသည်။ ထို့သို့ အားမာန်အပြည့်ဖြင့် လေ့ကျင့်မှုများပြုလုပ်နေကြသည့် စစ်ရေးပြစစ်ကြောင်းတပ်ဖွဲ့ဝင်များ၏ စကားသံများကို မြန်မာ့သတင်းစဉ်(သတင်းအဖွဲ့)မှ ပြည်သူများထံ ပြန်လည်မျှဝေလိုက်ပါသည်။


ဦးဝင်းဝင်း
လက်ထောက်ညွှန်ကြားရေးမှူး


ဦးဇော်မျိုးထိုက်၊ တပ်ခွဲမှူး
မြန်မာနိုင်ငံကြက်ခြေနီအသင်း


ဗိုလ်လေးနွယ်ထွန်း
တပ်မတော်(ကြည်း)

### ဆရာမ ဒေါ်ခင်မျိုးလှိုင် အထက(၆)၊ ပဲခူးတိုင်းဒေသကြီး ကင်းထောက်အမျိုးသမီးတပ်ခွဲမှူး

ကျွန်မက ဒီမှာတပ်ခွဲမှူးတာဝန်ယူထားရတော့ ကလေးတွေကို အနီးကပ်စောင့်ရှောက်ကြည့်ရှုရပါတယ်။ အဓိကကတော့ ကလေးတွေ ကျန်းမာရေးပါ။ မနက်တစ်ခါ၊ နေ့ခင်းတစ်ခါ၊ ညတစ်ခါ ကလေးတွေ ထမင်းစားနိုင်ရဲ့လား၊ ကျန်းမာရေးအခြေအနေတွေ၊ အခက်အခဲတွေရှိနိုင်သလားဆိုတာကို အမြဲစောင့်ရှောက်ကြည့်ရှုပေးရပါတယ်။ နောက်တစ်နေ့အတွက် စစ်ကြောင်းတွေက မိခင်တပ်ရင်းထဲမှာလား၊ ကွင်းမှာလား ဆိုတာတွေကိုလည်း ကလေးတွေကို အုပ်ချုပ်သူ ဆရာမတွေကတစ်ဆင့် အမြဲသတင်းပေးရပါတယ်။ ဥပမာ မနက် ၄ နာရီထွက်မယ်ဆိုရင် မနက် ၃ နာရီလောက်မှာ စစ်ကြောင်းအလိုက် တန်းစီနေရာယူထားပေးရတယ်။ တပ်ခွဲတစ်ခွဲကို ၁၆၀ နဲ့ တပ်ခွဲနှစ်ခွဲမှာ အင်အား ၃၂၀ ရှိပါတယ်။ အရန်အင်အားက ၃၉ ယောက်ရှိပါတယ်။ ကလေးတွေက အခုလို ပါဝင်ခွင့်ရတာကို အလွန်ပျော်နေပါတယ်။ နေမကောင်းဖြစ်ပြီး မပါရမှာ အရမ်းစိုးရိမ်နေကြတယ်။ ဒါကြောင့်မို့ နေမကောင်းတာကို မပြောဘဲနေမှာစိုးလို့ သူတို့လေးတွေ နေကောင်း၊ မကောင်းကိုအမြဲစောင့်ကြည့်နေရတယ်။

### ကင်းထောက်အဖွဲ့ဝင် ဂျာဒွဲစင် အထက(၂) ကမာရွတ်

ကင်းထောက်လူငယ်အနေနဲ့ အခုလို သမီးတို့ပါရတာ အရမ်းပျော်ပါတယ်။ နေမကောင်းလို့ မပါရမှာလဲ ကြောက်တယ်။ အရန်မဖြစ်ချင်ဘူး။ ဆရာမတွေနဲ့ ဗိုလ်ကြီးတွေကလည်း သေသေချာချာ သင်ကြားပေးပါတယ်။ လေ့ကျင့်ရတာကိုလည်း ပင်ပန်းတယ်လို့ မခံစားမိပါဘူး။ နိုင်ငံတော်အဆင့် အခမ်းအနားမှာ ပါဝင်ခွင့်ရတော့ အရမ်းဂုဏ်ယူမိပါတယ်။

### ရဲမှူး ဝင်းနီလာ အလံကိုင်အဖွဲ့မှူး

စစ်ရေးပြတပ်ဖွဲ့အတွက် အမျိုးသမီးတပ်ဖွဲ့ဝင် အရပ်က ၅ ပေ ၄ လက်မကြားရှိတဲ့ တပ်ဖွဲ့ဝင်တွေကို ရွေးချယ်ခဲ့တာပါ။ အခုကျွန်မတို့ ဒီမှာစစ်ရေးပြလေ့ကျင့်တာကို မနက် ၇ နာရီမှာ ကွင်းထဲအရောက်ဝင်ကြပြီးတော့ ၁၀ နာရီခွဲမှာပြီးဆုံးပါတယ်။ ၁၁ နာရီကနေ ၁၂ နာရီက ထမင်းစားချိန်ပါ။ နေ့လယ်ပိုင်းမှာ စစ်ရေးပြသင်ခန်းစာသင်ရပြီးတော့ သင်ခန်းစာပြီးသွားတဲ့အချိန်မှာ သီချင်းတိုက်ပါတယ်။ ကျွန်မအသက် ၅၀ ပြည့်ခါနီးပါပြီ။ အခုလို အသက်က ရွှေရတုနီးခါမှ အခုလိုပါဝင်ရတာ တစ်သက်တာအတွက် ပီတိအလွန်ဖြစ်ပါတယ်။ တစ်သက်တာအမှတ်တရပါ။

### ဗိုလ်လေးနွယ်ထွန်း တပ်မတော်(ကြည်း) အမျိုးသမီးအလံကိုင်တပ်ဖွဲ့

တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း အမှတ်စဉ်(၁)ကနေ ကျောင်းဆင်းတဲ့ အရာရှိစစ်သည်တစ်ဦးဖြစ်ပါတယ်။ အခုအမျိုးသမီးတပ်ဖွဲ့မှာ အမျိုးသမီးအလံကိုင်တပ်ဖွဲ့တစ်ဖွဲ့နဲ့ တပ်ဖွဲ့တစ်ဖွဲ့ပါပါတယ်။ အလံကိုင်တပ်ဖွဲ့မှာ အရာရှိအမျိုးသမီးစစ်သည်တွေ ပါဝင်ပါတယ်။ နောက်တစ်ဖွဲ့မှာတော့ သူနာပြုသိပ္ပံဘွဲ့ အမျိုးသမီးသင်တန်းသူတွေနဲ့ အမျိုးသမီးကွန်ပျူတာဒီပလိုမာ (တပ်ကြပ်ကြီးစာရေး)သင်တန်းသူတွေ ပါဝင်ပါတယ်။ ကျွန်မတို့အနေနဲ့ ဝမ်းသာတာထက်ကို အလွန်ဂုဏ်ယူပါတယ်။ ဒီလိုပွဲမျိုးမှာ ပါဝင်ရမယ်လို့ အိပ်မက်တောင် မမက်ဖူးပါဘူး။ ဒါကြောင့် အခုလိုမျိုးပါဝင်ရတဲ့အတွက် ဝမ်းသာဂုဏ်ယူနေပါတယ်။

### ဦးဝင်းဝင်း လက်ထောက်ညွှန်ကြားရေးမှူး မီးသတ်ဦးစီးဌာန

ကျွန်တော်က စစ်ရေးပြတပ်ခွဲ တပ်ခွဲမှူးအနေနဲ့ တာဝန်ယူရပါတယ်။ မီးသတ်ကိုယ်စားပြုစစ်ကြောင်းမှာ အလံအဖွဲ့မှာ ၂၅ ယောက်၊ စစ်ရေးပြတပ်ခွဲမှာ အင်အား ၁၈၀၊ စစ်တီးဝိုင်းအင်အား ၁၀၀ ရှိပါတယ်။ တိုင်းဒေသကြီး၊ ပြည်နယ်တွေက တပ်ဖွဲ့ကိုယ်စားပြုတွေအဖြစ် စိစစ်ရွေးချယ်ပြီး ဗဟိုမီးသတ်သင်တန်းကျောင်း (ပြင်ဦးလွင်)မှာ တစ်လလေ့ကျင့်ပါတယ်။ ပြီးတော့ နေပြည်တော်မှာ တစ်လဆိုတော့ လေ့ကျင့်တာနှစ်လလောက်ရှိပါပြီ။ အခုလိုကျင်းပတဲ့ ဗိုလ်ရှုခံအခမ်းအနားဆိုတာ စာထဲမှာပဲ ဖတ်ဖူးပါတယ်။ ကျွန်တော်တို့ သက်တမ်းတစ်လျှောက်မှာ ပထမဦးဆုံးအကြိမ်ကျင်းပတာဖြစ်တဲ့အတွက် ပထမဆုံးအကြိမ်မှာ ပါဝင်ခွင့်ရတော့ အလွန်ဝမ်းသာပါတယ်။

### ဦးဇော်မျိုးထိုက်၊ တပ်ခွဲမှူး မြန်မာနိုင်ငံကြက်ခြေနီအသင်း ကိုယ်စားပြု စစ်ရေးပြတပ်ဖွဲ့

ကျွန်တော်တို့တပ်ဖွဲ့ဝင်တွေအနေနဲ့ ဒီဗိုလ်ရှုခံအခမ်းအနားအတွက် ပြည်နယ်နှင့်တိုင်းဒေသကြီး ခုနစ်ခုက အင်အားတွေနဲ့ ဖွဲ့စည်းထားပါတယ်။ ဒီတပ်ဖွဲ့ဝင်တွေဟာ ၅ ရက်နေ့မှာ ရောက်ရှိကြတယ်။ အခုလ ၈ ရက်နေ့ကတည်းက စတင်လေ့ကျင့်ကြပါတယ်။ လေ့ကျင့်မှုတွေကို ကြည်း၊ ရေ၊ လေ အရာရှိတွေနဲ့ ပေါင်းစပ်ပြီး လေ့ကျင့်ပါတယ်။ ကြည်း၊ ရေ၊ လေ၊ ရဲတပ်ဖွဲ့၊ မီးသတ်၊ ကြက်ခြေနီ စတဲ့ တပ်ဖွဲ့တွေ ပေါင်းစပ်လေ့ကျင့်ကြပါတယ်။ ကျွန်တော့်အနေနဲ့ တပ်မတော်နေ့အခမ်းအနားတွေမှာတော့ ပါဝင်ဆင်နွှဲခဲ့ဖူးပါတယ်။ ဗိုလ်ရှုခံအခမ်းအနားကတော့ ကျွန်တော်တို့ မမွေးခင်ကတည်းက ကျင်းပခဲ့ဖူးပြီး ကျွန်တော်တို့အတွက် ပထမဆုံးအကြိမ်မှာ ပါဝင်ရတယ်။ ပြီးတော့ ဒီမှာရှိတဲ့ ကျွန်တော်တို့တပ်ဖွဲ့ဝင်တွေ အားလုံးကလည်း ဒီလိုအခမ်းအနားမျိုးကို မမြင်ဖူး၊ မတွေ့ဖူးကြပါဘူး။ ကြားသာကြားဖူးပြီး အခုလိုကိုယ်တိုင်ပါဝင်ခွင့်ရကြတော့ အလွန်ပီတိဖြစ်မိတယ်။ ဝမ်းသာဂုဏ်ယူပါတယ်။ ။

❏


ဆရာမ ဒေါ်ခင်မျိုးလှိုင်
အထက(၆)၊ ပဲခူးတိုင်းဒေသကြီး


ကင်းထောက်အဖွဲ့ဝင် ဂျာဒွဲစင်
အထက(၂) ကမာရွတ်


ရဲမှူး ဝင်းနီလာ
အလံကိုင်အဖွဲ့မှူး

## ဗိုလ်ရှုသဘင်

❂ လပြာသိုမှာ၊ ခွာညိုကြိုင်သင်း
မြင်းခင်းသဘင်၊ နှောင်းအရင်က
မမြင်ဖူးရ၊ မြင်ဖူးရလည်း
မြန်မာ့အောင်သံ၊ ဗိုလ်ရှုခံတဲ့
နဘံသောင်းတိုက်၊ ညံစေသော်။
❂ ထွတ်မြတ်တဲ့ စံဌာနီ၊ လွတ်လပ်တဲ့ မြန်မာပြည်
မချွတ်အစဉ်လွတ်သဘင်၊ ဆင်နွှဲခဲ့ပြီ
သဘင်ပွဲ နွှဲညံစဉ်၊
မြန်မာ့ဟန်ရေး၊ ရှေးထုံးမပျက်အောင်
မုရိုးစည်မောင်း ငြိမ့်ညောင်းဝေဝေစည်---တဲ့
ပြည်မြန်မာခေတ်၊ အသစ်ပြန်စ
ဘဝမနှောင်း၊ ဆင့်ဆင့်ပြောင်းပြီ
အဟောင်း အနှစ်၊ သစ်စေသော်။
❂ သမိုင်းဟူသည်၊ ပဝေဏီက
ဦးတည် ကောင်း၊ ဆိုး၊ အမျိုးမျိုးကို
တန်ဖိုးထားကာ၊ စောင့်ရှောက်ပါမှ
နောင်လာလူများ၊ အကျိုးများလိမ့်
အမှား အမှန်၊ ဝေဖန်ပိုင်းယူ
အတူ မတူ၊ ချိန်ညှိမှုဖြင့်
ပြိုင်တူတွန်း၍၊ ရွေ့စေသော်။
❂ လွတ်လပ်ရေးယူ၊ လွတ်လပ်သူတို့
စည်းမှုဘောင်ခြား၊ မျိုးနွယ်ခြားနှင့်
အခြားများစွာ၊ ဆိတ်သုဉ်းပါမှ
မြန်မာပြည်ကြီး၊ သွေးချင်းနီး၍
ဝါးစည်းပုံပြု၊ ဖော်ဆောင်မှုသည်
ဗိုလ်ရှုသဘင် တွင်စေကမ္ပည်း အရှည်သော်။ ။

မောင်တက်ခေါင်

❑ ဒုတိယသမ္မတမှ

လေယာဉ်များ ပုံဖွဲ့ချီတက်အလေးပြုခြင်းတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။

၂၀၁၅ ခုနှစ် (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ဗိုလ်ရှုခံအခမ်းအနားသို့ တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ အလံကိုင်တပ်ဖွဲ့များ၊ စစ်တီးဝိုင်းတပ်ဖွဲ့များနှင့် စစ်ရေးပြတပ်ဖွဲ့များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အလံကိုင်တပ်ဖွဲ့များ၊ စစ်တီးဝိုင်းတပ်ဖွဲ့များနှင့် စစ်ရေးပြတပ်ဖွဲ့များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အလံကိုင်တပ်ဖွဲ့များ၊ စစ်တီးဝိုင်းတပ်ဖွဲ့များနှင့် စစ်ရေးပြတပ်ဖွဲ့များ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ မြန်မာနိုင်ငံကင်းထောက်လူငယ်၊ မြန်မာနိုင်ငံကြက်ခြေနီ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တို့မှ ကိုယ်စားပြု စစ်ရေးပြတပ်ဖွဲ့များ၊ အမြောက်နှင့် သံချပ်ကာ ယန္တရားစစ်ကြောင်းများ ပါဝင်ချီတက်အလေးပြုကြမည်ဖြစ်ပြီး စုစုပေါင်းအင်အား ၇၀၂၈ ဦးရှိကြောင်း သိရသည်။

ပြည်ထောင်စုတိုင်းရင်းသားအားလုံး၏ မဆုတ်မနစ်ကြိုးပမ်းမှုများကြောင့် ရရှိခဲ့သည့် လွတ်လပ်ရေးကြီး တည်တံ့ခိုင်မြဲစေရန်နှင့် ပြည်ထောင်စုကြီးတိုးတက်ဖွံ့ဖြိုးစေရန်သည် ပြည်ထောင်စုသားအားလုံး၏ တာဝန်ဖြစ်သည်နှင့်အညီ မမေ့မလျော့ဆောင်ရွက်ရန် သတိပေးနှိုးဆော်သည့် အနေဖြင့် နှစ်စဉ်ထိုနေ့တွင် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပွဲများကို ဆင်ယင်ကျင်းပခြင်းဖြစ်သည်။

**(သတင်းစဉ်)**



၂၀၁၅ ခုနှစ် (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ဗိုလ်ရှုခံအခမ်းအနားတွင် ပါဝင်ချီတက်အလေးပြုကြမည့် စစ်ကြောင်းများ ကြိုတင်လေ့ကျင့်နေမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

# ဝန်ထမ်းများလစာတိုးမြှင့်ခြင်းသာမက နောင်ရေးအတွက်ပါစီစဉ်လျက်ရှိ

## တစ်ဦးချင်းဝင်ငွေစုဆောင်းသည့်စနစ် အားကောင်းခိုင်မာအောင် နိုင်ငံ့ဝန်ထမ်းများ ဝိုင်းဝန်းဆောင်ရွက်သွားရန်လို

**ရန်ကုန် ဒီဇင်ဘာ ၂၉**

အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ နိုင်ငံ့ဝန်ထမ်းများနှင့် တွေ့ဆုံပွဲအခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး ဧည့်ခန်းမကြီး၌ ယနေ့ နံနက် ၉ နာရီခွဲတွင် ကျင်းပရာ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၊ ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်း၊ ဦးသန့်ရှင်း၊ ဒေါက်တာ ဒေါ်သိန်းသိန်းဌေး၊ ဒေါ်ဝင်းမော်ထွန်း၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဝန်ကြီးဌာနအသီးသီးရှိ ဌာနခွဲ ၉၈ ခုမှ နိုင်ငံ့ဝန်ထမ်း ၅၀၀ ကျော်တက်ရောက်သည်။



အဆိုပါတွေ့ဆုံပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက အဖွင့်အမှာစကားပြောကြားရာ၌ မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီစနစ်သစ်ဆီသို့ ကူးပြောင်းကာလတစ်ခုကို ဖြတ်သန်းနေခြင်းဖြစ်ပြီး မိဘပြည်သူများ၏ အကျိုးစီးပွားကို ရှေးရှုကာ စိန်ခေါ်မှုများကိုလည်း အောင်မြင်စွာ ကျော်ဖြတ်ခဲ့ရသည်ကို တွေ့ရမှာဖြစ်ကြောင်း၊ နိုင်ငံတကာတွင် မြန်မာနိုင်ငံအစိုးရ၏ ပြုပြင်ပြောင်းလဲမှုများကို အသိအမှတ်ပြုခံရပြီး အစိုးရအဖွဲ့ခေါင်းဆောင်ဖြစ်သည့် နိုင်ငံတော်သမ္မတကြီးကို ပြုပြင်ပြောင်းလဲရေးအမှတ်အသားတစ်ခုအနေဖြင့် သတ်မှတ်ခံရသည်အထိ အောင်မြင်ခဲ့သည်ကို တွေ့ရှိရမှာဖြစ်ကြောင်း၊ ယခုလို အောင်မြင်အောင် ဆောင်ရွက်ခဲ့သည့် နိုင်ငံ့ဝန်ထမ်းများ၏ ကြိုးပမ်းအားထုတ်မှုကို ကျေးဇူးတင်ရှိကြောင်း၊ ကောင်းမွန်သော အုပ်ချုပ်ရေး၊ သန့်ရှင်းသော အစိုးရဖြစ်အောင် ဆောင်ရွက်ရာတွင် လူမှုစီးပွားလိုအပ်ချက်များကို အဓိကထား ဖြည့်ဆည်းပေးနိုင်ရန်ရည်ရွယ်ပြီး ဦးစားပေးလုပ်ငန်းစဉ် (၇)ရပ်ဖြင့် လျှပ်စစ်မီး၊ သောက်သုံးရေ၊ စိုက်ပျိုးရေး၊ အလုပ်အကိုင်ရရှိရေး၊ ခရီးသွားလုပ်ငန်း၊ ငွေကြေးလုပ်ငန်း၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု စသည့်ကဏ္ဍများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့တွင် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံ့ဝန်ထမ်းများကို လစာတိုးမြှင့်ပေးနိုင်ရေးနှင့် ဝန်ထမ်းမိသားစုများ၏ ပညာရေး၊ ကျန်းမာရေး၊ နေထိုင်ရေးဆိုင်ရာ သုံးစွဲကုန်ကျစရိတ်များကို အထောက်အပံ့ဖြစ်စေနိုင်မည့် အစီအမံများကိုလည်း အစိုးရအနေဖြင့် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

နိုင်ငံ့ဝန်ထမ်းလစာနှင့်ပတ်သက်၍ အစိုးရသစ်လက်ထက်၌ ၂၀၁၁ ခုနှစ် ဇူလိုင် ၁ ရက်တွင် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ၏ ပင်စင်လစာများ တိုးမြှင့်ခြင်း၊ ၂၀၁၂ ခုနှစ် ဧပြီလ ၁ ရက်တွင် နိုင်ငံ့ဝန်ထမ်းများအား အပိုထောက်ပံ့ကြေးခွင့်ပြုပေးခြင်း၊ ၂၀၁၃ ခုနှစ် ဧပြီလ ၁ ရက်နှင့် ၂၀၁၄ ခုနှစ် ဧပြီ ၁ ရက်တို့တွင် နိုင်ငံ့ဝန်ထမ်းများ၏ လစာနှုန်းထားများကို ပြင်ဆင်တိုးမြှင့်သတ်မှတ်ပေးခဲ့ကြောင်း၊ ယခုလည်း နိုင်ငံ့ဝန်ထမ်းများအတွက် လစာတိုးမြှင့်ခြင်းကိစ္စကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှစ၍ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အသေးစိတ်တွက်ချက်ဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံ့ဝန်ထမ်းလစာများ တိုးမြှင့်သည့်အကြိမ်တိုင်း အခြေခံစားကုန်များအပါအဝင် ကုန်ဈေးနှုန်းများ မြင့်တက်ခဲ့သည်ကို တွေ့ရကြောင်း၊ နိုင်ငံ့ဝန်ထမ်းများသည် ပုံမှန်ဝင်ငွေရရှိခဲ့သူများဖြစ်ပြီး ဘဝနောင်ရေးအတွက် အငြိမ်းစားလစာကို မှီခိုအားထားနေရသူများဖြစ်ကြောင်း၊ ပုဂ္ဂလိကဝန်ထမ်းများအနေဖြင့် အငြိမ်းစားလစာရရှိခြင်းမရှိသော်လည်း ပုံမှန်ဝင်ငွေရရှိသူများသာဖြစ်ကြောင်း၊ ဝန်ထမ်းမဟုတ်သော လယ်သမား၊ အလုပ်သမား၊ ဈေးရောင်း၊ လက်လုပ်လက်စား အခြေခံလူတန်းစားအမျိုးမျိုးသည် နေ့စဉ်လုပ်ကိုင်နိုင်မှုအပေါ် မူတည်၍ ဝင်ငွေရရှိပြီး ခြိုးခြံချွေတာသုံးစွဲရသည့်အတွက် အခြေခံစားသောက်ကုန်ဈေးနှုန်းများ မြင့်တက်လာမှုဒဏ်ကို ခံနိုင်ရည်ရှိရန်ကိစ္စမှာ ခန့်မှန်းရခက်ကြောင်း၊ ပုဂ္ဂလိကကဏ္ဍတွင်ရှိသည့် အလုပ်သမားများအပေါ်တွင်လည်း အကျိုးသက်ရောက်မှုရှိနိုင်သောကြောင့် ပုဂ္ဂလိကကဏ္ဍ၏ လုပ်ခလစာ အခြေအနေအပြင် ပြည်သူလူထုတစ်ဦးချင်း၏ ပျမ်းမျှဝင်ငွေသည် ဖြစ်ပေါ်လာမည့် အခြေအနေနှင့် လိုက်လျောညီထွေရှိရန်ကိုလည်း ထည့်သွင်းစဉ်းစားရန် လိုအပ်ကြောင်း။

နိုင်ငံ့ဝန်ထမ်းအင်အားသည် မြန်မာနိုင်ငံ လူဦးရေ၏ ၂ ရာခိုင်နှုန်းမျှသာရှိပြီး ကျန် ၉၈ ရာခိုင်နှုန်းမှာ ပြည်သူများသာဖြစ်သည့်အတွက် ကုန်ဈေးနှုန်းမြင့်တက်မှုကို ခံစားရမည့်သူမှာ ပြည်သူသာဖြစ်သည့်အတွက် စာနာရန်လိုအပ်ကြောင်း၊ ပြည်သူအများစု၏ အကျိုးစီးပွားကို ထိခိုက်မှုအနည်းဆုံးဖြစ်စေမည့် နည်းလမ်းကိုဆောင်ရွက်ရန် လွန်စွာအရေးကြီးသည့်အချက်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ဝန်ထမ်းများ၏ လစာနှုန်းထားတိုးမြှင့်ရေးကို အထူးအလေးထားဆောင်ရွက်ပေးသွားမည်ဖြစ်ကာ လစာနှုန်းထား တိုးမြှင့်ရေးနှင့်အတူ ဝန်ထမ်းများ အငြိမ်းစားယူပြီးနောက် ကိုယ်ပိုင်အိမ်နှင့်နေထိုင်နိုင်ရေး၊ ကျန်းမာရေးနှင့် ဝင်ငွေဆိုင်ရာ သုံးစွဲကုန်ကျမှုများကို အထောက်အပံ့ဖြစ်စေနိုင်မည့်အစီအမံများကိုလည်း ဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ အဆိုပါအစီအမံများသည် နိုင်ငံဖွံ့ဖြိုးမှုအတွက် ရေရှည်ခိုင်မာသည့် အုတ်မြစ်ကောင်းတစ်ခု ချမှတ်ပေးနိုင်ရန်အတွက်ဖြစ်ကြောင်း၊ ယင်းအစီအစဉ်များတွင် နိုင်ငံတကာ၌ အောင်မြင်စွာ ကျင့်သုံးနေသည့်ပုံစံများ၊ အတွေ့အကြုံများအပေါ်တွင် အခြေခံထားခြင်းဖြစ်ကာ ပြည်သူ့အကျိုးစီးပွားကို ဘေးထွက်ဆိုးကျိုးသက်ရောက်မှုအနည်းဆုံးဖြစ်စေမည့် ဝင်ငွေစုဆောင်းသည့် ရန်ပုံငွေစနစ်တစ်ခုကို ထူထောင်သွားမည်ဖြစ်ကြောင်း၊ အကျိုးဆက်အနေဖြင့် နိုင်ငံ့ဝန်ထမ်းများ နိုင်ငံတော်၏ထောက်ပံ့မှုကို ပြည့်ဝစွာ ရရှိခံစားနိုင်မည်ဖြစ်ပြီး နေထိုင်စားသောက်ရေး၊ ပညာရေး၊ ကျန်းမာရေး စသည့် လူမှုပတ်ဝန်းကျင်ကောင်းတစ်ခု ဖန်တီးဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်က ကျန်းမာရေးကဏ္ဍတွင် အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကို ကျင့်သုံးလျက်ရှိပြီး ဘတ်ဂျက်အသုံးစရိတ်များကို တစ်နှစ်ထက်တစ်နှစ် ပိုမို ခွဲဝေချထားပေးလျက်ရှိကြောင်း၊ လူမှုဖူလုံရေးအဖွဲ့အနေဖြင့် ကျန်းမာရေးနှင့် လူမှုရေးစောင့်ရှောက်မှု အာမခံစနစ်များထားရှိဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် လူမှုဖူလုံရေးအဖွဲ့တွင် အဖွဲ့ဝင်ခြင်းဖြင့် ထိရောက်သည့်အကျိုးခံစားမှုများရရှိမည်ဖြစ်ကြောင်း။

ပညာရေးကဏ္ဍတွင် နိုင်ငံ့ဝန်ထမ်းများ၏ သားသမီးများအပါအဝင် ကျောင်းသား ကျောင်းသူများအတွက် ၂၀၁၁-၂၀၁၂ ပညာသင်နှစ်မှစတင်ပြီး အခမဲ့မူလတန်းပညာသင်ကြားရေးကို လည်းကောင်း၊ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် အခမဲ့အလယ်တန်းပညာသင်ကြားရေးကိုလည်းကောင်း တစ်နိုင်ငံလုံးအတွက် ဆောင်ရွက်ပေးခဲ့ပြီး ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် အခမဲ့အထက်တန်းပညာရေးကို ဆောင်ရွက်ပေးရန် စီစဉ်လျက်ရှိကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းက နိုင်ငံ့ဝန်ထမ်းများ လစာတိုးမြှင့်ရရှိခြင်းနှင့် ပတ်သက်၍ ဘဏ္ဍာရေးဆိုင်ရာ အချက်အလက်များနှင့် လစာတိုးမြှင့်ရာတွင် ထည့်သွင်းစဉ်းစားရသော အချက်အလက်များ၊ ငွေကြေးဂယက်ဆိုင်ရာအခြေအနေများ၊ နိုင်ငံ့ဝန်ထမ်းများ လစာငွေတိုးမြှင့်ရေးဆောင်ရွက်ရာတွင် နောက်ဆက်တွဲ ရင်ဆိုင်ရဖွယ်ရှိသည့် ဘဏ္ဍာရေးဆိုင်ရာ အကျပ်အတည်းများနှင့် နိုင်ငံတော်က နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူများအတွက် တိုးမြှင့်ဆောင်ရွက်လျက်ရှိသော ပညာရေး၊ ကျန်းမာရေး အကျိုးခံစားခွင့်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ရှင်းက ပညာရေးကဏ္ဍနှင့် စပ်လျဉ်း၍ ယူဆချက်များ၊ ၂၀၁၁ မှ ၂၀၁၅ ခုနှစ်အတွင်း ပညာသင်နှစ်အလိုက် ပညာရေးမြှင့်တင်မှုဆိုင်ရာကဏ္ဍ အသီးသီးအတွက် ဆောင်ရွက်ပြီးစီးမှု၊ ဘက်ဂျက်တိုးမြှင့်ရရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို အသေးစိတ်ကိန်းဂဏန်းများဖြင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်သိန်းသိန်းဌေးက ကျန်းမာရေးတိုးမြှင့်ဆောင်ရွက်မှု အခြေအနေများ၊ အားလုံးလွှမ်းခြုံနိုင်သော ကျန်းမာရေးစောင့်ရှောက်မှုရရှိစေရန် အခွင့်အလမ်းများ၊ ကျန်းမာရေးဝန်ကြီးဌာန၏ နှစ်အလိုက် ကျန်းမာရေးဆိုင်ရာ အသုံးစရိတ်ခွင့်ပြုခြင်း၊ ဆက်လက်ဆောင်ရွက်မည့် ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဝန်ဆောင်မှုပိုင်းဆိုင်ရာ အစီအမံများနှင့် စာရင်းဇယားအချက်အလက်များအပေါ် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်ဝင်းမော်ထွန်းက လူမှုဖူလုံရေးစီမံကိန်း စတင်ပေါ်ပေါက်လာပုံ၊ ရည်ရွယ်ချက်၊ လူမှုဖူလုံရေးအာမခံစနစ်များ၊ ၂၀၁၂ခုနှစ် လူမှုဖူလုံရေး ဥပဒေထည့်ဝင်ကြေး နှုန်းထားများ၊ လူမှုအကာအကွယ်ပေးရေးဆိုင်ရာလုပ်ငန်းစဉ်များအပေါ် ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက နိဂုံးချုပ်အမှာစကားပြောကြားရာ ဒီမိုကရေစီစနစ်ကျင့်သုံးသည့် နိုင်ငံများတွင် အစိုးရအနေဖြင့် မူဝါဒများ အကောင်အထည်ဖော်ရာ၌ စွမ်းဆောင်ရည်မြင့်မားသည့် ဝန်ထမ်းများရှိရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများ၏ ရာထူးတိုးမြှင့်ရေးကိစ္စများတွင် စွမ်းဆောင်ရည် အခြေပြုစီမံခန့်ခွဲမှုနှင့် ရလဒ်အခြေပြုစီမံခန့်ခွဲမှုကို ကျင့်သုံးရမည်ဖြစ်ပါကြောင်း၊ ဝန်ထမ်းများ၏ အဓိက လိုအပ်ချက်များဖြစ်သည့် စားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေး၊ မိသားစုအရေးကိစ္စများကို မြှင့်တင်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ နိုင်ငံ့တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများ သက်ပြည့်ပင်စင်အငြိမ်းစားယူပြီးနောက်တွင်လည်း လိုအပ်ချက်များရှိနေနိုင်ကြောင်း၊ နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲရေး မူဝါဒ(၄)ရပ်ဖြစ်သည့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှု၊ စီးပွားရေး ပြုပြင်ပြောင်းလဲမှု၊ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုနှင့် ပုဂ္ဂလိကကဏ္ဍ ပြုပြင်ပြောင်းလဲမှုများဟူ၍ ဆောင်ရွက်လျက်ရှိရာ တတိယအဆင့် ပြုပြင်ပြောင်းလဲမှုအဖြစ် တာဝန်ယူမှု ၊ တာဝန်ခံမှု၊ တာဝန်သိမှု၊ တာဝန်ကျေပွန်မှု စသည့်အချက်များကို ပေါင်းစပ်အကောင်အထည်ဖော်နိုင်ရန် လိုအပ်ကြောင်း၊ နိုင်ငံတော်အတွင်းရှိ တိုင်းရင်းသားညီအစ်ကို မောင်နှမများက ပေးဆောင်ထားသော အခွန်အခများမှ ရရှိသည့် နိုင်ငံတော်၏ အခွန်ဘဏ္ဍာငွေကို နိုင်ငံ့ဝန်ထမ်းများ၏ လစာအဖြစ် သုံးစွဲနေရခြင်းဖြစ်ကြောင်း၊ သို့ဖြစ်၍ တာဝန်ရှိမှု၊ တာဝန်သိမှုနှင့် တာဝန်ကျေပွန်မှုများကို အဓိကရည်မှန်းချက်ထားကာ ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ ပြုပြင်ပြောင်းလဲရေးမူဝါဒများနှင့်အညီ နိုင်ငံ့ဝန်ထမ်းများက ကြိုးပမ်းအကောင်အထည်ဖော်ကြခြင်းသည် အသက်မွေးဝမ်းကျောင်းကို အထောက်အကူပြုသကဲ့သို့ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ပါဝင်ဆောင်ရွက်နေကြခြင်းဖြစ်ကြောင်း၊ ဝန်ထမ်းလစာတိုးမြှင့်ရေးသာမက ဝန်ထမ်းများ၏ နောင်ရေးစိတ်အေးရမည့်စနစ်ကောင်း နည်းလမ်းကောင်းများကို လေ့လာဆောင်ရွက်ရန်လိုကြောင်း၊ တစ်ဦးချင်းစုဆောင်းငွေစနစ်အရ အလုပ်သမား၊ အလုပ်ရှင်ထည့်ဝင်ကာ စုဆောင်းရခြင်းဖြစ်ပြီး ရေရှည်တွင် နိုင်ငံ့ဝန်ထမ်းများသာမက ပုဂ္ဂလိကဝန်ထမ်းများအတွက်ပါ စနစ်တကျအကောင်အထည်ဖော်သွားနိုင်အောင် ကြိုးပမ်းလျက်ရှိသည်ကို အသိပေးပြောကြားလိုကြောင်း၊ ဝန်ထမ်းများအနေဖြင့် ရှင်းလင်းတင်ပြလိုသော အကြောင်းအချက်အလက်များနှင့် အကြံပြုချက်များကို သက်ဆိုင်ရာ ဌာနတာဝန်ရှိသူများမှတဆင့် ဆက်လက်တင်ပြရန် ဖိတ်ခေါ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

**(မိုးသူဇာစိုး)**



# ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ မြန်မာနိုင်ငံကင်းထောက်အမျိုးသမီးအဖွဲ့နှင့် ဂျပန်နိုင်ငံ ကင်းထောက်အမျိုးသမီးအဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၂၉**

ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာသည် မြန်မာနိုင်ငံကင်းထောက်အမျိုးသမီးအဖွဲ့ ကင်းထောက်ချုပ် ဒေါ်တင်လှကြည်၊ ဒေါ်ခင်စောဥမ္မာ၊ ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံအမျိုးသမီးကင်းထောက်အဖွဲ့ (ယာယီ) တို့နှင့်အတူ ဂျပန်နိုင်ငံအိုဆာကာ ကင်းထောက်အမျိုးသမီးအဖွဲ့ခေါင်းဆောင် Ms.YOKO SHINKE ဦးဆောင်သော အဖွဲ့တို့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် (C) ဆောင် ဒုတိယဥက္ကဋ္ဌ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက လွှတ်တော်သို့လာရောက်လေ့လာကြသည့် မြန်မာနိုင်ငံကင်းထောက်အမျိုးသမီးအဖွဲ့နှင့် ဂျပန်နိုင်ငံအိုဆာကာကင်းထောက်အမျိုးသမီးအဖွဲ့ စုစုပေါင်း ၉၈ ဦးတို့အား ပြည်သူ့လွှတ်တော် ဗမ္ဗူသီရိဧည့်ခန်းမဆောင်၌ နှုတ်ခွန်းဆက် အမှာစကားပြောကြားပြီး ကင်းထောက် အမျိုးသမီးအဖွဲ့နှင့် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။(ဓါတ်ပုံ)

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာနှင့်အတူ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**

# ရခိုင်ပြည်နယ်ရှိ လမ်း/တံတားလုပ်ငန်းများ အဆင့်မြှင့်တင်လျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၉**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်သည် ဒီဇင်ဘာ ၂၇ ရက် မွန်းလွဲပိုင်းက သံတွဲခရိုင်ရုံး၌ အထူးအဖွဲ့၊ ခရိုင်အဖွဲ့၊ မြို့နယ်အဖွဲ့များမှ တာဝန်ခံအင်ဂျင်နီယာများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်း/တံတားများ တိုးတက်ကောင်းမွန်အောင် လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ဖို့လိုကြောင်း၊ သံတွဲခရိုင်အတွင်းရှိလမ်းများ တိုးတက်ကောင်းမွန်စေရန်၊ ယခုပွင့်လင်းရာသီတွင် တွန်းအားပေးဆောင်ရွက်ရန်လိုကြောင်း၊ ရန်ပုံငွေသုံးစွဲရာတွင်လည်း ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ သုံးစွဲရန်လိုကြောင်းမှာကြားသည်။

ထို့နောက် သံတွဲမြို့တွင်းလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်း၊ သံတွဲ-တောင်ကုတ်လမ်း မိုင်တိုင် (၁၈/၇ နှင့် ၁၉/၀)ကြား ကတ္တရာထပ်ပိုးလွှာခင်းနေမှု၊ မိုင်တိုင် (၂၃/၄ နှင့် ၂၃/၅)ကြား လမ်းချဲ့နေမှု၊ မိုင်တိုင်(၂၁/၀ နှင့် ၂၁/၁ ကြား) ကျောက်ခင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တောင်ကုတ်-မအီလမ်း မိုင်တိုင် (၂၃/၁ နှင့် ၂၃/၂ ကြား) ကျောက်ခင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးသည် ဒီဇင်ဘာ ၂၈ ရက် နံနက်ပိုင်းတွင် အမ်းမြို့ရှိ စီမံကိန်းအထူးအဖွဲ့(၇)ရုံးခန်းမ၌ အထူးအဖွဲ့၊ ခရိုင်အဖွဲ့၊ မြို့နယ်အဖွဲ့များမှ တာဝန်ခံအင်ဂျင်နီယာများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မင်းဘူး-အမ်းလမ်းပိုင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်း၊ မိုင်တိုင်(၇၉/၄ နှင့် ၇၉/၅)ကြား ပါရာချောင်းတံတား ချဉ်းကပ်လမ်းမြေထိန်းနံရံတည်ဆောက်နေမှု၊ မိုင်တိုင် (၆၁/၀)ရှိ ရခိုင်ပြည်နယ်နှင့်မကွေးတိုင်းဒေသကြီးနယ်စပ်တွင် လမ်းအဆင့်မြှင့်တင်ထားမှု၊ မိုင်တိုင်(၆/၇နှင့်၇/၀)ကြား ကတ္တရာထပ်ပိုးလွှာခင်းနေမှု၊ ပဒါန်း-ငဖဲ-စေတုတ္တရာ-ဆောလမ်းအခြေအနေ၊ မိုင်တိုင်(၃၆/၅) တွင် ပန်းထိန်းချောင်းတံတားတည်ဆောက်နေမှုနှင့် အင်းချောင်းတံတားကြွခိုင်မှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**



# (၆၇) နှစ်မြောက် လွတ်လပ်ရေးနေ့အကြို အားကစားပြိုင်ပွဲများ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၉**

စက်မှုဝန်ကြီးဌာန ဝန်ထမ်းများ၏ (၆၇) နှစ်မြောက် လွတ်လပ်ရေးနေ့အကြို အားကစားပြိုင်ပွဲများကို ယနေ့နံနက် ၈ နာရီခွဲတွင် အဆိုပါ ဝန်ကြီးဌာန၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်၊ ဒုတိယဝန်ကြီး ဦးသိန်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ဝန်ထမ်းများ တက်ရောက် ကြည့်ရှုအားပေးကြသည်။

အမျိုးသား၊ အမျိုးသမီး လွန်ဆွဲပြိုင်ပွဲ၊ သုံးချောင်းထောက်အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲ၊ အမျိုးသမီး စာအုပ်ရွက်ပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီး ဂုန်နီအိတ်စွပ်ပြိုင်ပွဲ၊ အမျိုးသားခေါင်းအုံးရိုက်ပြိုင်ပွဲများနှင့် အမျိုးသမီးထုပ်ဆီးတိုးပြိုင်ပွဲများကို ကျင်းပပြီး ပြိုင်ပွဲများ၌ ပထမ၊ ဒုတိယ၊ တတိယဆုရ အသင်းများနှင့် ဆုရသူများအား ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။



**(ကြေးမုံ)**

# မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များအတွက် CNJ မီးသတ်ရေသယ်ယာဉ် ၃၁ စီး လွှဲပြောင်းပေးအပ်

**မကွေး ဒီဇင်ဘာ ၂၉**

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များအတွက် CNJ မီးသတ်ရေသယ်ယာဉ် ၃၁ စီးနှင့် ပစ္စည်းကိရိယာလွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက တိုင်းဒေသကြီးအားကစားကွင်း၌ ကျင်းပသည်။

ရှေးဦးစွာတိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး မကွေးခရိုင်၊ ပခုက္ကူခရိုင်၊ ဂန့်ဂေါခရိုင်များသို့ လည်းကောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက သရက်ခရိုင်၊ မင်းဘူးခရိုင်များသို့ လည်းကောင်း မီးသတ်ရေသယ်ယာဉ်နှင့်စပ်လျဉ်းသည့်စာရွက်စာတမ်းများအား လွှဲပြောင်းပေးအပ်ခဲ့ကြသည်။ ထို့နောက် တိုင်းဒေသကြီး/မြို့နယ်များကိုယ်စား မကွေးမြို့မှ မြို့မိမြို့ဖ ဦးထွန်းဆိုင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

CNJ မီးသတ်ရေသယ်ယာဉ် ၃၁ စီး လွှဲပြောင်းပေးအပ်ရာတွင် အဆိုပါ မီးသတ်ရေယာဉ်များနှင့် ဆက်စပ်ပစ္စည်းများ၊ မီးငြိမ်းသတ်ရေးကိရိယာများ၊ ရှာဖွေကယ်ဆယ်ရေးပစ္စည်းကိရိယာများ အသုံးပြု၍ သရုပ်ပြသခြင်းများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

# ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ပထမ(၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာက မုန်တိုင်းငယ်တစ်ခုအဖြစ်သို့ ရောက်ရှိနိုင်သည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့်သာယာနိုင် ပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

**မိုးရွာရက်အခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ် တို့တွင် နှစ်ရက်မှ သုံးရက်ခန့်မိုးရွာနိုင်ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့်သာယာမည်။

**ညအပူချိန်**

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ် တို့တွင် ဇန်နဝါရီလ၏ပျမ်းမျှအပူချိန်တို့ထက်ပိုနိုင်ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ပျမ်းမျှအပူချိန်ခန့်သာရှိနိုင်သည်။

**မြူအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ငါးရက်မှ ခြောက်ရက်ခန့်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် လေးရက်ခန့် နံနက်ပိုင်းတွင်မြူထူများဆိုင်းနိုင်ပါသည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ကသာမြို့၊ မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့တွင် ပေဝက်ခန့်နှင့် ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ပေခန့် လက်ရှိရေမှတ်များ၏အောက်ကျဆင်းနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့တွင် ပေဝက်ခန့် လက်ရှိ ရေမှတ်များ၏အောက်ကျဆင်းနိုင်သည်။

# နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်

**အောင်လံ ဒီဇင်ဘာ ၂၉**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့၌ မိုးပွင့်အဆင့်(၇) စီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည့် မဟာဇင်ကျေးရွာအုပ်စု၊ ရွှေပန်းတောကျေးရွာအုပ်စု၊ သဖန်းစမ်းကျေးရွာအုပ်စု၊ ပိတောက်ကုန်းကျေးရွာအုပ်စုနှင့် ထောက်ကြံ့တိုင်ကျေးရွာအုပ်စုများသို့ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲကို ဒီဇင်ဘာ တတိယပတ်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ ပေးအပ်ပွဲ အခမ်းအနားသို့ မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစန်းလွင်၊ ဦးခင်ရွှေနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဆင့်၊ မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနဦးစီးမှူး ဦးစောလှမောင်တို့က နိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်ထားရှိသည့် မဟာဇင်ကျေးရွာမှ ၁၃၃ ဦး၊ ရွှေပန်းတောကျေးရွာမှ ၁၄၃ ဦး၊ သဖန်းစမ်းကျေးရွာမှ ၁၀၉ ဦး၊ ပိတောက်ကုန်းကျေးရွာမှ ၃၉၈ ဦး၊ ထောက်ကြံ့တိုင်ကျေးရွာမှ ၇၁ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကျေးရွာအုပ်ချုပ်ရေးမှူးများထံ ပေးအပ်ခဲ့ကြောင်းသိရသည်။

**နန်းမောင်(သရက်)**

# ဖျာပုံနှင့် မအူပင်ခရိုင်တို့ရှိ လမ်း/တံတားများ စစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၂၉**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်သည် ဒီဇင်ဘာ ၂၇ ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးတံတား ရှင်းလင်းဆောင်၌ ဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကားပြောကြားသည်။

ထို့နောက် ဖျာပုံ-ဘိုကလေးလမ်း မိုင်တိုင် (၁၉/၁နှင့် ၁၉/၂) ရှိ နတ်ချောင်းတံတား ပြန်လည်တည်ဆောက်နေမှု၊ လမ်းတစ်လျှောက် ပြင်ဆင်ထိန်းသိမ်းနေမှု၊ ပံတပွတ်တံတားတည်ဆောက်ရေးလုပ်ငန်း၊ မအူပင်-တွံတေးလမ်း မိုင်တိုင် (၁၈/၆နှင့် ၁၈/၇) ကြား၊ ရေကျော်အေးတံတား တည်ဆောက်နေမှုနှင့် တွံတေး-လှိုင်သာယာ လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**(ကြေးမုံ)**

# ငါးပြေမအတု သတိပြု



မြန်မာလူမျိုးတို့ အသည်းစွဲနှစ်ခြိုက်သော ရေချိုငါးမျိုးများတွင် ငါးပြေမ ပါဝင်ပါသည်။ စားသုံးရာ၌ အရသာ လေးလေးပင်ပင်ရှိခြင်း၊ အသားနူးညံ့ခြင်းတို့ကြောင့် အကြိုက်ပိုကြဟန်တူပါ၏။ အလယ်ရိုးကြောင်းအပြင် ကျောဘက် ဆူးမာများနှင့် ဝမ်းဘက်ဆူးတောင်များကြောင့် အရိုးများလွန်းသည်ဟူ၍ အချို့က ရှောင်ကြသော်လည်း မြန်မာထမင်းဆိုင်များတွင် ငါးပြေမဆီပြန်ဟင်းသည် ရောင်းပန်းလှသော ဟင်းတစ်ခွက်ဖြစ်ပါသည်။

ပဲခူးတိုင်းဒေသကြီး ပျဉ်ပုံကြီးဘက်မှ ထွက်သော လက်တစ်ဝါးခန့် ငါးပြေမကြီးများသည် ကဝက်ကင်းငါးသလောက်နည်းတူ ပျဉ်ပုံငါးပြေမဟူ၍ နာမည်ရသည်။ ငါးပြေမသည် မြန်မာ့တိုင်းရင်း ရေချိုငါးမျိုးဖြစ်ပြီး သိပ္ပံအမည်မှာ *Anabus testudineus* ဖြစ်သည်။ မျိုးရင်း (Family) Anabantidae ၌ ပါဝင်ပြီး အင်္ဂလိပ်အမည်မှာ climbing perch ဖြစ်၏။ ငါးပြေမသည် အသားစားငါးမျိုး (Carnivore) ဖြစ်ပြီး ပါးဟက်အတွင်း အပိုလေရှူအင်္ဂါပါ၍ ငါးကျည်း၊ ငါးခူများနည်းတူ အသက်ပြင်းသည်။ ငါးဈေးတန်းများအတွင်း အကောင်အရှင်ထားရောင်းသည်ကို တွေ့နိုင်ပြီး အရွယ်အစားကိုလိုက်၍ တစ်ပိဿာလျှင် ၆၀၀၀ ကျပ်မှ ၁၀၀၀၀ ကျပ်အတွင်း ရောင်းဈေးရှိ၍ ဈေးကောင်းလှ၏။ ငါးပြေမကို ပြည်တွင်း၌ သုတေသနပြု စမ်းသပ်သားဖောက်နိုင်သော်လည်း စီးပွားဖြစ်သားပေါက်များ ထုတ်လုပ်ရောင်းချနိုင်သည့်အဆင့်သို့ မရောက်ရှိသေးပေ။

ယခုနှစ်ပိုင်းအတွင်း ငါးပြေမနှင့် ဆင်တူသော ငါးတစ်မျိုးကို ဈေးများရှိ ငါးဈေးတန်းများတွင် လည်းကောင်း၊ လမ်းဘေးခေါင်းရွက်ဗျပ်ထိုး ဈေးသည်လေးများထံတွင်လည်းကောင်း ငါးပြေမဟူ၍ ဈေးခေါ်ပြီး တွင်တွင်ကျယ်ကျယ် ရောင်းချနေသည်ကို တွေ့ရှိနေရပါ၏။ မိမိရောက်လေ့ရှိသော (၃၈)လမ်းဈေး၊ ပုဇွန်တောင်ဈေးနှင့် ရေကျော်ဈေးများ၌လည်း တွေ့မြင်ရပါသည်။ ရောင်းဈေးမှာ တစ်ပိဿာလျှင် ကျပ် တစ်သောင်းမှ တစ်သောင်းနှစ်ထောင်အထိ ဈေးကောင်းသည်။

ယင်းငါးသည် ငါးပြေမနှင့် အသွင်သဏ္ဌာန်ဆင်နေ၍ ရုတ်တရက်ကြည့်ပါက ဆင်တူနေသော်လည်း ဂရုတစိုက်ကြည့်ပါမူ ကွဲပြားသည့် အချက်များရှိသည်ကို တွေ့ရပါလိမ့်မည်။ ထိုငါးသည် ငါးပြေမထက် ဦးခေါင်းပိုင်းသေးငယ်ပြီး ချွန်နေကာ ကိုယ်အလျားမှာ ခုံးဝိုင်းသည်။ ငါးပြေမတွင်ကား ကိုယ်အလျား ပို၍ရှည်သည်။ ထင်ရှားသော ကွဲပြားချက်မှာ ငါးပြေမ၏ ပါးဟက်ဖုံး (opercle) ၌ ခွေးသွားစိတ်သဏ္ဌာန် ဆူးဇောင်းများပါရှိပြီး အဆိုပါငါးတွင်မူ ပါးဟက်ဖုံး၌ အရိုးပြား ၂ ချောင်းသာ တွေ့ရ၏။ မိမိလက်လှမ်းမီသမျှ စူးစမ်းလေ့လာချက်များအရ ယင်းငါး၏ မျိုးရင်းသည် Nandidae ဖြစ်ပြီး သိပ္ပံအမည်မှာ *Pristolepis fasciata* ဖြစ်ပါသည်။ အင်္ဂလိပ်အမည်မှာ Catopra ဖြစ်ပြီး မြန်မာ၊ ထိုင်း၊ မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံများ၌တွေ့ရှိကာ အစုံစားသည့်ငါးမျိုး (Ominivore) ဖြစ်ပါသည်။

နေ့စဉ် ဈေးဝယ်ခြမ်းချက်ပြုတ်နေရသော အိမ်ရှင်မများအဖို့ကား ဈေးဝယ်ရာ၌ ရောင်းမှားဝယ်မှားဖြစ်လေ့ဖြစ်ထရှိပေရာ အာဖရိကငါးခူနှင့် တိုင်းရင်းမြန်မာငါးခူ၊ ငါးဖမ်းမနှင့် ငါးဖယ်အောင်း၊ ရွှေဝါငါးကြင်းနှင့် ငါးဖိန်း၊ ငါးမြင်းနှင့် ငါးတန်တို့ကား မှားဝယ်လေ့ရှိသော၊ မှားဝယ်တတ်သော ငါးမျိုးများဖြစ်ပါသည်။ အချို့ဆိုလျှင် ငါးခူနှင့် ငါးကျည်း၊ ငါးခုံးမနှင့် ငါးဘဲဖြူတို့ကိုပင် မှားဝယ်သည်ကို တွေ့ဖူးသည်။ အာဖရိကငါးခူတွင် ဦးခေါင်းနှင့် ကိုယ်အပိုင်းဆက်သည့် ကုတ်နေရာ၌ (V) ပုံသဏ္ဌာန်အချွန်ရှိပြီး မြန်မာတိုင်းရင်းငါးခူ၌မူ မြန်မာအက္ခရာ (က)ပုံသဏ္ဌာန် တွေ့နိုင်ပါသည်။ ငါးဖယ်အောင်းမှာ ငါးဖမ်းမနှင့် ဆင်တူသော်လည်း ငါးဖမ်းမထက် အရွယ်ကြီးသော ငါးမျိုးဖြစ်သည်။ ရွှေဝါငါးကြင်းမှာ ခန္ဓာကိုယ်ခုံးဝိုင်းကာ ငါးဖိန်းမှာမူ ကိုယ်အလျားရှည်သွယ်ပါသည်။ ငါးမြင်းနှင့် ငါးတန်တွင်ကား ခုတ်သားများသာ အရောင်းများ၍ အသား၏ အရောင်ကို ကြည့်ရှုပြီး ခွဲခြားနိုင်ပါသည်။ ငါးမြင်း၏အသားမှာ ဖြူပြီး ငါးတန်အသားမှာမူ အဝါရောင်သန်းပါသည်။ လောကဓမ္မတာအရ အရာရာတွင် ဆင်တူယိုးမှားရှိသော အဖြစ်မျိုးများရှိတတ်ပေရာ မည်သည့်နယ်ပယ်၌မဆို ရောင်းမှားဝယ်မှား အဖြစ်မများကြစေခြင်းငှာ သတိချပ်၍ ဝယ်ယူစားသုံးနိုင်ကြပါရန် ရေးသားဖော်ပြလိုက်ရခြင်းဖြစ်ပါသည်။

**စံလွင် (ငါးဦးစီး)**

# သဘာဝစိုက်ပျိုးရေးအကျိုးပြုပိုးများ၊ မိုက်ကရိုရိုက်ဇာမှိုနှင့် ဗက်တီးရီးယားအကြောင်း ဟောပြောပွဲနှင့် သင်တန်းဆင်းပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၉**

ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ UMFCCI မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းရုံး၌ နံနက်ပိုင်းက မြန်မာနိုင်ငံ သစ်သီးဝလံ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း MFFVPEA နှင့် WINROCK INTERNATIONAL တို့ ပူးပေါင်းစီစဉ်မှုဖြင့် အော်ဂဲနစ်စိုက်ပျိုးရေးစနစ်အတွက် သဘာဝအကျိုးပြုပိုးများ၊ မှိုနှင့် ဗက်တီးရီးယားအကြောင်း Farmer to Farmer အနေဖြင့် နည်းပညာဗဟုသုတ ဖြန့်ဝေပေးနိုင်ရန် "The Importance of Micorrhizal Fungi to Agriculture Eco-system" ကို အမေရိကန်နိုင်ငံမှ Micorrhiza Expert ဖြစ်သူ Dr. Wendy Taheri က ဟောပြောခဲ့ရာ ဒေါက်တာလှအောင်က ဘာသာပြန်ပေးပြီး သစ်သီးဝလံနှင့် ပန်းမန်အသင်းဥက္ကဋ္ဌ ဦးစိုးသန်းမင်းဒင်၊ သင်တန်းသားများနှင့် အော်ဂဲနစ်စိုက်ပျိုးရေးစိတ်ဝင်စားသူ စိုက်ပျိုးရေးဝါသနာရှင်များ တက်ရောက်ကြသည်။

သစ်သီးဝလံနှင့် ပန်းမန်အသင်းဥက္ကဋ္ဌ ဦးစိုးသန်းမင်းဒင်က အဖွင့်အမှာစကားအနေဖြင့် မြန်မာနိုင်ငံတွင် အော်ဂဲနစ်စိုက်ပျိုးရေးကို အထူးစိုက်ပျိုးလျက်ရှိပြီး သီးသန့်အော်ဂဲနစ်သီးနှံဈေးကွက်ဖော်လျက်ရှိကြောင်း ပြောကြားသည်။ အော်ဂဲနစ်သစ်သီးဈေးကွက်မရှိသဖြင့် အော်ဂဲနစ်သီးနှံများကို သာမန်သီးနှံများနှင့် ဈေးကွက်များတွင် ဈေးနှုန်းတူရောင်းချနေသည်ကိုလည်း တွေ့ရှိကြောင်းပြောသည်။ လက်ရှိကော်ဖီအသင်းနှင့် ထောပတ်သီးစိုက်ပျိုးထုတ်လုပ်သူများအသင်းများလည်း ဖွဲ့စည်းနိုင်ခဲ့ပြီး ဈေးကွက်များလည်း ရရှိနေပြီဟုပြောသည်။

စိုက်ပျိုးရေး တောင်သူ၊ ဝါသနာရှင်၊ လုပ်ငန်းရှင်၊ ပညာရှင် အထူးသဖြင့် အော်ဂဲနစ်စိုက်ပျိုးရေးစနစ်အတွက် စိုက်ပျိုးရေးဂေဟစနစ်ကို ထိန်းသိမ်းပေးသည့် သဘာဝအကျိုးပြုပိုးများ၊ မှိုနှင့်ဗက်တီးရီးယားများအကြောင်း ပိုမိုသိရှိရန် လိုအပ်ပါကြောင်း၊ ထိုထိုသော အကျိုးပြုမိတ်ဆွေပိုးများ၊ မှိုများအနက်တစ်ခုဖြစ်သည့် မိုက်ကရိုရိုက်ဇာမှိုသည် မြေကြီးအတွင်း အပင်အမြစ်ဘေးတစ်ဝိုက် ရှင်သန်ပေါက်ပွားနေလေ့ရှိပြီး သစ်ပင်မှ ထုတ်လွှတ်သော သကြားဓာတ်ကိုစုပ်ယူကာ သစ်ပင်အတွက် သဘာဝမြေသြဇာများကို ပြန်လည်ထုတ်လုပ်ပေးခြင်းနှင့် အဝေးမှ ရေငွေ့ကိုစုပ်ယူကာ အပင်အမြစ်များသို့ ပေးပို့နိုင်သည့်အတွက် သစ်ပင်နှင့် ထိုမှိုတို့အကြား အပြန်အလှန်အကျိုးပြုနေပြီး အပင်များကိုသန်မာစေ၍ အထွက်နှုန်းပိုမိုကောင်းမွန်ကာ ပိုးမွှားများ အန္တရာယ်များကိုလည်းကာကွယ်ပေးကြောင်း၊ ဓာတုဓာတ်မြေသြဇာများ အလွန်အကျွံသုံးစွဲလိုက်ပါက ထိုအကျိုးပြုမှိုများ လျော့နည်းသွားနိုင်ကြောင်း ပြောသည်။ ထို့ကြောင့် မိုက်ကရိုရိုက်ဇာမှိုများကို သီးသန့်စုဆောင်းထားသင့်ကြောင်း၊ ထိုအပင်အကျိုးပြုမှိုများသည် စားကျက်မြေများ၏ အမြစ်များတွင် ပိုမိုရှိနိုင်ကြောင်း သိရသည်။ ထို့ပြင် မြေဆီလွှာများ မပျက်စီးစေရန်အတွက် မြေကွက်များကို အလွတ်မထားဘဲ အပင်တစ်မျိုးမျိုး စိုက်ပျိုးထားခြင်းဖြင့် မြေဆီပျက်သုဉ်းမှုကို ကာကွယ်သည့်အပြင် မြေဆီမြေနှစ် သဘာဝမြေသြဇာများကိုလည်း ထိန်းသိမ်းထားနိုင်ကြောင်း ပြောကြားသည်။ အမေရိကန်နိုင်ငံတွင်လည်း လယ်သမားတချို့ငွေကြေးများစွာသုံးပြီး ဓာတ်မြေသြဇာများကို အသုံးပြုလျက်ရှိနေသည်ကို တွေ့ရကြောင်းပြောသည်။ လယ်သမားများအနေဖြင့် စိုက်ပျိုးရေးအကျိုးပြုမှိုများကို ထိန်းသိမ်းထားခြင်းဖြင့် သီးနှံအထွက်တိုးကာ ဝင်ငွေတိုးတက်လာနိုင်မည်ဖြစ်ပြီး စားသုံးသူများလည်း ကျန်းမာရေးနှင့် ညီညွတ်လာလိမ့်မည်ဟု ၎င်းက ပြောသည်။ မြန်မာနိုင်ငံ၌ စိုက်ပျိုးမြေပတ်ဝန်းကျင်နှင့်သင့်တင့်သည့် အကျိုးပြုမှိုအမျိုးအစားများကို ရွေးချယ်စုဆောင်းထားသင့်ကြောင်း၊ အာရှတိုက်တွင် အိန္ဒိယနိုင်ငံ၌ စိုက်ပျိုးမြေနှင့် ကိုက်ညီသည့် မှိုများကို ထိန်းသိမ်းထားပြီးဖြစ်သည်ဟု ၎င်းက ပြောသည်။

ဆရာ ဒေါက်တာကျော်ငြိမ်းအေး၏ Eco-Lab ဓာတ်ခွဲခန်းတွင် အသုံးပြုသင်ကြားခဲ့ပြီး ကန်တော်ကြီး မြေပဒေသာကျွန်းမှ အပင်မျိုးစိတ်တချို့ကိုလည်း နမူနာရယူကာ လက်တွေ့လေ့လာသင်ယူခြင်းအပါအဝင် (၇)ရက်ကြာ သဘာဝစိုက်ပျိုးရေးအကျိုးပြုမှို လက်တွေ့မွေးမြူအသုံးချနည်းသင်တန်း တက်ရောက်ကြသော သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**(သန့်ဇင်ဝင်း)**

# စာတည်းမှူးထံ ပေးစာများ

## ကျိုးပျက်မိလ္လာကန် ပြုပြင်ပေးစေလို

ရန်ကုန်မြို့ တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် မြလေးရုံလမ်းနဲ့ ခေမာသီရိလမ်း နောက်ဖေးလမ်းကြား မိလ္လာကန်ကျိုးပျက်၍ အမှိုက်များနှင့် ပြည့်လျှံနေပါသည်။ ထိုတိုက်များရှိ မိလ္လာပိုက်များ၊ ရေဆိုးသုံးပိုက်များ ကျိုးပျက်၊ ပျက်စီးနေပြီး ရေများသည့်အပြင် ပိတ်ဆို့နေသောမြောင်းများတွင် မိလ္လာအညစ်အကြေးများစွန့်နေသောကြောင့် မြေညီတိုက်ခန်းများမှာ မိလ္လာများအိမ်သာမှမဆင်းခြင်း၊ ရေဆိုးများအိမ်ထဲသို့ စိမ့်ဝင်နေသည်မှာ နှစ်နဲ့ချီ၍ကြာနေပါသဖြင့် ထိုရေဆိုးများသည် မြလေးရုံလမ်းမကြီးသို့ ရောက်ရှိနေပါသည်။ သက်ကြီးများ၊ ကလေးများ ကျန်းမာရေးကို လွန်စွာထိခိုက်ပြီး အညစ်အကြေးများ၊ အနံ့ဆိုးများကို ခံစားနေရပါ၍ သက်ဆိုင်ရာမှ အမြန်ဆုံး ကူညီဆောင်ရွက်ဖြေရှင်းပေးပါရန် တင်ပြအပ်ပါသည်။

**(မြလေးရုံ လမ်းသူ လမ်းသားများ)**

## တိုက်ခန်းရှေ့ရှိအပင်များ ဖယ်ရှားပေးပါရန်

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ရေတွင်းကုန်းရပ်ကွက် လမ်း(၁၂၀)၊ တိုက်တစ်တိုက် အရှေ့မျက်နှာစာတွင် မြေညီထပ်နေထိုင်သူများမှ လမ်းဧရိယာအတွင်း အုတ်ခုံမြင့်အခိုင်အမာပြုလုပ်၍ သစ်ပင်၊ ပန်းပင်များ စိုက်ပျိုးထားပါသည်။ တိုက်အမှတ်(၅)ရှိ အပေါ်ထပ်နေထိုင်သူများမှ အတက်အဆင်းပြုရာတွင်လည်းကောင်း၊ ကားများရပ်နား၍ မရပါ။ လမ်းအင်္ဂါရပ်နှင့်လည်း လုံးဝကိုက်ညီမှုမရှိပါ။ သို့ဖြစ်ပါ၍ ၎င်းတိုက်ရှေ့လမ်းဧရိယာမှ ကျူးကျော်အခိုင်အမာစိုက်ပျိုးထားသော အပင်များအား သက်ဆိုင်ရာမှ အမြန်ဆုံးရှင်းလင်းဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

**(အပေါ်ထပ်နေပြည်သူများ)**

## ဇာပန်းထိုးစက်ရုံဖယ်ရှားပေးစေလို

မြို့တော်(၄)လမ်း ချမ်းသာရွှေပြည်အိမ်ရာ (၁၀)ရပ်ကွက် အရှေ့ဒဂုံ နေအိမ်တစ်လုံးတွင် ကွန်ပျူတာဖြင့် ဇာပန်းထိုးခြင်းလုပ်ငန်းအား ၂၄ နာရီပတ်လုံး လုပ်ကိုင်လျက်ရှိပါသည်။ ယင်းစက်များ၏ ဆူညံသံများသည် ပတ်ဝန်းကျင်အား အသံကျယ်လောင်စွာဖြင့် အနှောင့်အယှက်ပေးလျက်ရှိပါသည်။ အထူးသဖြင့် ညအချိန်များတွင်ထွက်သော စက်သံများကြောင့် ကျောင်းသား ကျောင်းသူများနှင့် သက်ကြီးရွယ်အိုများ အနှောင့်အယှက်ဖြစ်ရပါသည်။ သို့ဖြစ်ပါ၍ အဆိုပါစက်ရုံအား ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

**(ဆူညံသံမခံနိုင်သူများ)**

## ဆူညံသံနှင့် ညှော်နံ့မခံနိုင်

မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်မြို့ ကူကြီးကုန်းကျေးရွာ ခတ္တာလမ်းရှိ အိမ်တစ်အိမ်တွင် လိုင်စင်မဲ့သံပန်း၊ သံတံခါးလုပ်ငန်း နေ့စဉ်ပြုလုပ်နေရာ မီးဘေးအန္တရာယ်စိုးရိမ်ရသည့်အပြင် ဂဟေဆော်သည့် ညှော်နံ့များနှင့် မီးစက်သံများ ဆူညံနေသောကြောင့် အနီးပတ်ဝန်းကျင်မှ သက်ကြီးရွယ်အိုများနှင့် ကလေးငယ်များ၏ ကျန်းမာရေးထိခိုက်ပါသဖြင့် လူနေရပ်ကွက်အတွင်းမှ အမြန်ဆုံးဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

**(ဆူညံသံနှင့်ညှော်နံ့မခံနိုင်သူများ)**

## ရပ်ကွက်အတွင်းက ကြက်သတ်လုပ်ငန်း ကျန်းမာရေးထိခိုက်

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ်(၉)ရပ်ကွက် ရတနာသိင်္ဂီပတ်လမ်း အိမ်တစ်အိမ်နှင့် စည်ပင်မြောင်းအတွင်းတွင် ကြက်များမွေးမြူပြီး သတ်ဖြတ်နေပါသဖြင့် လမ်းအတွင်း၌နေထိုင်ကြသော ပတ်ဝန်းကျင်ရှိလူနေအိမ်များ၊ လူအများစုသည် အနံ့အသက်ဆိုးများကြောင့် ကျန်းမာရေးဆိုးရွားစွာ ထိခိုက်နေရာ သက်ဆိုင်ရာမှ ဖြေရှင်းပေးပါရန် တင်ပြအပ်ပါသည်။

**(အနံ့ဆိုးမခံနိုင်သူများ)**



# လူရည်ချွန်စီမံကိန်း နှစ်(၅၀) ပြည့် ရွှေရတုကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၉**

လူရည်ချွန်စီမံကိန်းနှစ် (၅၀)ပြည့် ရွှေရတုနှင့် ၂၀၁၄ ဘက်စုံပညာထူးချွန်ဆုပေးအပ်ပွဲ နံနက်ပိုင်းအစီအစဉ်ကို ဒီဇင်ဘာ ၂၈ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဆေးတက္ကသိုလ် (၁) ၌ ကျင်းပသည်။

အခမ်းအနားတွင် သဘာပတိ လူရည်ချွန်အဖွဲ့ဥက္ကဋ္ဌဒေါက်တာတင်မျိုးဝင်းက ရွှေရတုဂုဏ်ပြုစကားပြောကြားပြီး အဖွဲ့အကြံပေးဒေါက်တာမောင်မောင်အေးနှင့်ဒေါက်တာဖေသက်ခင်တို့က အမှတ်တရစကားပြောကြားကြသည်။

ထို့နောက် လူရည်ချွန်အဖွဲ့အတွင်းရေးမှူးက အဖွဲ့၏လုပ်ငန်းဆောင်ရွက်ချက်များနှင့် ဘဏ္ဍာရေးအကျဉ်းကို ရှင်းလင်းပြီးအလှူရှင်များက အလှူငွေများပေးအပ်သည်။

လူရည်ချွန်စီမံကိန်းကို ၁၉၆၄ ခုနှစ်တွင် ပညာရေးဝန်ကြီးဌာနက စတင်ဖော်ဆောင်ခဲ့ပြီး ယခုအခါတွင် အဖွဲ့ဝင်ပေါင်း ၁၂၀၀ ခန့်ရှိကာ အဖွဲ့၏ ဆောင်ပုဒ်မှာ "နိုင်ငံ့အကျိုးဆောင်ရွက်ဖို့ လူရည်ချွန်များစုစည်းစို့" ဟူ၍ဖြစ်သည်။

**(နေသစ်ဦး)**



# နှင်းဆီကုန်းဘိုးဘွားများအား ပျော်ဖြေ

**ရန်ကုန် ဒီဇင်ဘာ ၂၉**

ဗဟန်းမြို့နယ် ရွှေဂုံတိုင် နှင်းဆီကုန်းဘိုးဘွားရိပ်သာတွင် (၅၃)ကြိမ်မြောက်ပျော်ပွဲရွှင်ပွဲနိဗ္ဗာန်စျေးဆိုင်ခန်းများ ရောင်းချခဲ့ကြသည့် အလှူရှင်များနှင့်ပါဝင်လုပ်အားပေးသူများအား ဂုဏ်ပြုပွဲတစ်ရပ်ကို ဒီဇင်ဘာ ၂၈ ရက်က ကျင်းပခဲ့သည်။

ဂုဏ်ပြုပွဲအပြီးတွင် ဘိုးဘွားများအားမောင်ချိုမင်း (ကန္တရဝတီ)မြန်မာ့ဂီတအင်အားစုမှ ရုပ်ရှင်အကယ်ဒမီတေးသံရှင်ဒေါ်ချိုပြုံးနှင့်တွဲဖက်၍ နှောင်းခေတ်မြန်မာသံစဉ်တေးဂီတများဖြင့်ဖျော်ဖြေခဲ့ရာ ဘိုးဘွားများရွှင်လန်းနှစ်သက်စွာ အားပေးကြကြောင်း သိရသည်။ **(ကြေးမုံ)**

# လှိုင်မြို့နယ် သီရိမင်္ဂလာဈေး၌ အုပ်စုဖွဲ့၍ အနိုင်ကျင့်ဗိုလ်ကျ မိုက်ကြေးခွဲရာတွင်ပါဝင်ပြီးအမှုဟောင်းများမှ ထွက်ပြေးတိမ်းရှောင်နေသူ တရားခံပြေးအား ဓား လက်နက်များနှင့်အတူ ဖမ်းဆီးရမိ

**ရန်ကုန် ဒီဇင်ဘာ ၂၉**

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ နယ်မြေအတွင်းရှိ ခရိုင်များအတွင်း မှုခင်းကျဆင်းရေး၊ ဒုစရိုက်မှုများ ဖော်ထုတ်ဖမ်းဆီးရေးနှင့် မှုခင်းကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို စီမံချက်များချမှတ်၍ ဆောင်ရွက်လျက်ရှိသည့်အပြင် အုပ်စုဖွဲ့၍ အနိုင်ကျင့်ဗိုလ်ကျမိုက်ကြေးခွဲသည့် လူဆိုး၊ လူမိုက်များကိုလည်း ဖော်ထုတ်ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ခဲ့ရာ အနောက်ပိုင်းခရိုင် လှိုင်မြို့နယ် သီရိမင်္ဂလာဈေး၌ အုပ်စုဖွဲ့၍ အနိုင်ကျင့်ဗိုလ်ကျမိုက်ကြေးခွဲရာတွင် ပါဝင်သူ စနေ(ခ)မောင်ထွန်း (၃၄)နှစ် တွံတေးမြို့နယ်နေသူမှာ ထွက်ပြေးတိမ်းရှောင်လျက်ရှိပြီး ၎င်းသည် ယခင်က ကြည့်မြင်တိုင်မြို့မရဲစခန်း(ပ)၇၄၀/၂၀၁၂၊ ပြစ်မှုပုဒ်မ ၃၂၆/၃၂၄/၁၁၄ အမှု၊ တွံတေးမြို့မရဲစခန်း (ပ)၅၅၂/၂၀၁၂၊ ပြစ်မှုပုဒ်မ ၃၃၃ အမှုနှင့် ပိတောက်ချောင်းနယ်မြေရဲစခန်း (ပ)၃၂၃/၂၀၁၂၊ ပြစ်မှုပုဒ်မ ၃၂၄/၃၂၃/၃၃၇/၁၁၄ အမှုတို့ကို ကျူးလွန်ခဲ့သဖြင့် အရေးယူခံရကာ စုစုပေါင်းထောင်ဒဏ် နှစ်နှစ်ကျခံဖူးသူဖြစ်ကြောင်းနှင့် တွံတေးမြို့မရဲစခန်း (ပ) ၄၁၉/၂၀၀၆၊ ပြစ်မှုပုဒ်မ ၃၇၉/ကျင့်-၅၁၂၊ (ပ)၁၂၉/၂၀၀၈၊ ပြစ်မှုပုဒ်မ ၃၇၉/ကျင့်-၅၁၂ နှင့် (ပ)၄၈၉/၂၀၁၁၊ ပြစ်မှုပုဒ်မ ၁၂၅/၁၂၆/၄၂၇/၁၁၄/ကျင့်-၅၁၂ အမှုများမှ ထွက်ပြေးတိမ်းရှောင်နေသော တရားခံပြေးတစ်ဦးလည်းဖြစ်ကြောင်း သိရှိရသဖြင့် ဖမ်းဆီးရမိရေးအတွက် စုံစမ်းဖော်ထုတ်ဆောင်ရွက်ခဲ့သည်။

ထွက်ပြေးတိမ်းရှောင်နေသူ စနေ(ခ)မောင်ထွန်းအား ဖမ်းဆီးရမိရေးအတွက်ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး အကူတပ်ဖွဲ့ခွဲ အုပ်ချုပ်မှုတပ်ခွဲ၊ မှုခင်းအကူဌာနမှ တပ်ဖွဲ့ဝင်များက စုံစမ်းဆောင်ရွက်ခဲ့ရာ ၎င်းသည် လှည်းကူးမြို့နယ် ကျောက်အိုင်ရွာတွင် ရောက်ရှိနေကြောင်းသတင်းအတည်ပြုရရှိသဖြင့် ဒီဇင်ဘာ ၂၅ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ဝင်ရောက်ရှာဖွေ ဖမ်းဆီးခဲ့ရာ ၎င်းအား နေအိမ်တွင် ဖမ်းဆီးရမိခဲ့သည်။

၎င်းအား ဖမ်းဆီးရမိစဉ် အိပ်ခန်းအတွင်းခေါင်းအုံးအောက်၌ ဝှက်သိမ်းထားသော ဓားဦးချွန် နှစ်ချောင်း၊ အခန်းအဝင်ဝမှ ဓားကောက်အရှည်တစ်ချောင်း၊ ရဲတင်း တစ်လက်၊ လေးခွတစ်လက်နှင့် သံကုံးသီးရှစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သည့်အပြင် နေအိမ်ရှေ့မှ ဆူဇူကီးအမျိုးအစား လိုင်စင်မဲ့ဆိုင်ကယ်တစ်စီးကိုလည်း သိမ်းဆည်းရမိခဲ့သည်။

ထိုသို့ ဖမ်းဆီးရမိသဖြင့်စနေ(ခ)မောင်ထွန်းအား လှည်းကူးမြို့မရဲစခန်း (ပ)၅၃၁/၂၀၁၄၊ လက်နက်များအက် ဥပဒေပုဒ်မ-၁၉(က)ဖြင့်လည်းကောင်း၊ (ပ)၅၃၂/၂၀၁၄၊ ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ ၈ ဖြင့်လည်းကောင်းအမှုများ အသီးသီးရေးဖွင့်ကာ အရေးယူဆောင်ရွက်ခဲ့သည့်အပြင် ယခင်တရားခံပြေးအမှုများဖြင့်လည်း ဆက်လက်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့)**

# သစ်တောဝန်ထမ်းများအား သောင်းကျန်းသူအဖွဲ့(စစ်စစ်ဆဲ)မှ သေနတ်ဖြင့်ပစ်ခတ်

**နေပြည်တော် ဒီဇင်ဘာ ၂၉**

ရှမ်းပြည်နယ် လင်းခေးမြို့နယ် ဝမ်စလောင်းဒေသအတွင်း သစ်ခိုးထုတ်မှုများရှိနေကြောင်း သတင်းရရှိသဖြင့် ခရိုင်သစ်တောမှူးနှင့် ဦးစီးအဖွဲ့သည် ဒီဇင်ဘာ ၂၆ ရက်က သွားရောက်ဖမ်းဆီးခဲ့ရာ သစ်လုံးတန် ၂၀၀ ခန့် သိမ်းဆည်းရမိခဲ့သည်။

အဆိုပါ သိမ်းဆည်းရမိသည့် သစ်များအား ဝမ်စလောင်းကျေးရွာသို့ သယ်ယူနိုင်ရေး သစ်တောဝန်ထမ်းများက ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၂၇ ရက် ညနေ ၆ နာရီခွဲခန့်တွင် ဝမ်စလောင်းကျေးရွာနှင့် နားကုန်းကျေးရွာအကြား သောင်းကျန်းသူအဖွဲ့(စိစစ်ဆဲ)မှ ငါးဦးခန့်သည် ယာဉ်များအားပိတ်ဆို့တားဆီးရပ်တန့်စေခဲ့ကြောင်း၊ သစ်တောဝန်ထမ်းများအနေဖြင့် ယာဉ်များအား မောင်းနှင်ထွက်ပြေးခဲ့ရာ အဆိုပါ သောင်းကျန်းသူအဖွဲ့က သေနတ်ဖြင့်ပစ်ခတ်ခဲ့ကြောင်း ထွက်ပြေးလွတ်မြောက်သူ သစ်တောဝန်ထမ်းတစ်ဦး ဒီဇင်ဘာ ၂၈ ရက်က ဝမ်စလောင်းတပ်စခန်းသို့ လာရောက်သတင်းပို့ချက်အရ သိရသည်။

ဖြစ်စဉ်ဖြစ်ပွားရာနေရာသို့ နယ်မြေခံတပ်မတော်စစ်ကြောင်းက သွားရောက်ရှင်းလင်းခဲ့ရာ လင်းခေးခရိုင်သစ်တောဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးလှမင်း၊ မိုးနဲသစ်တောဦးစီးဌာနမှ တောခေါင်းဦးစစ်ထွေး၊ လင်းခေးသစ်တောဦးစီးဌာနမှ တောခေါင်း ဦးသန်းထိုက်အောင်နှင့် ဦးဘိုမင်းတို့ လေးဦးသည် လက်နက်ငယ်ကျည်ထိမှန်ဒဏ်ရာများဖြင့် သေဆုံးနေပြီး မော်တော်ယာဉ်နှင့် ဆိုင်ကယ်နှစ်စီးတို့ကို ဖျက်ဆီးထားကြောင်း၊ ဖြစ်စဉ်နှင့်ပတ်သက်၍ နယ်မြေခံ တပ်မတော်စစ်ကြောင်းက နယ်မြေရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် လိုအပ်သည့် စုံစမ်းစစ်ဆေးမှုများပြုလုပ်၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း၊ သေနတ်ဖြင့်ပစ်ခတ်ခဲ့သည့်အဖွဲ့မှာ SSA (ရှက်ဆစ်) အဖွဲ့ဖြစ်ကြောင်း အတည်ပြုဆဲသတင်းများအရ သိရသည်။

**(သတင်းစဉ်)**



# စိတ်ကြွရူးသွပ်ဆေးပြားများနှင့်ဘိန်းစိမ်းများ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၉**

မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး မှုခင်းအကူဌာနစုမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၂၆ ရက်တွင် မတ္တရာမြို့နယ် (၅)ရပ်ကွက် မန္တလေး-မိုးကုတ်ကားလမ်း၌ မူဆာဘိုင်(ခ)ချစ်ဦး(ခ)အောင်ချစ်ဦးနှင့် ကာဆင်ဘိုင်(ခ)သိန်းနိုင်ထူးတို့နှစ်ဦးအား ရှာဖွေရာ မူဆာဘိုင်၏ ဂျာကင်အင်္ကျီအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၀ သိမ်းဆည်းရမိသဖြင့် ၎င်းတို့နှစ်ဦးအား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားသည်။

အလားတူ ပင်လုံနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာ ၂၇ ရက် ပင်လုံမြို့ မြို့သစ်ရပ်ကွက်(၂)နေ ခွန်တအောင်၏ အိမ်ကိုသတင်းအရ ရှာဖွေရာ မီးဖိုချောင်ရှိ ပလတ်စတစ်ပုံးအတွင်းမှ ဘိန်းစိမ်း ၁ ဒသမ ၄ ကီလို၊ ဧည့်ခန်းရှိ ပိန်အိတ်အတွင်းမှ ဘိန်းစိမ်း ၁ ဒသမ ၁ ကီလို၊ အိမ်နောက်ဖေးမြေကြီးအတွင်းမြှုပ်ထားသည့် ပလတ်စတစ်ပုံးအတွင်းမှ ဘိန်းစိမ်း ၆ ဒသမ ၉ ကီလို စုစုပေါင်း ဘိန်းစိမ်းအလေးချိန် ၉ ဒသမ ၄ ကီလို သိမ်းဆည်းရမိသဖြင့် ၎င်းအားမူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **(ကြေးမုံ)**



## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## စက်မှုနှင့်သက်မွေးပညာဦးစီးဌာန
## ၂၀၁၄-၂၀၁၅ခု၊ ပညာသင်နှစ်အတွက် A.G.T.I ပထမနှစ်
## ဝင်ခွင့်လျှောက်လွှာများခေါ်ယူခြင်း

၁။ အစိုးရနည်းပညာကောလိပ်(ရွှေဘို၊ မြင်းခြံ၊ မိုးညှင်း)နှင့် အစိုးရစက်မှုလက်မှုသိပ္ပံ (ကျောက်ပန်းတောင်း၊ ချောက်၊ ရေနံချောင်း၊ ဝါးခယ်မ၊ သရက်၊ ကျောက်ဆည်၊ ဟားခါး၊ ပူတာအို၊ ခန္တီး၊ သံတွဲ၊ ဂန့်ဂေါ၊ ကန့်ဘလူ၊ မကွေး၊ မော်လမြိုင်၊ လက်ပံတန်း)တို့တွင် ၂၀၁၄-၂၀၁၅ခု၊ ပညာသင်နှစ်အတွက် A.G.T.I ပထမနှစ်သင်တန်းသားများကို ခေါ်ယူမည်ဖြစ်ပါသည်။

၂။ လျှောက်ထားသူသည်

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။

(ခ) အကျင့်စာရိတ္တကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါ သန်စွမ်းကျန်းမာသူဖြစ်ရမည်။

(ဂ) တက္ကသိုလ်ဝင်စာမေးပွဲတွင် အောက်ဖော်ပြပါဘာသာတွဲများဖြင့် အောင်မြင်သူဖြစ်ရမည်။

(၁) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဘောဂဗေဒ၊ ရူပဗေဒ၊ ဓာတုဗေဒ။

(၂) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ သမိုင်း၊ ရူပဗေဒ၊ ဓာတုဗေဒ။

(၃) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ စိတ်ကြိုက်မြန်မာစာ၊ ရူပဗေဒ၊ ဓာတုဗေဒ။

(၄) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ ဇီဝဗေဒ။

(၅) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ပထဝီဝင်၊ ရူပဗေဒ၊ ဓာတုဗေဒ။

(ဃ) တက္ကသိုလ်ဝင်စာမေးပွဲတွင် ရရှိခဲ့သည့် အင်္ဂလိပ်စာနှင့် သင်္ချာ စုစုပေါင်းရမှတ်အပေါ် မူတည်၍ ရွေးချယ်မည်ဖြစ်သည်။

၃။ မြန်မာတစ်နိုင်ငံလုံးရှိတက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခဲ့သည့် စာစစ်ဌာနများမှ အောင်မြင်သူများ လျှောက်ထားနိုင်သည်။

၄။ အစိုးရနည်းပညာအထက်တန်းကျောင်းများမှ အောင်မြင်သူများလည်း လျှောက်ထားနိုင်သည်။

၅။ အစိုးရနည်းပညာကောလိပ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံများအလိုက် ဖွင့်လှစ်သင်ကြားပေးမည့် သင်တန်းများမှာ အောက်ပါအတိုင်းဖြစ်သည်။

(က) မြို့ပြအင်ဂျင်နီယာ

(ခ) အီလက်ထရွန်နစ်အင်ဂျင်နီယာ

(ဂ) လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ

(ဃ) စက်မှုအင်ဂျင်နီယာ

၆။ သင်တန်းကာလမှာ (၃)နှစ်ဖြစ်သည်။ သင်တန်းပြီးဆုံးပါက ဒီပလိုမာအောင်လက်မှတ်ပေးအပ်မည်ဖြစ်သည်။

၇။ ဝင်ခွင့်လျှောက်လွှာများကို မိမိတို့ လျှောက်ထားလိုသည့် အစိုးရနည်းပညာကောလိပ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံများ၌ ၃၀-၁၂-၂၀၁၄ရက်မှ စတင်ထုတ်ယူနိုင်သည်။ လျှောက်လွှာများကို ၁၁-၁-၂၀၁၅ရက် နောက်ဆုံးထား၍ မိမိတို့လျှောက်ထားမည့်ကျောင်းများသို့ ပြန်လည်တင်သွင်းရမည်။

၈။ လျှောက်လွှာနှင့်အတူ အောက်ပါအချက်အလက်များကို ပူးတွဲတင်ပြရမည်။

(က) လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ထောက်ခံစာမူရင်းနှင့် မြို့နယ်ရဲတပ်ဖွဲ့စခန်းမှ ထောက်ခံစာမူရင်း။

(ဂ) သက်ဆိုင်ရာမှ တရားဝင်ထုတ်ပေးထားသော တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သည့် အမှတ်စာရင်း(မူရင်းနှင့် မိတ္တူ)။

(ဃ) ပတ်စပို့အရွယ်ရောင်စုံဓာတ်ပုံ(၃)ပုံ။

၉။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အစိုးရနည်းပညာကောလိပ် (ရွှေဘို၊ မြင်းခြံ၊ မိုးညှင်း)နှင့် အစိုးရစက်မှုလက်မှုသိပ္ပံ (ကျောက်ပန်းတောင်း၊ ချောက်၊ ရေနံချောင်း၊ ဝါးခယ်မ၊ သရက်၊ ကျောက်ဆည်၊ ဟားခါး၊ ပူတာအို၊ ခန္တီး၊ သံတွဲ၊ ဂန့်ဂေါ၊ ကန့်ဘလူ၊ မကွေး၊ မော်လမြိုင်၊ လက်ပံတန်း)တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**



# လျှပ်စစ်မီးရရှိရေး ရေးမြို့နယ်ပြည်သူများနှင့် တွေ့ဆုံရှင်းလင်း

**ရေး ဒီဇင်ဘာ ၂၉**

လျှပ်စစ်မီးသည် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စက်မှုလုပ်ငန်းများအပြင် ဟိုတယ် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာလိုအပ်လျက်ရှိကြောင်း၊ လျှပ်စစ်မီးရရှိရေးကိုကဏ္ဍအသီးသီးမှ ရယူနိုင်ရန်ကြိုးစားခဲ့သော်လည်း အောင်မြင်မှုမရရှိဘဲ လျှပ်စစ်မီးမရရှိသေးသောမည်ဖြစ်ကြောင်း မွန်ပြည်နယ် လျှပ်စစ်နှင့် စက်မှုဝန်ကြီးက ဒီဇင်ဘာ ၂၇ ရက် နံနက်ပိုင်းတွင် မွန်ပြည်နယ် ရေးမြို့နယ် ပုပ္ဖဝတီကျေးရွာ၌ ကျင်းပသည့် Ultra Super Critical (USC) နည်းပညာသုံး ကျောက်မီးသွေး လျှပ်စစ်ဓာတ်အားပေး စက်ရုံကို အံဒင်ကျေးရွာအနီး တည်ဆောက်တင်ပြသွားသည်။ ကျောက်မီးသွေး တင်သွင်းမည့် နိုင်ငံများမှာ ဩစတြေးလျ၊ အင်ဒိုနီးရှား၊ တောင်အာဖရိကနိုင်ငံတို့မှ တင်သွင်းမည်ဖြစ်ပြီး တည်ဆောက်မှုကုန်ကျစရိတ် ခန့်မှန်းတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၇၀၀ ခန့်ဖြစ်ကာ စက်ရုံတည်ဆောက်ပါက သုံးနှစ်မှ လေးနှစ်အထိ ကြာမြင့်နိုင်ကြောင်း



မွန်ပြည်နယ်၌ မြို့နယ် လေးမြို့နယ် ကျန်ရှိနေသေးကြောင်း၊ ရေးမြို့နယ်တွင် လျှပ်စစ်မီးကို တစ်ယူနစ်ကျပ် ၅၀၀၊ ၆၀၀၊ ၇၀၀ အထိ ကျခံသုံးစွဲနေရသဖြင့် ပြည်သူများ ကုန်ကျစရိတ်မြင့်မားလျက်ရှိကြောင်း၊ မွန်ပြည်နယ်အတွင်းရှိ စက်ရုံကြီးအချို့မှာလည်း လျှပ်စစ်ဓာတ်အား အခက်အခဲကြောင့် လည်ပတ်မှုရပ်ဆိုင်းထားရသဖြင့် များစွာဆုံးရှုံးနစ်နာခဲ့ရကြောင်း၊ ပြည်နယ်တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်လာရန် လျှပ်စစ်သည် သာအဓိက ကျသည့်အတွက် ပြည့်စုံကောင်းမွန်သည့် လျှပ်စစ်ဓာတ်အား ထုတ်လုပ် နိုင်ရန် ပြည်နယ်အဆင့်၊ ပြည်ထောင်စုအဆင့် အဆင့်ဆင့်တင်ပြ၍ လမ်းညွှန်ချက်များရယူ၍ အကောင်အထည်ဖော်ရန် ကြိုးပမ်းလျက် ရှိကြောင်း၊ နိုင်ငံတော်မှလည်း လျှပ်စစ်စွမ်းအားကို ၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံး၏ ၉၉ ရာခိုင်နှုန်း မီးလင်းရေးကို အကောင်အထည်ဖော် လုပ်ဆောင်မည်ဟုကြားသိရကြောင်း၊ ယခုပြည်သူများနှင့်တွေ့ဆုံ၍ ရှင်းလင်းပွဲမှာ ပထမအဆင့်ညှိနှိုင်းပွဲဖြစ်ကြောင်း၊ တာဝန်ရှိသူများ၏ ခွင့်ပြုချက်ရရှိမှသာ လုပ်ဆောင်သွားရေးအတွက် ပထမအကြိမ် ပြည်သူများနှင့် တွေ့ဆုံပွဲတွင် ပြောကြားသည်။ **(အပေါ်ပုံ)**

ယင်းနောက် လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ တာဝန်ရှိသူတို့နှင့် TTCL ကုမ္ပဏီတို့မှ တာဝန်ရှိသူတို့က ရှင်းလင်းရာတွင် "ပြည်သူများအတွက် များစွာလိုအပ်လျက်ရှိသော လျှပ်စစ်ဓာတ်အား ထုတ်ယူရန်အတွက် အဆိုပြုတင်သွင်းထားသော ကျောက်မီးသွေးလျှပ်စစ်ဓာတ်အားပေးစက်ရုံ စက်တပ်ဆင်အား ၁၂၀၀ MW ဖြစ်ပြီး တပ်ဆင်မည့်ယူနစ်များမှာ ၂ ယူနစ်ဖြစ်ပြီး ၆၄၀ MW ထုတ်လုပ်နိုင်သည့်စက် ၂ လုံးဖြစ်ကြောင်း၊ နည်းပညာကို Japan Ultra Super Critial (USC) အသုံးပြုသွားမည်ဖြစ်ပြီး စက်ပစ္စည်းများကို Toshiba Corporation ဂျပန်မှ တာဘိုင်၊ IHI Corporation ဂျပန်မှ ဘွိုင်လာအသစ်များကို မှာယူသွားမည်ဖြစ်ပြီး အခိုးအငွေ့လျှော့ချသည့် နည်းစနစ်ကိုလည်း ဂျပန်နည်းပညာအသုံးပြုသွားမည်ဖြစ်သဖြင့် ဆာလ်ဖာဒိုင်အောက်ဆိုဒ် လျှော့ချခြင်းကို Low Nox Bumer နည်းစနစ်ဖြင့် ၂၀၀ PPM အောက် လျှော့ချပေးနိုင်ကြောင်းကို သိရသည်။

တာဝန်ရှိသူတို့၏ ရှင်းလင်းပြောကြားချက်များအပြီးတွင် ဒေသခံပြည်သူတို့က သဘာဝပတ်ဝန်းကျင်ထိခိုက်နိုင်မှု၊ ကျန်းမာရေးအတွက် ထိခိုက်နိုင်မှုနှင့် ရေသယံဇာတများ ထိခိုက်မှုများဖြစ်ပေါ်နိုင်သဖြင့် လုံးဝအန္တရာယ်ကင်းရှင်းအောင် မည်သို့လုပ်ဆောင်မည်ကို မေးမြန်းသွားကြပြီး တာဝန်ရှိသူတို့ကလည်း ပြန်လည်ဖြေကြားသွားသည်။ ရေးမြို့နေပြည်သူအများစု၏ ဆန္ဒကိုကိုယ်စားလှယ်တို့က ပြောကြားရာတွင် ယခုပြုလုပ်သည့် တွေ့ဆုံပွဲသည်ဘုန်းကြီးကျောင်းအတွင်း လာရောက်ပြုလုပ်သည်ကတစ်ကြောင်း၊ ရေးမြို့မှပြည်သူများ ဖိတ်စာမရသည်ကတစ်ကြောင်း၊ ထို့အတွက်မေးခွန်းများမေးရန် ကျန်ရှိနေပြီး ဒုတိယအကြိမ်တွေ့ဆုံပွဲကို ရေးမြို့နယ်ခန်းမ၌ ကျင်းပပြုလုပ်ပါက ပို၍သင့်တော်မည်ဟု တင်ပြကြသဖြင့် သက်ဆိုင်ရာတာဝန်ရှိသူတို့က ထပ်မံပြုလုပ်မည့်ရက်ကို တာဝန်ရှိသူများထံတင်ပြပြီး ခွင့်ပြုချက်ရရှိပါက ထပ်မံပြုလုပ်ပေးသွား မည်ဖြစ်ကြောင်းသိရသည်။

**(နိုင်ငွေးအောင်)**

# ၂၀၁၄ ခုနှစ် ဆရာဝန်တင်ရွှေစာပေဆုရစာအုပ်များ ကြေညာ

**ရန်ကုန် ဒီဇင်ဘာ ၂၉**

စာရေးဆရာကြီး ဆရာဝန်တင်ရွှေ အထိမ်းအမှတ် စာပေဆုများကို ၂၀၀၁ ခုနှစ်ထုတ် စာအုပ်များမှစ၍ ရွေးချယ်ချီးမြှင့်ခဲ့ရာ ၂၀၁၄ ခုနှစ်အတွက် စာအုပ်လေးအုပ်ကို ဆုချီးမြှင့်မည်ဖြစ်သည်။

ဆရာဝန်တင်ရွှေသည် ဆေးပညာရှင် စာရေးဆရာတစ်ဦးအဖြစ် "တင်ရွှေစာပေတိုက်"ကို ထူထောင်ခဲ့ပြီး မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့၏ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်တစ်ဦးအဖြစ် ဆောင်ရွက်ခဲ့သည်။

၂၀၁၄ ခုနှစ် "ဆရာဝန်တင်ရွှေ" စာပေဆုချီးမြှင့်ခံရသည့် စာအုပ်များမှာ ၂၀၁၃ ခုနှစ်အတွင်း ထုတ်ဝေခဲ့သည့် စာအုပ်များအနက်မှ အေးဖြူရေးသားပြီး သဇင်စာပေမှ ထုတ်ဝေသည့် "စီးပွားရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းဆိုင်ရာဆောင်းပါးများ" စာအုပ်၊ ယုယ(ဆေး-၁) ရေးသားပြီး MMA Publishing House မှ ထုတ်ဝေသည့် "သီတာမည်သားမှသည် ဘိုးဘိုး၏ အနှစ်များဆီသို့" ဝတ္ထုပေါင်းချုပ် စာအုပ်၊ ဒေါက်တာနီလာသိန်း (လင်းရောင်သစ်)ရေးသားပြီး လင်းရောင်သစ်စာပေမှ ထုတ်ဝေသည့် "အလင်းစေတမန်တို့၏ အောင်ပွဲပဲ့တင်သံများနှင့် အလင်းကမ္ဘာသစ်ဆီသို့" ဆောင်းပါးပေါင်းချုပ်စာအုပ်နှင့် Tun Aung Chain ရေးသားပြီး Myanmar Knowledge Society မှ ထုတ်ဝေသည့် "Flowering Waters Dipping into Myanmar History" စာအုပ်တို့ ဖြစ်ကြသည်။

ယခုနှစ်တွင် ဆရာဝန်တင်ရွှေ တစ်သက်တာစာပေဆုအဖြစ် စာရေးဆရာကြီး မောင်စူးစမ်းအား ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

စာပေဆုပေးပွဲအခမ်းအနားကို ၂၀၁၅ ခုနှစ် ဇန်နဝါရီလအတွင်း ကျင်းပမည်ဖြစ်ပြီး တင်ရွှေစာပေသို့ ဆက်သွယ်နိုင်သည့် ဖုန်းနံပါတ်များမှာ ၀၁-၅၃၆၄၄၄နှင့် ၀၉-၅၁၁၇၆၈၃ တို့ဖြစ်သည်။

**(ကြေးမုံ)**

# ကယားပြည်နယ် ခုနစ်မြို့နယ်ရှိ သံဃာတော်နှင့် သီလရှင်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

**ရန်ကုန် ဒီဇင်ဘာ ၂၉**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် အောင်ဇမ္ဗူတောရဓမ္မရိပ်သာ ပဓာန နာယကဆရာတော် မဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တပဏ္ဍဝံသက ကယားပြည်နယ် ခုနစ်မြို့နယ်ရှိ သံဃာတော် ၂၄၂ ပါးနှင့် သီလရှင်တစ်ပါးတို့အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲကို ဒီဇင်ဘာ ၂၈ ရက် နံနက် ၈ နာရီခွဲတွင် အောင်ဇမ္ဗူတောရ ဓမ္မရိပ်သာ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် ဒီမောဆိုမြို့နယ်ရှိ ဘုန်းတော်ကြီးကျောင်း ၃၇ ကျောင်းမှ ပင့်သံဃာ ၁၀၁ ပါး၊ ဖရူဆိုမြို့နယ်ရှိ ဘုန်းတော်ကြီးကျောင်း ခြောက်ကျောင်းမှ ပင့်သံဃာ ခုနစ်ပါး၊ ရှားတောမြို့နယ်ရှိ ဘုန်းတော်ကြီးကျောင်း ကိုးကျောင်းမှ ပင့်သံဃာ အပါး ၂၀၊ ဘော်လခဲမြို့နယ်ရှိ ဘုန်းတော်ကြီးကျောင်း ၁၄ ကျောင်းမှ ပင့်သံဃာ ၁၉ ပါး၊ ရွာသစ်မြို့နယ်ခွဲရှိ ဘုန်းတော်ကြီးကျောင်း ၁၀ ကျောင်းမှ ပင့်သံဃာ ၃၂ ပါး၊ ဖားဆောင်းမြို့နယ်ရှိ ဘုန်းတော်ကြီးကျောင်း ၁၀ ကျောင်းမှ ပင့်သံဃာ ၃၃ ပါး၊ မယ်စဲမြို့နယ်ရှိ ဘုန်းတော်ကြီးကျောင်း ၁၀ ကျောင်းမှ ပင့်သံဃာ အပါး ၃၀ နှင့် သီလရှင်ကျောင်း တစ်ကျောင်းမှ သီလရှင်တစ်ပါး စုစုပေါင်းပင့်သံဃာ ၂၄၃ ပါးတို့အား သင်္ကန်း၊ ဆေးပစ္စည်း၊ မီးအိမ်၊ ဓာတ်ဘူးစသည့် လှူဖွယ်ပစ္စည်းများ အသီးသီးဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ယင်းနောက် အဆိုပါဘုန်းတော်ကြီးကျောင်း ၉၆ ကျောင်းနှင့် သီလရှင် တစ်ကျောင်း စုစုပေါင်း ၉၇ ကျောင်းတို့အား တစ်ကျောင်းလျှင် ငွေကျပ် တစ်သိန်းစီဖြင့် ဆက်ကပ်လှူဒါန်းခဲ့ပြီး ကြွရောက်လာကြသော ဧည့်ပရိသတ်များအား မုန့်ဟင်းခါး၊ လက်ဖက်ထမင်းများဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြောင်း သိရသည်။ **(ခင်မျိုးနိုင်)**



နိုင်ငံတော်ဝန်
ကျေပွန်ဖို့ရေး
ကျသင့်အခွန်
မှန်မှန်ပေး








**အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း**

၂၀၁၃ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲတွင် အကယ်ဒမီဆုများကို ထိုက်ထိုက်တန်တန် ဆွတ်ခူးရရှိခဲ့သည့်

ထပ်ဆင့်အကယ်ဒမီ ပြေတီဦး နှင့် အကယ်ဒမီ ဝတ်မှုန်ရွှေရည် တို့အတွက်--

**Mobile King Trading Co.Ltd** မှ

အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

**Mobile King Trading Co.Ltd** မိသားစု



## အာဆင်နယ်တိုက်စစ်မှူး ပိုဒေါစကီး အင်တာမီလန်သို့ အငှားသွားကစားမည်

အာဆင်နယ်တိုက်စစ်မှူး ပိုဒေါစကီးသည် အီတလီ စီးရီးအေကလပ် အင်တာမီလန်အသင်းသို့ အငှားသွား ရောက်ကစားမည်ဖြစ်ကြောင်း သိရသည်။

ဂျာမနီကြယ်ပွင့် ပိုဒေါစကီးသည် အာဆင်နယ် အသင်းမှ အင်တာမီလန်အသင်းသို့ အငှားသွားရောက် ကစားခဲ့ပါက အလွှတ်ပြောင်းရွှေ့ကြေး ပေါင် ၁ ဒသမ ၅ သန်းရရှိမည်ဖြစ်ကြောင်းသိရသည်။ အာဆင်နယ်အသင်း တွင် အထိုင်မကျဖြစ်နေသည့် တိုက်စစ်မှူး ပိုဒေါစကီးသည် လက်ရှိကလပ်အာဆင်နယ်အသင်းနှင့် စာချုပ်သက်တမ်း တစ်နှစ်ကျန်ရှိနေသေးသော်လည်း အာဆင်နယ်အသင်း အနေဖြင့် ပိုဒေါစကီးအား အင်တာမီလန်အသင်းသို့ ခြောက်လအငှားစာချုပ်ဖြင့် သွားရောက်ကစားခွင့်ပြုမည် ဖြစ်ကြောင်းသိရသည်။

အာဆင်နယ်အသင်းနည်းပြ အာစင်ဝင်းဂါးကမူ လက်ရှိတွင် တိုက်စစ်မှူးဂီရောက် Boxing day တွင် အနီကတ်ပြခံထားရခြင်းကြောင့် တစ်ပွဲပယ်ပြစ်ဒဏ်ကျခံရ မည်ဖြစ်ကာ ဆောက်သမ်တန်အသင်းနှင့် ပွဲစဉ်တွင် လွဲချော်မည်ဖြစ်၍ ယင်းပွဲစဉ်မတိုင်မီ အသင်းမှထွက်ခွာ ခွင့်ပြုမည်မဟုတ်ကြောင်းလည်း ပြောကြားထားသည်။

အသက်(၂၉)နှစ်အရွယ်ရှိ တိုက်စစ်မှူး ပိုဒေါစကီး သည် အာဆင်နယ်အသင်းအတွက် သုံးဂိုးသွင်းယူပေး ထားသည်။

**(ငွေကြယ်)**



## အက်သလက်တီကိုမက်ဒရစ်သို့ အငှားသွားကစားရန်
## တောရက်စ် သဘောတူညီ

**စပိန်တိုက်စစ်မှူး ဖာနန်ဒို တောရက်စ်သည် ၂၀၁၅-၂၀၁၆ ဘောလုံး ရာသီကုန်တွင် အေစီမီလန်အသင်းမှ အသင်းဟောင်း အက်သလက်တီကို မက်ဒရစ်အသင်းသို့ အငှားသွားရောက်ကစားရန် သဘောတူညီထားကြောင်း သိရသည်။**

အသက်(၃၀)အရွယ်ရှိ တိုက်စစ်မှူး တောရက်စ်သည် ခုနစ်နှစ်ခွဲကြာ ကစားခဲ့သည့် အသင်းဟောင်းအက် သလက်တီကိုမက်ဒရစ်တွင် ပြန်လည် ကစားမည်ဖြစ်ပြီး အက်သလက်တီကို မက်ဒရစ်အသင်းတွင် ရလဒ်ကောင်း များရရှိအောင် စွမ်းဆောင်ပေးနိုင် ခဲ့သူဖြစ်သည်။

တိုက်စစ်မှူး တောရက်စ်အား ၂၀၁၁ ဇန်နဝါရီအပြောင်းအရွှေ့ ကာလတွင် လီဗာပူးအသင်းမှ ပေါင်သန်း ၅၀ ဖြင့် ခေါ်ယူထားခဲ့ သော်လည်း လက်ရှိတွင်မူ ချယ်လ်ဆီး အသင်းက အေစီမီလန်အသင်းသို့ အပြီးရောင်းချလိုက်ပြီဖြစ်ကြောင်း လည်း သိရသည်။

ဗြိတိန်ကလပ်အသင်းများ ဈေးကြီး ပေးခဲ့ရသည့် ကစားသမားများမှာ မန်ယူအသင်းသည် ရီးယဲလ်မက်ဒရစ် အသင်းမှ တောင်ပံကစားသမား ဒီမာရီယာအား ပေါင် ၅၉ ဒသမ ၇ သန်း၊ ချယ်လ်ဆီးအသင်းသည် လီဗာပူးအသင်းမှ တိုက်စစ်မှူး တောရက်စ်အား ပေါင်သန်း ၅၀၊ အာဆင်နယ်အသင်းသည် ရီးယဲလ် မက်ဒရစ်အသင်းမှ ကွင်းလယ်ကစား သမားအိုဇေးလ်အား ပေါင် ၄၂ ဒသမ ၄ သန်း၊ မန်စီးတီးအသင်းသည် အက်သလက်တီကိုမက်ဒရစ်အသင်းမှ တိုက်စစ်မှူးအဂူရိုအား ပေါင် ၃၈ သန်း၊ မန်ယူအသင်းသည် ချယ်လ်ဆီး အသင်းမှ ကွင်းလယ်ကစားသမား မာတာအား ပေါင် ၃၇ ဒသမ ၁ သန်း စသည်ဖြင့် စံချိန်တင်ပြောင်းရွှေ့ကြေး များဖြင့် ခေါ်ယူထားခဲ့ကြသည်။

တိုက်စစ်မှူး တောရက်စ်သည် ချယ်လ်ဆီးအသင်းတွင် ကစားခဲ့စဉ်က ချန်ပီယံလိဂ်ဖလား၊ ယူရိုပါလိဂ်ဖလား နှင့် အက်ဖ်အေဖလားတို့ ရရှိ အောင်စွမ်းဆောင်ပေးနိုင်ခဲ့သူ ဖြစ် သည်။

**(နိုင်လင်းကြည်)**

## အင်တာမီလန်နောက်ခံလူ ဗီဒစ်အားခေါ်ယူရန် အာဆင်နယ်ပစ်မှတ်ထား

အင်္ဂလန်ပရီမီယာလိဂ်ကလပ် အာဆင်နယ်အသင်းသည် လာမည့် ဇန်နဝါရီအပြောင်းအရွှေ့ ကာလ အတွင်း အသင်း၏ခံစစ်ကို အားဖြည့်ရန်အတွက် အင်တာမီလန် အသင်း၏ ဆားဘီးယားနောက်ခံ ကစားသမား နီမန်ဂျာဗီဒစ်အား ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သိရသည်။ အာဆင်နယ်အသင်းမှာ လာမည့် ဆောင်းရာသီအပြောင်း အရွှေ့ကာလတွင် ထိပ်တန်းအဆင့် နောက်ခံလူတစ်ဦးကို ခေါ်ယူရန် စီစဉ်နေပြီး အင်တာမီလန်အသင်း၏ နောက်ခံလူဗီဒစ်အား ပစ်မှတ်ထား လာခဲ့ခြင်းဖြစ်သည်။ ထို့ပြင် ဗီဒစ်မှာ လည်း အင်တာမီလန်တွင်မပျော် မရွှင်ဖြစ်နေပြီး အီတလီမြေကို စွန့်ခွာ ရန် ဆန္ဒရှိနေကြောင်းသတင်းများ ထွက်ပေါ်နေပြီး လက်ရှိအချိန်တွင် ၎င်းအား အာဆင်နယ်အသင်း အပြင် မေဂျာလိဂ်ကလပ်အသင်း အချို့ ကပါ ခေါ်ယူရန် စောင့်ကြည့်နေ ကြောင်းသိရသည်။

အာဆင်နယ်အသင်းမှာ ဗီဒစ် အား တစ်ရာသီအငှားစာချုပ်ဖြင့်သာ ခေါ်ယူသွားရန် ပြင်ဆင်နေပြီး မကြာမီရက်ပိုင်းအတွင်း အင်တာမီ လန်အသင်းထံ တရားဝင်ကမ်းလှမ်း သွားဖွယ်ရှိကြောင်း ဗြိတိန်သတင်း စာ Mirror ကဖော်ပြခဲ့သည်။ ထို့ပြင် အာဆင်နယ် နည်းပြဖြစ်သူ အာစင်ဝင်းဂါးမှာ ဗီဒစ်အပြင် ဝက်စ်ဟမ်းနောက်ခံလူ စတီဗင်ရိဒ် ကိုပါ အပြီးသတ်စာချုပ်ချုပ်ဆိုသွား ရန်ပြင်ဆင်နေပြီး ပေါင်လေးသန်း ခန့်သုံးစွဲရန် အသင့်ရှိနေကြောင်း ဗြိတိန်မီဒီယာများက ဖော်ပြခဲ့ကြ သည်။

အသက်(၃၃)နှစ် အရွယ်ရှိ ဆားဘီးယားနောက်ခံလူ ဗီဒစ်မှာ ပြီး ခဲ့သည့်နွေရာသီအပြောင်းအရွှေ့ ကာလက မန်ယူအသင်းမှ အင်တာ မီလန်အသင်းသို့ ပြောင်းရွှေ့ရောက် ရှိလာခဲ့သူဖြစ်ပြီး အသင်းအတွက် စုစုပေါင်း ကိုးပွဲပါဝင်ကစားခဲ့ ကြောင်းသိရသည်။

**ကိုရဲ**

## မှုခင်းသတင်းများ

### ကိတ်မုန့်၊ ပေါင်မုန့်အတွင်း အပေါက်များဖောက်၍ ဘိန်းဖြူမှုန့်များ သိုဝှက်သယ်ဆောင်လာစဉ် သိမ်းဆည်းရမိ

**နောင်ချို ဒီဇင်ဘာ ၂၉**

မူးယစ်ဆေးဝါး၊ စိတ်ကြွရူးသွပ်ဆေးပြား၊ ဘိန်းဖြူမှုန့်များအား မသမာသူ များက ကိုယ်ကျိုးစီးပွားအတွက်အဓိကထားပြီး ဖြန့်ဖြူးရောင်းချလျက်ရှိရာ အနယ်နယ်အရပ်ရပ်သို့ နည်းလမ်းစုံဖြင့်သယ်ဆောင်လာကြသည်။ သက်ဆိုင်ရာ မြို့မရဲစခန်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စုများကလည်း ဖမ်းဆီး ဖော်ထုတ်လျက်ရှိသည်။ ဒီဇင်ဘာ ၂၈ ရက် ညနေ ၆ နာရီခန့်တွင် မူးယစ် ဆေးဝါးတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စု(၂၄) လားရှိုး၊ နောင်ချို လှုပ်ရှားဆွယ်မှ ရဲအုပ်ဇော်မျိုးနိုင်ဦးစီးသည့်တပ်ဖွဲ့ဝင်များသည် နောင်ချိုမြို့အဝင် အေးရှားဝေါလ်တိုးဂိတ်အနီး မူးယစ်ရိပ်သာရှေ့တွင် လုပ်ငန်းများဆောင်ရွက် နေကြစဉ် လားရှိုးဘက်မှ မန္တလေးဘက်သို့ ဇမ်ထောင်မောင်းနှင်လာသော နံပါတ်မပါ JIANLING-150 ခဲပြာကျားဆိုင်ကယ်အား သက်သေများနှင့်အတူ ရပ်တန့်ရှာဖွေစစ်ဆေးရာ ဆိုင်ကယ်၏ရှေ့တွင် တင်ဆောင်ထားသော ဂျင်းကျောပိုးအိတ်တွင် ထည့်ထားသော ကိတ်မုန့်အတွင်းတွင် အပေါက်ဖောက်၍ အံဝှက်ပြုလုပ်သိုဝှက်ထည့်သွင်းထားသော ပလတ်စတစ်အကြည်အိတ်အတွင်း ထည့်လျက် ပလတ်စတစ်ဆပ်ပြာခွက်အတွင်း ဘိန်းဖြူမှုန့်အလေးချိန် ၁၃ ဂရမ်ခန့်ပါ တစ်ထုပ်၊ ကြက်ဥပေါင်မုန့်အတွင်းဖောက်၍ အံဝှက်ပြုလုပ် သိုဝှက်ထည့်သွင်းထားသည့် ပလတ်စတစ်ဆပ်ပြာခွက်အတွင်း ထည့်လျက် ဘိန်းဖြူမှုန့်အလေးချိန် ၁၃ ဂရမ်ပါ တစ်ခွက်၊ ပြောက်ကျားရောင် ပလတ်စတစ် ကလေးဆော့ကစားသောကားအတွင်း သိုဝှက်ထည့်သွင်းထားသည့် ရောင်စုံပလတ်စတစ်ဆပ်ပြာခွက်အတွင်းထည့်လျက် ဘိန်းဖြူမှုန့်အလေးချိန် ၁၃ ဂရမ်ခန့်စီပါ နှစ်ခွက်၊ ဆိုင်ကယ်၏နောက်တွင် ချည်နှောင်ထားသော ကလေးဆော့သောစကိတ်၏အပေါ်အံဝှက်အတွင်း သိုဝှက်ထည့်သွင်းထားသည့် ရောင်စုံပလတ်စတစ်ဆပ်ပြာခွက်အတွင်းထည့်လျက် ဘိန်းဖြူမှုန့်အလေးချိန် ၁၃ ဂရမ်ခန့်ပါ လေးခွက်၊ အောက်အံဝှက်အတွင်း သိုဝှက်ထည့်သွင်းထားသော ဘိန်းဖြူမှုန့် ၁၃ ဂရမ်ခန့်စီပါ ငါးခွက် စုစုပေါင်းဘိန်းဖြူမှုန့်အထုပ် တစ်ထုပ်၊ ဆပ်ပြာခွက် ၁၂ ခွက်၊ အလေးချိန် ၁၆၉ ဂရမ်ခန့်အား ရှာဖွေသိမ်းဆည်းရမိသည်။

ဆိုင်ကယ်ဖြင့် ဘိန်းဖြူမှုန့်များသယ်ဆောင်လာသူ ဇမ်ထောင် (၄၄)နှစ် မောသီရိရပ်ကွက်သစ် နယ်မြေ(၁၆) ရပ်ကွက်(၇) လားရှိုးမြို့နေသူအား နောင်ချိုမြို့မရဲစခန်းက မယ(ပ)၁၁၈/၂၀၁၄၊ မူး/စိတ် ပုဒ်မ ၁၅/၁၉(က) ဖြင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(စိုးဝင်း-နောင်ချို)**

### အမြန်လမ်းတွင် ယာဉ်တိမ်းမှောက် သုံးဦးသေ ခုနစ်ဦးဒဏ်ရာရ

**နွားထိုးကြီး ဒီဇင်ဘာ ၂၉**

နွားထိုးကြီးမြို့နယ် ထိန်ဖလားရွာအနီး ရန်ကုန်-မန္တလေး အမြန်လမ်း မိုင်တိုင် (၃၂၀/၂) နှင့်(၃) ကြားတွင် ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မှ မန္တလေးဘက်သို့ ယာဉ်မောင်း ရဲဝင်းအောင်(၃၄)နှစ် မောင်းနှင်သည့် ပါရာဒိုကားရှေ့ဘီးပေါက်ပြီး လမ်းလယ်ကျွန်းကိုတိုက်မိရာ သုံးဦးသေ ခုနစ်ဦး ဒဏ်ရာရရှိခဲ့သည်။

ယာဉ်တိမ်းမှောက်ရာတွင် ရန်ကုန်မြို့မှ ရဲရင့်အောင်(ခ)အောင်ကျော်ထွန်း (၂၆)နှစ်၊ မစုစုမာ(၂၀)နှစ်တို့မှာ အခင်းဖြစ်နေရာတွင် သေဆုံးပြီး မျိုးကိုကိုလွင် (၂၃)နှစ်မှာ မန္တလေးဆေးရုံတွင် သေဆုံးသွားကြောင်း သိရသည်။

**ခင်ဇာမွန်မြင့်(ဥပဒေ)**














မြန်မာနိုင်ငံခြေလျင်နှင့်တောင်တက်အဖွဲ့ချုပ်၏ဖခင်ကြီး
(မြေတိုင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်-ငြိမ်း)
**ဗိုလ်မှူးကြီးစည်သူလှအောင်**
(၃၁-၁၂-၁၉၁၄)-(၃၁-၁၂-၂၀၁၄)
**ရာပြည့်အထိမ်းအမှတ်**

နေ့ရက် - ၁-၁-၂၀၁၅(ကြာသပတေးနေ့)
အချိန် - နံနက်၅း၃၀နာရီ(အရုဏ်ဆွမ်းကပ်ခြင်း)
၇နာရီမှ ၁၀နာရီ(ဧည့်ခံခြင်း)
(နံနက်၈း၃၀နာရီတွင် ဧည့်ခံခြင်းကို ခေတ္တရပ်နား၍ရာပြည့်အထိမ်းအမှတ်အစီအစဉ် ဆောင်ရွက်ခြင်း)
နေရာ။ ။ တက္ကသိုလ်များဓမ္မာရုံကြီး၊ ရန်ကုန်တက္ကသိုလ်ရှေ့
ခြေလျင်နှင့်တောင်တက်အသင်းဝင်များ၊ ဗိုလ်မှူးကြီးလှအောင်၏ ဆွေမျိုးမိတ်သင်္ဂဟများ၊ တပည့်သားမြေးများ တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ (သီးခြားဖိတ်စာမပို့ပါ)
တက္ကသိုလ်ခြေလျင်နှင့်တောင်တက်အသင်း၊ သဘာဝခေါ်သံဖောင်ဒေးရှင်း




## မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ Capt: ဦးအေးနိုင်(Uniteam Marine)- ဒေါ်လှသဇင်တို့၏သားကြီး

**Dr. ရဲသက်နိုင်**

M.B,B.S(Ygn), Medical Coordinator,Bangkok Hospital (Bangkok)

နှင့်

ရန်ကုန်မြို့နေ ဦးကျော်ကျော်ဝင်း-ဒေါ်သီသီသန်းတို့၏ တစ်ဦးတည်းသောသမီး

**မသီရိကျော်**

B.A(English), M.A(English), HCU Thailand

တို့၏ ၂၇-၁၂-၂၀၁၄ရက် Yuzana Garden Hotelတွင် ကျင်းပပြုလုပ်သော မင်္ဂလာညှော်ခံပွဲ၌ မင်္ဂလာပန်းကုံးနှင့် မင်္ဂလာလက်စွပ်ချီးမြှင့်ပေးပါသော ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်ယော်နှင့်ဇနီး ဒေါက်တာဒေါ်ခင်သီရိ၊ ကြွရောက်ချီးမြှင့်ပေးပါသော စစ်ဘက်နယ်ဘက်မှ ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများ၊ စစ်တက္ကသိုလ်အမှတ်စဉ် (၁၉)မှ သူငယ်ချင်းများနှင့်ဇနီးများ၊ မင်္ဂလာပန်းကြဲပေးပါသော နန်းဆောင်းနှင်းချို၊ မင်္ဂလာပန်းကုံးနှင့် လက်စွပ်ကိုင်ဆောင်ပေးပါသော မနှင်းမြတ်အေး၊ သတို့သားအရံ မောင်လင်းသက်နိုင်နှင့် သတို့သမီးအရံ မခိုင်ဆုဝေ၊ လက်ဝတ်ရတနာများကို မေတ္တာဖြင့် ဆင်မြန်းပေးပါသော စံပယ်ဖြူ စိန်ရွှေရတနာဆိုင်မှ ဦးတင့်လွင်နှင့်ဒေါ်ခင်စိုးမူ၊ မင်္ဂလာဝတ်စုံ မိတ်ကပ်နှင့်ဆံပင်အလှ လင်းလင်းနှင့်အဖွဲ့၊ မင်္ဂလာမှတ်တမ်းတင်ဓာတ်ပုံနှင့်ဗီဒီယို ပီတာမင်းဆက်နှင့်အဖွဲ့၊ ၂၁-၁၂-၂၀၁၄ရက် Signature Restaurantတွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်ချုပ်တရားသူကြီး ဒေါ်စိုးစိုးအောင်နှင့် မင်္ဂလာပွဲအောင်မြင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြပါသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အထူးကျေးဇူးတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**Dr.ရဲသက်နိုင်-မသီရိကျော်**

## လျှောက်လွှာခေါ်ယူခြင်း

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တောင်ကြီးမြို့၊ အေးသာယာပြည်သူ့ဝန်ထမ်းအိမ်ရာစီမံကိန်းတွင်(၄၀/၃၀)ပေအကျယ် ကွန်ကရစ်လမ်း၊ အဆင့်မြင့် RCC တန်ဖိုးသင့်/မျှ (၄)ခန်းတွဲ (၅)ထပ် လူနေအထပ်မြင့် (မြို့ပြ၊ ရေသန့်၊ လျှပ်စစ်) ခန်းဖွဲ့(၂)ခန်း၊ ဧည့်ခန်း(၁)ခန်းပါဝင်သည့် တိုက်ခန်းများဆောက်လုပ်လျက်ရှိပါသည်။ ရှမ်းပြည်နယ်အတွင်း တာဝန်ထမ်းဆောင်နေသောဝန်ထမ်း၊ အငြိမ်းစားများ (အမှန်တကယ်နေထိုင်မည့်သူများ)အား အရစ်ကျငွေချေစနစ်၊ အခန်းပိုင်စနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ပါသဖြင့် တိုက်ခန်းဝယ်ယူခွင့် လျှောက်လွှာတစ်စောင်လျှင် (၂၀၀ဝိ/-) (နှစ်ထောင်ကျပ်)နှုန်းဖြင့် လျှောက်ထားနိုင်ပါသည်။

| | | |
|---|---|---|
| လျှောက်လွှာရောင်းချမည့်ရက် | - | ၁-၁-၂၀၁၅ မှ ၃၁-၁-၂၀၁၅ရက်အထိ (ရုံးဖွင့်ရက် ရုံးချိန်အတွင်း) |
| လျှောက်လွှာနောက်ဆုံးရောင်းချမည့်ရက် | - | ၃၁-၁-၂၀၁၅ရက်၊ ၁၆း၀၀နာရီ |
| လျှောက်လွှာရောင်းချမည့်နေရာ | - | လမ်းပန်းဆက်သွယ်ရေးဝန်ကြီးရုံး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ တောင်ကြီးမြို့။ |






စာအုပ်စာပေ လူ့မိတ်ဆွေ






ဦးမောင်လှိုင်၊ ဦးကံမြင့်
ဒုအကောက်ခွန်မှူး တရားရေးအဆင့်(၄)
သီးသန့်တန်းခွဲများဖွင့်ပြီ
အမှတ်-၁၅၉၊ ဒုထပ်(ယာ)၊ ၃၈လမ်း (အလယ်)၊ ကျောက်တံတား
ဖုန်း-၀၉-၅၀၉၃၆၇၄၊ ၀၉-၇၃၂၄၁၀၅၉








# အထူးကျေးဇူးတင်ဝမ်းမြောက်ခြင်း

၂၀၁၃ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်သည့် အခမ်းအနားအား အောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်းအတွက် ကြွရောက်ချီးမြှင့်ပေးပါသော နိုင်ငံတော်ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ အစိုးရအဖွဲ့ဝင်များနှင့်ဇနီးများ၊ အခမ်းအနားကို ဘေးကင်းလုံခြုံစွာ ကျင်းပနိုင်ရေးအတွက် လုံခြုံရေးအစီအမံများကို အပြည့်အဝဆောင်ရွက်ပေးခဲ့ပါသော ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ Main Sponsor အဖြစ် ပံ့ပိုးကူညီပေးပါသော Loi Hein Co.,Ltd မှ Alpine သောက်ရေသန့်၊ Co Sponsor အဖြစ် ပံ့ပိုးကူညီပေးပါသော ဧရာဝတီဘဏ်နှင့် M 150 Energy Drink, သက်ဆိုင်ရာကဏ္ဍအသီးသီး၌ ပံ့ပိုးကူညီကြပါသော အောင်သမာဓိရွှေဆိုင်၊ နန်းမြို့သူပိုးထည်တိုက်၊ လင်းလင်း(မိတ်ကပ်)၊ Lily Shoes Collection(မ)၊ ဆင်ကိုးကောင်ဖိနပ်(ကျား)၊ ဒီဇိုင်နာပြည်စိုးအောင်၊ ကောင်းမြတ်၊ မျိုးမင်းစိုး၊ JCVG၊ လိုအပ်ချက်များကို ပံ့ပိုးကူညီပေးပါသော Forever Group နှင့် Myanmar Event Park၊ အခမ်းအနားအစီအစဉ်များကို စနစ်တကျ အကောင်းဆုံးတင်ဆက်ပေးသော Index Creative Village၊ Host Broadcaster အဖြစ် တာဝန်ယူရိုက်ကူး ထုတ်လွှင့်ပေးပါသော MRTV နှင့် ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပြီး ထပ်မံတိုက်ရိုက်ထုတ်လွှင့်ပေးပါသော ရွှေသံလွင်မီဒီယာ(Sky Net, MNTV,MITV,Channel 9),MWD, MWD Documentary,5 Network,MRTV-4 ရုပ်သံလိုင်းများ၊ Mandalay FM,Pyinsawady FM,Shwe FM,Padamyar FM အသံလွှင့်မီဒီယာများ၊ ပုံနှိပ်မီဒီယာများ၊ ဝိုင်းဝန်းပံ့ပိုးကူညီကြသူများ၊ တက်ရောက်ချီးမြှင့်ပေးကြသော ရုပ်ရှင်လောကသားများနှင့် ရုပ်မြင်သံကြားဖန်သားပြင်မှ အားပေးကြသော ပရိသတ်အပေါင်းအား လှိုက်လှဲစွာ အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် အမှားအယွင်း လိုအပ်ချက် တစ်စုံတစ်ရာရှိခဲ့ပါကလည်း နားလည်ခွင့်လွှတ်ပေးပါရန် အနူးအညွတ် ပန်ကြားအပ်ပါသည်။

**မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး**

# မသန်စွမ်းသူများ၏ အခွင့်အရေးများဥပဒေကြမ်း

**မသန်စွမ်းသူများ၏ အခွင့်အရေးများဥပဒေကြမ်း**
**(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေ အမှတ်၊ ။)**
**၁၃၇၅ ခုနှစ်၊ လ ရက်**
**(၂၀၁၄ ခုနှစ်၊ လ၊ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း (၁)

အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို မသန်စွမ်းသူများ၏ အခွင့်အရေးများဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသောအောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **မသန်စွမ်းသူဆို**သည်မှာမွေးရာပါဟုတ်သည်ဖြစ်စေ၊မဟုတ်သည်ဖြစ်စေ၊ ကိုယ်ကာယ၊ အမြင်၊ အပြော၊ အကြား၊ အသိဉာဏ်၊ စိတ်ပိုင်း၊ ဉာဏ်ရည် ဉာဏ်သွေးပိုင်း၊ အာရုံခံစားမှုပိုင်းဆိုင်ရာ တစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ချို့ယွင်းအားနည်းချက်များကို ရေရှည်ခံစားနေရသူကိုဆိုသည်။

(ခ) **မသန်စွမ်းမှု**ဆိုသည်မှာ မသန်စွမ်းသူများအနေဖြင့် ပတ်ဝန်းကျင်ပိုင်းဆိုင်ရာ၊ စိတ်သဘောထားအမြင်ပိုင်းဆိုင်ရာနှင့် အခြားအတားအဆီးများကြောင့် လူ့အဖွဲ့အစည်းအတွင်း အပြည့်အဝပါဝင်လှုပ်ရှားနိုင်မှု မရှိခြင်းကိုဆိုသည်။

(ဂ) **မသန်စွမ်းသူများ၏အခွင့်အရေး**ဆိုသည်မှာ ဤဥပဒေ၌ပါရှိသော မသန်စွမ်းသူများဆိုင်ရာ အခွင့်အရေး တစ်ရပ်ရပ်ကိုဆိုသည်။

(ဃ) **ပြန်လည်ထူထောင်ရေး**ဆိုသည်မှာ မသန်စွမ်းသူများသည် ၎င်းတို့နေထိုင်ရာ ပတ်ဝန်းကျင်နှင့် လူ့အဖွဲ့အစည်းတွင် ပါဝင်ခွင့်ရရှိနိုင်ရေးအတွက် စွမ်းဆောင်ရည်များ အပြည့်အဝ ပြန်လည်ရရှိရန် ဆေးပညာ၊ ပညာရေး၊ လူမှုရေး၊ အသက်မွေးဝမ်းကျောင်းနှင့် အခြားလုပ်ငန်းစဉ်များမှတစ်ဆင့် လေ့ကျင့်ပျိုးထောင်ပေးခြင်းကိုဆိုသည်။

(င) **ခွဲခြားဆက်ဆံမှု**ဆိုသည်မှာ မသန်စွမ်းမှုကို အကြောင်းပြု၍ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ ပြည်သူ့ရေးရာနှင့် အခြားနယ်ပယ်အသီးသီးတွင်သန်စွမ်းသူများနည်းတူအသိအမှတ်ပြုရေးနှင့် သာတူညီမျှရရှိခံစားရေးတို့ကို အဟန့်အတားဖြစ်စေသည့် ခွဲခြားခြင်း၊ လူမှုအဖွဲ့အစည်းတွင် ပါဝင်ဆောင်ရွက်ခြင်း မပြုနိုင်ရန် ဘေးဖယ်ချန်လှပ်ထားခြင်းနှင့် ပါဝင်လှုပ်ရှားဆောင်ရွက်မှုကို ကန့်သတ်ထားခြင်းတို့ကိုဆိုသည်။

(စ) **ဆက်သွယ်ခြင်း**ဆိုသည်မှာ ဘာသာစကားဖြင့် ဆက်သွယ်ခြင်း၊ စာဖြင့်ရေးသား ဆက်သွယ်ခြင်း၊ အကူစာဖတ်သူက ဖတ်ပြခြင်း၊ အထိအတွေ့ဖြင့် ဆက်သွယ်ခြင်း၊ ကိုယ်ဟန်အမူအရာပြသခြင်း၊ သင်္ကေတများပြသခြင်း၊ အီလက်ထရွန်နစ်နည်းဖြင့် ဆက်သွယ်ခြင်း သို့မဟုတ် တစ်ဦးနှင့်တစ်ဦး နားလည်နိုင်သည့် အခြားနည်းလမ်း တစ်ရပ်ရပ်ဖြင့် ဆက်သွယ်ခြင်းကို ဆိုသည်။

(ဆ) **ဘာသာစကားဟု**ဆိုရာတွင် နှုတ်ဖြင့်ပြောသော ဘာသာစကား၊ လက်သင်္ကေတပြဘာသာစကားနှင့် အခြားသော နှုတ်ထွက်ဘာသာစကား မဟုတ်သည့် ဘာသာစကား ပုံစံတို့ ပါဝင်သည်။

(ဇ) **အလုပ်ရှင်** ဆိုသည်မှာ ဤဥပဒေအရ မသန်စွမ်းသူများကို သတ်မှတ်ထားသော ဝေပုံကျနှုန်းထားအရေအတွက်အတိုင်း အလုပ်ခန့်ထားရန်တာဝန်ရှိသော အစိုးရဌာနများ၊ အဖွဲ့အစည်းများ၊ ကုမ္ပဏီများနှင့်ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများမှ အလုပ်ရှင် သို့မဟုတ်အလုပ်ရှင်ကတာဝန်ပေးသည့် စီမံခန့်ခွဲသူကိုဆိုသည်။

(ဈ) **မသန်စွမ်းသူများအသင်းအဖွဲ့**ဆိုသည်မှာ မသန်စွမ်းမှု အမျိုးအစားအလိုက် ဖြစ်စေ၊ မသန်စွမ်းမှု အမျိုးအစားများ စုပေါင်း၍ဖြစ်စေ၎င်းတို့ကိုယ်တိုင် ဦးဆောင်ဖွဲ့စည်းထားသော အသင်းအဖွဲ့တစ်ခုခုကို ဆိုသည်။

(ည) **ဗဟိုမသန်စွမ်းသူများအသင်း**ဆိုသည်မှာ မသန်စွမ်းသူ အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် မသန်စွမ်းသူအသင်းအဖွဲ့များမှ မဟုတ်သည့်မသန်စွမ်းသူကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းထားသော အဖွဲ့ကိုဆိုသည်။

(ဋ) **မသန်စွမ်းသူများအတွက် ဆောင်ရွက်သောအဖွဲ့အစည်း** ဆိုသည်မှာ မသန်စွမ်းသူများ၏ အခွင့်အရေးနှင့် အကျိုးစီးပွားများအတွက် ဆောင်ရွက်ရန် ရည်ရွယ်ဖွဲ့စည်းထားသော ပြည်တွင်းပြည်ပမှ အဖွဲ့အစည်းတစ်ခုခုကိုဆိုသည်။

(ဌ) **ပုဂ္ဂလိကပညာသင်ကျောင်း**ဆိုသည်မှာ မသန်စွမ်းသူများကို ပညာသင်ကြားပို့ချသည့် ပုဂ္ဂလိက၊ ပုဂ္ဂလိကအဖွဲ့အစည်းနှင့် စေတနာ့ဝန်ထမ်းပရဟိတပိုင်အခြေခံပညာကျောင်း၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံတစ်ခုခုကို ဆိုသည်။

(ဍ) **ပုဂ္ဂလိကအသက်မွေးမှု သင်တန်းကျောင်း**ဆိုသည်မှာ မသန်စွမ်းသူများကို အသက်မွေးဝမ်းကျောင်း လုပ်ငန်းတစ်ခုခု လုပ်ကိုင်နိုင်ရန် လေ့ကျင့်သင်ကြားပေးသည့် ပုဂ္ဂလိက၊ ပုဂ္ဂလိကအဖွဲ့အစည်းနှင့်စေတနာ့ဝန်ထမ်း ပရဟိတပိုင်သင်တန်းသို့မဟုတ် ကျောင်းတစ်ခုခုကို ဆိုသည်။

(ဎ) **ပုဂ္ဂလိက ပြန်လည်ထူထောင်ရေးဌာန**ဆိုသည်မှာ မသန်စွမ်းသူများကို ဆေးပညာအရ ကိုယ်ကာယပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် ဉာဏ်ရည်ပိုင်းဆိုင်ရာတို့ကို ပြုစုကုသရေး၊ ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်ထူထောင်ရေးတို့အတွက် ဝန်ဆောင်မှုဆောင်ရွက်ပေးသောပုဂ္ဂလိကပိုင် သို့မဟုတ်ပုဂ္ဂလိကအဖွဲ့အစည်းပိုင် သို့မဟုတ်စေတနာ့ဝန်ထမ်းပရဟိတပိုင်ပြန်လည်ထူထောင်ရေးဌာနနှင့် ကျောင်းတစ်ခုခုကို ဆိုသည်။

(ဏ) **ပိုင်ရှင်**ဆိုသည်မှာ ပုဂ္ဂလိက အဖွဲ့အစည်းသို့မဟုတ် ပုဂ္ဂိုလ်က တည်ထောင်ဖွင့်လှစ်ထားသော ပုဂ္ဂလိကပညာသင်ကျောင်း၊ ပုဂ္ဂလိကအသက်မွေးမှုသင်တန်းကျောင်းနှင့် ပုဂ္ဂလိက ပြန်လည်ထူထောင်ရေးဌာနတစ်ခုခု၏ ပိုင်ရှင်သို့မဟုတ် ထိုပိုင်ရှင်က တာဝန်ပေးသည့် စီမံခန့်ခွဲသူကိုဆိုသည်။

(တ) **ရန်ပုံငွေ**ဆိုသည်မှာ မသန်စွမ်းသူများ၏ ဘဝမြင့်တင်ရေး၊ လိုအပ်သော အထောက်အကူပြု ပစ္စည်းကိရိယာများ ခွဲဝေဖြည့်ဆည်းရေး၊ ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်ရရှိရေး၊ ပြန်လည်ထူထောင်ရေးနှင့် အခြားသော အခွင့်အရေးများအတွက် မသန်စွမ်းသူများ၏ အခွင့်အရေးနှင့် အကျိုးစီးပွားကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်ထူထောင်သော မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာရန်ပုံငွေကို ဆိုသည်။

(ထ) **ရန်ပုံငွေစီမံခန့်ခွဲရေးအဖွဲ့**ဆိုသည်မှာ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာရန်ပုံငွေကို ထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးတို့အတွက် ဤဥပဒေအရ ဖွဲ့စည်းသော အဖွဲ့ကိုဆိုသည်။

(ဒ) **အမျိုးသားကော်မတီ**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီကိုဆိုသည်။

(ဓ) **တိုင်းဒေသကြီးသို့မဟုတ်ပြည်နယ်ကော်မတီ**ဆိုသည်မှာ ဤဥပဒေအရ အမျိုးသားကော်မတီမှဖွဲ့စည်းပေးထားသော တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အဆင့် မသန်စွမ်းသူများအခွင့်အရေးများဆိုင်ရာ ကော်မတီကိုဆိုသည်။

(န) **မှတ်ပုံတင်အရာရှိချုပ်**ဆိုသည်မှာမသန်စွမ်းသူများကို မှတ်ပုံတင်ခြင်းနှင့် မသန်စွမ်းသူများအသင်းအဖွဲ့များကို မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းတာဝန်များအား ကြီးကြပ်ဆောင်ရွက်ရန် အမျိုးသားကော်မတီက တာဝန်ပေးအပ်ခြင်းခံရသည့် လူမှုဝန်ထမ်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

(ပ) **မှတ်ပုံတင်အရာရှိ**ဆိုသည်မှာ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တို့တွင်မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းတာဝန်များကိုဆောင်ရွက်ရန်တာဝန်ပေးထားသည့်လူမှုဝန်ထမ်းဦးစီးဌာနက အရာရှိကို ဆိုသည်။

(ဖ) **မှတ်ပုံတင်ကြီးကြပ်ရေးမှူး**ဆိုသည်မှာ မသန်စွမ်းသူများမှတ်ပုံတင်ခြင်းဆိုင်ရာလုပ်ငန်းတာဝန်များကို တာဝန်အရဖြစ်စေ၊ စေတနာ့ဝန်ထမ်းအဖြစ်ဖြင့်ဖြစ်စေ ဆောင်ရွက်ရန် တာဝန်ပေးအပ်ထားသည့် လူမှုဝန်ထမ်းဦးစီးဌာနကဝန်ထမ်းကိုသော်လည်းကောင်း၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့်ညှိနှိုင်းပြီးတာဝန်ပေးအပ်ထားသည့်အစိုးရဌာန၊ အဖွဲ့အစည်းကဝန်ထမ်းသို့မဟုတ် အစိုးရဝန်ထမ်း မဟုတ်သည့် သင့်လျော်သောနိုင်ငံသား တစ်ဦးဦးကိုသော်လည်းကောင်းဆိုသည်။

(ဗ) **မသန်စွမ်းမှု အဆင့်စိစစ်သတ်မှတ်သည့်အဖွဲ့**ဆိုသည်မှာ မသန်စွမ်းမှုအမျိုးအစားနှင့် မသန်စွမ်းမှုအဆင့်အလိုက်မသန်စွမ်းသူများ၏အခွင့်အရေးများကိုခံစားခွင့်ပေးနိုင်ရေးအတွက် မသန်စွမ်းသူကို စစ်ဆေးအကဲဖြတ်ပြီး အဆင့်သတ်မှတ်နိုင်ရန် အလို့ငှာ ဤဥပဒေအရ ကျန်းမာရေးဝန်ကြီးဌာနက ဖွဲ့စည်းသည့် အဖွဲ့ကို ဆိုသည်။

**အခန်း (၂)**

**ရည်ရွယ်ချက်များ**

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ဤဥပဒေအရ မသန်စွမ်းသူများကို ပိုမို၍ ကြည့်ရှုစောင့်ရှောက်နိုင်ရန်၊

(ခ) ကုလသမဂ္ဂမသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်၊

(ဂ) နိုင်ငံသားများ ခံစားခွင့်ရှိသည့် လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို မသန်စွမ်းသူအားလုံး တန်းတူညီမျှ အပြည့်အဝရရှိစေရန်၊

(ဃ) နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ရေးရာ စသည့်နယ်ပယ်အသီးသီးတွင် သန်စွမ်းသူများနှင့်တန်းတူ လူမှုအဖွဲ့အစည်းတွင် ပေါင်းစည်းပါဝင်နိုင်ရေးတာဝန်ယူဆောင်ရွက်နိုင်ရန်၊

(င) မသန်စွမ်းသူများ၏ ဂုဏ်သိက္ခာ၊ စွမ်းရည်နှင့် စွမ်းဆောင်နိုင်မှုများကို နိုင်ငံတော်နှင့် နိုင်ငံသားတို့က အသိအမှတ်ပြုနိုင်ရန်၊

(စ) မသန်စွမ်းသူများ၏ လူနေမှုဘဝ လုံခြုံစိတ်ချမှုရှိပြီး ဖွံ့ဖြိုးတိုးတက်မြင့်မားလာစေရန်၊

(ဆ) မသန်စွမ်းသူများအားနယ်ပယ်အားလုံးတွင် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုများ လျော့နည်းပပျောက်စေရန်နှင့် ထိုသို့ခွဲခြားဆက်ဆံမှုများမပြုစေရေးအတွက် ဥပဒေအရ အကာအကွယ်ပေးရန်၊

(ဇ) မသန်စွမ်းသူများအထူးသဖြင့် အမျိုးသမီးများနှင့် ကလေးများအား နိုင်ထက်စီးနင်း အကြမ်းဖက်ခံရမှု၊ အိမ်တွင်းအကြမ်းဖက်မှု အမျိုးမျိုးအပါအဝင် အလွဲသုံးခံရမှု၊ ခေါင်းပုံဖြတ်ခံရမှုများက အကာအကွယ်ပေးရန်၊

(ဈ) မိဘမဲ့၊ ခိုကိုးရာမဲ့နှင့် မသန်စွမ်းမှု တစ်ခုထက်ပို၍ခံစားနေရသော မသန်စွမ်းသူများကို မသန်စွမ်းမှု အမျိုးအစားအလိုက်နိုင်ငံတော်က အထူးစောင့်ရှောက်ကူညီမှုပေးနိုင်ရန်။

**အခန်း (၃)**

**မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ**

၄။ ပြည်ထောင်စု အစိုးရအဖွဲ့သည် -

(က) ဤဥပဒေ၏ ပြဋ္ဌာန်းချက်များကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည့် လမ်းညွှန်မှု၊ စီမံခန့်ခွဲမှုနှင့်ကြီးကြပ်ကွပ်ကဲမှုများပြုလုပ်ရန် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီကို အောက်ပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည် -

(၁) ပြည်ထောင်စုဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ — ဥက္ကဋ္ဌ

(၂) ဗဟိုမသန်စွမ်းသူများအသင်းမှ ကိုယ်စားလှယ် — ဒုတိယဥက္ကဋ္ဌ

(၃) သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ အဖွဲ့များမှ ကိုယ်စားလှယ်များ — အဖွဲ့ဝင်များ

(၄) လူ့အခွင့်အရေး ကော်မရှင်မှ ကိုယ်စားလှယ် — အဖွဲ့ဝင်

(၅) မသန်စွမ်းသူများအသင်းအဖွဲ့များက ရွေးချယ်ခြင်းခံရသော ကိုယ်စားလှယ်များ — အဖွဲ့ဝင်များ

(၆) အစိုးရမဟုတ်သောအဖွဲ့အစည်းများက ရွေးချယ်ခြင်းခံရသော ကိုယ်စားလှယ်များ — အဖွဲ့ဝင်များ

(၇) စေတနာ့ဝန်ထမ်း ပုဂ္ဂိုလ်များထဲက ရွေးချယ်ခြင်းခံရသောကိုယ်စားလှယ်များ — အဖွဲ့ဝင်များ

(၈) အမျိုးသားကော်မတီက တာဝန်ပေးအပ်သူ — အတွင်းရေးမှူး

(၉) အမျိုးသားကော်မတီက တာဝန်ပေးအပ်သူ — တွဲဖက် အတွင်းရေးမှူး

(ခ) အမျိုးသားကော်မတီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းခြင်း သို့မဟုတ် အမျိုးသားကော်မတီ အဖွဲ့ဝင်တစ်ဦးဦးကို အစားထိုးခန့်ထားခြင်းပြုနိုင်သည်၊

(ဂ) အမျိုးသားကော်မတီအဖွဲ့ဝင်များတွင် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များမှရာထူးအလျောက် တာဝန်ထမ်းဆောင်ရသောပုဂ္ဂိုလ်များမှအပ ကျန်အမျိုးသားကော်မတီအဖွဲ့ဝင်များ၏ သက်တမ်းကို သတ်မှတ်နိုင်သည်။

၅။ အမျိုးသားကော်မတီသည် ကိုယ်ပိုင်အမည်၊ ကိုယ်ပိုင်တံဆိပ်တို့ဖြင့် ဆောင်ရွက်ပိုင်ခွင့်၊ စဉ်ဆက်မပြတ်ဆက်ခံဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုပိုင်ခွင့်နှင့် တရားစွဲဆိုခြင်းခံနိုင်ခွင့်တို့ရှိစေရမည်။

၆။ နိုင်ငံ့ဝန်ထမ်းမဟုတ်သောအမျိုးသားကော်မတီဝင်များသည်ဤဥပဒေအရအမျိုးသားကော်မတီ၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်သည့်နေ့ရက်များအတွက် ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်သည့် ချီးမြှင့်ငွေနှင့်စရိတ်တို့ကို ခံစားပိုင်ခွင့် ရှိသည်။

၇။ အမျိုးသားကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) မသန်စွမ်းသူများ၏အခွင့်အရေးများကိုကာကွယ်စောင့်ရှောက်ရေး၊ မသန်စွမ်းသူများ၏ဘဝတိုးတက်မြင့်မားလာစေရေးနှင့် ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက်နိုင်ငံတော်အဆင့်မူဝါဒနှင့်လမ်းညွှန်ချက်များ ရေးဆွဲချမှတ်ပြီးပြည်ထောင်စုအစိုးရအဖွဲ့၏အတည်ပြုချက်ရယူ ဆောင်ရွက်ခြင်း၊

(ခ) ပုဒ်မခွဲ(က)အရချမှတ်ထားသောမူဝါဒနှင့် လမ်းညွှန်ချက်များနှင့်အညီ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ စည်ပင်သာယာရေးကော်မတီ၊ စည်ပင်သာယာရေးအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ မသန်စွမ်းမှုဆိုင်ရာ လုပ်ငန်းဆောင်ရွက်နေသည့်အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းဆောင်ရွက်နေသော အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များ၊ မသန်စွမ်းသူများအသင်းအဖွဲ့များ၊ မသန်စွမ်းမှုဆိုင်ရာ လုပ်ငန်းကိုစိတ်ပါဝင်စားသည့်စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ၊ သယ်ယူပို့ဆောင်ရေးအဖွဲ့အစည်းများ၊ သတင်းအချက်အလက်၊ ဆက်သွယ်ရေးနှင့် နည်းပညာအဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များ၏ဆောင်ရွက်မှုကို ပူးပေါင်းဆောင်ရွက်ခြင်း၊ စောင့်ကြည့်လေ့လာကြီးကြပ်ခြင်း၊

(ဂ) မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ ကော်မတီအဆင့်ဆင့်ဖွဲ့စည်းခြင်းနှင့်လုပ်ငန်းတာဝန်များသတ်မှတ်ခြင်း၊

(ဃ) မသန်စွမ်းသူများကိုတစ်ဦးတစ်ယောက်ကဖြစ်စေ၊ အဖွဲ့အစည်းများကဖြစ်စေ၊ လုပ်ငန်းဌာနများကဖြစ်စေနည်းမျိုးစုံဖြင့်ခွဲခြားဆက်ဆံခြင်း၊ ခေါင်းပုံဖြတ်ခြင်း၊ အကြမ်းဖက်ခြင်း၊ အလွဲသုံးခြင်း၊ လျစ်လျူရှုခြင်းတို့မှ အကာအကွယ်ပေးနိုင်ရန် အစီအမံများချမှတ်ဆောင်ရွက်ခြင်း၊

(င) မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ အတွေ့အကြုံ ဖလှယ်ရေးနှင့် နည်းပညာအရင်းအမြစ်များရရှိရေးအတွက် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပမှ အစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ မသန်စွမ်းသူများအသင်းအဖွဲ့များ၊ ကျောင်းများ၊ ပုဂ္ဂိုလ်များနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(စ) မသန်စွမ်းမှုဆိုင်ရာ သတင်းအချက်အလက်များစုဆောင်းခြင်းနှင့် မသန်စွမ်းသူများ၏ ဝန်ဆောင်မှုလုပ်ငန်းများကို စာရင်းစစ်တမ်းကောက်ယူခြင်း၊

(ဆ) မသန်စွမ်းသူများအလွယ်တကူအသုံးပြုနိုင်သော ဝန်ဆောင်မှုများ၊ စနစ်များ၊ ပုံစံများ၊ နည်းပညာများ၊ အထောက်အပံ့ပစ္စည်းများ၊ တစ်ဦးနှင့်

**စာမျက်နှာ ၁၆ သို့**

စာမျက်နှာ ၁၅မှ

တစ်ဦးဆက်သွယ်ခြင်း နည်းပညာများကို သုတေသနပြုခြင်းနှင့် တီထွင်ထုတ်လုပ်ခြင်း၊

(ဇ) နားမကြားသူများအတွက် လက်သင်္ကေတပြဘာသာစကားကိုလည်းကောင်း၊ မျက်မမြင်များအတွက် လက်စမ်းစာပေကိုလည်းကောင်း သတ်မှတ်ခြင်း၊

(ဈ) မသန်စွမ်းသူများအတွက် စီးပွားရေး၊ လူမှုရေး၊ ပညာရေးနှင့် ကျန်းမာရေးဝန်ဆောင်မှုများ အပြည့်အဝ ရရှိရန် စီမံဆောင်ရွက်ခြင်း၊

(ည) နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ရေးရာစသည့် နယ်ပယ်အသီးသီးတွင် မသန်စွမ်းသူများ ပါဝင်ဆောင်ရွက်ခွင့်ရရှိရေး ဆောင်ရွက်ခြင်း၊

(ဋ) မသန်စွမ်းသူများ အထူးသဖြင့် အမျိုးသမီးများနှင့် ကလေးသူငယ်များအား ထိရောက်စွာ အကာအကွယ်ပေးရန် စီမံဆောင်ရွက်ခြင်း၊

(ဌ) မသန်စွမ်းသူများအတွက် အထောက်အကူပြုပစ္စည်းကိရိယာများ၊ လက်သင်္ကေတပြ ဘာသာစကား စကားပြန်များ ထောက်ပံ့ကူညီရေးနှင့်သင်ယူမှုအခွင့်အလမ်းဆိုင်ရာနည်းပညာများလေ့ကျင့်သင်ကြားပေးရေးတို့အတွက် အစီအစဉ်များချမှတ် ဆောင်ရွက်ခြင်း၊

(ဍ) မသန်စွမ်းသူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေးအတွက် လိုအပ်သော စီမံချက်များချမှတ် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် ကြီးကြပ်ခြင်း၊

(ဎ) မသန်စွမ်းသူများအတွက်ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များချမှတ်ဆောင်ရွက်ခြင်း၊

(ဏ) ပြည်သူလူထုအတွင်း မသန်စွမ်းမှုဆိုင်ရာအသိပညာများ တိုးပွားလာစေရန် လုပ်ငန်းအစီအစဉ်များချမှတ်ဆောင်ရွက်ခြင်း၊

(တ) မသန်စွမ်းသူများအတွက် ရုပ်မြင်သံကြား၊ သတင်းပြန်ကြားရေး အစီအစဉ်များ စီစဉ်ဆောင်ရွက်ခြင်း၊

(ထ) ပြည်တွင်း၊ ပြည်ပမှမသန်စွမ်းသူများ၏ အခွင့်အရေးများအတွက် ဆောင်ရွက်သော အဖွဲ့အစည်းများနှင့် မသန်စွမ်းသူများအသင်းအဖွဲ့များကို ထောက်ပံ့ကူညီပေးခြင်း၊

(ဒ) မသန်စွမ်းသူများအသင်း ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ လိုအပ်သော လမ်းညွှန်ချက်များချမှတ်ခြင်းနှင့် ထောက်ပံ့မှုများပေးခြင်း၊

(ဓ) ဗဟိုမသန်စွမ်းသူများအသင်းကိုအသိအမှတ်ပြု၍ လုပ်ငန်းတာဝန်များညှိနှိုင်းသတ်မှတ်ပေးခြင်း၊

(န) ပုဂ္ဂလိကပညာသင်ကျောင်းများ၊ ပုဂ္ဂလိကအသက်မွေးမှု သင်တန်းကျောင်းများနှင့်ပုဂ္ဂလိကပြန်လည်ထူထောင်ရေးဌာနများထူထောင်ခြင်းနှင့် စပ်လျဉ်း၍ လိုအပ်သော လမ်းညွှန်ချက်များ၊ ညွှန်ကြားချက်များချမှတ်ခြင်းနှင့် ထောက်ပံ့မှုများပေးခြင်း၊

(ပ) ရန်ပုံငွေ ထူထောင်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်း၊

(ဖ) မသန်စွမ်းသူများအတွက် ခွဲခြားဆက်ဆံမှုဖြစ်စေသည့် ဓလေ့ထုံးစံများနှင့် အလေ့အကျင့်များကိုပြုပြင်ရေး၊ ခွဲခြားဆက်ဆံမှုပြုရာရောက်သည့် ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများနှင့် မူဝါဒများကိုစိစစ်ပြီး လိုအပ်သလို ရုပ်သိမ်းနိုင်ရေး သို့မဟုတ် ပြင်ဆင်နိုင်ရေးအတွက်ဆက်လက်ဆောင်ရွက်နိုင်ရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက တစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်ခြင်း၊

(ဗ) အမျိုးသားကော်မတီ၏ ရုံးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် လိုအပ်သော ရုံးအဖွဲ့ကို ဖွဲ့စည်း၍ ဝန်ထမ်းများ ခန့်အပ်တာဝန်ပေးခြင်း၊

(ဘ) ပြည်ထောင်စု အစိုးရအဖွဲ့က အခါအားလျော်စွာ ပေးအပ်သည့် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

**အခန်း (၄)**

**မသန်စွမ်းသူများ၏ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များ တန်းတူညီမျှမှုရှိရေး**

၈။ မသန်စွမ်းသူများသည်မွေးရာပါအခွင့်အရေးများ၊ အသက်ရှင်သန်ခွင့်၊ နိုင်ငံသားဖြစ်မှု၊ လွတ်လပ်မှု၊ တရားမျှတမှု၊ လုံခြုံမှု၊ တန်းတူညီမျှမှုနှင့် ဂုဏ်သိက္ခာလေးစားမှုတို့ကို ခံစားခွင့်ရှိစေရမည်။

၉။ မသန်စွမ်းမှုကို အကြောင်းပြု၍ မသန်စွမ်းသူများကို ခွဲခြားဆက်ဆံမှုနှင့် နှိမ့်ချမှုတို့မရှိစေရ။

၁၀။ မသန်စွမ်းသူများ၏ ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာတို့ကို ထိခိုက်နစ်နာစေသော အပြုအမူနှင့် ဆောင်ရွက်ချက်များကို တားမြစ်ပိတ်ပင်သည်။

၁၁။ အလုပ်လုပ်ကိုင်နိုင်စွမ်းမရှိသော မသန်စွမ်းသူများလိုအပ်သည့် အခြေခံစားဝတ်နေရေးအတွက် သတ်မှတ်ထားသော မသန်စွမ်းမှု အဆင့်အလိုက် နိုင်ငံတော်က ထောက်ပံ့ပေးရမည်။

၁၂။ မသန်စွမ်းသူများသည် လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ ရာထူးဌာနန္တရ၊ အဆင့်အတန်း၊ ယဉ်ကျေးမှု၊ အမျိုးသား၊ အမျိုးသမီး၊ ဆင်းရဲချမ်းသာ၊ မသန်စွမ်းမှု အမျိုးအစားမခွဲခြားဘဲ အောက်ပါအတိုင်း အခွင့်အရေးများရရှိစေရမည်-

(က) ဥပဒေအရာတွင် အညီအမျှဖြစ်စေရမည်၊

(ခ) သန်စွမ်းသူများနှင့် ညီမျှသောအခွင့်အရေးများရှိစေရမည်။

၁၃။ နိုင်ငံတော်သည် အမွေဆက်ခံထိန်းသိမ်းရန် အခက်အခဲရှိသော မသန်စွမ်းသူများအတွက် အစီအမံများချမှတ်၍ ကာကွယ်စောင့်ရှောက်ရမည်။

၁၄။ မသန်စွမ်းသူများသည် -

(က) ပညာသင်ကြားခွင့်၊ သတင်းအချက်အလက်များ ရယူသုံးစွဲခွင့်နှင့် ကျန်းမာရေးစောင့်ရှောက်မှုခံယူခွင့်ရှိသည်၊

(ခ) မွေးရာပါအသက်ရှင်သန်ခွင့်၊ လွတ်လပ်စွာပြောဆိုပိုင်ခွင့်နှင့် ကိုးကွယ်ပိုင်ခွင့် အပါအဝင် လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို သန်စွမ်းသူများနည်းတူ ခံစားခွင့်ရှိသည်၊

(ဂ) တရားဝင်ရရှိသောငွေကြေးများ၊ ပစ္စည်းများနှင့်အိမ်ရာအဆောက်အအုံများကို ပိုင်ဆိုင်ခွင့်၊ ဆက်ခံခွင့်နှင့် ပြည်သူ့အိုးအိမ်စီမံကိန်းဖြင့် ဆောက်လုပ်သော အိမ်ရာများတွင် နေထိုင်ခွင့်ရှိသည်၊

(ဃ) တရားစွဲဆိုခွင့်၊ တရားစွဲဆိုမှုကို ခုခံနိုင်ခွင့်နှင့် သက်သေအဖြစ်စစ်ဆေးခံနိုင်ခွင့်တို့ ရရှိရေးအတွက် တရားရုံးတွင်မသန်စွမ်းဖြစ်မှုအလိုက် လိုအပ်ချက်များကိုစီစဉ်ပေးရန် တောင်းဆိုခွင့်ရှိသည်၊

(င) မိမိတို့၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများအတွက် တရားမကြောင်းဖြင့် တရားစွဲဆိုရာတွင် ရုံးခွန်ကင်းလွတ်ခွင့်အတွက် တည်ဆဲဥပဒေများအရ တင်ပြခွင့်ပြုချက် ရယူဆောင်ရွက်နိုင်သည်၊

(စ) အကျဉ်းကျနေစဉ်အတွင်း မသန်စွမ်းမှုကို အကြောင်းပြု၍ နှိပ်စက်ခြင်း၊ ခွဲခြားဆက်ဆံခြင်း၊ လျစ်လျူရှုခြင်း၊ အနိုင်ကျင့်ခြင်းများမှ အကာအကွယ်ရရှိပိုင်ခွင့်နှင့် မသန်စွမ်းမှုဆိုင်ရာ ဝန်ဆောင်မှုများ ရရှိပိုင်ခွင့်ရှိသည်၊

(ဆ) ကျန်းမာရေးအတွက် စမ်းသပ်စစ်ဆေးခနှင့် ကုသစရိတ်များ၊ လက်သင်္ကေတပြ ဘာသာစကား စကားပြန်ဝန်ဆောင်စရိတ်၊ ပြည်တွင်းခရီးသွားရာတွင်အစိုးရနှင့် ပုဂ္ဂလိကပိုင် ရေယာဉ်ခ၊ လေယာဉ်ခ၊ ရထားခနှင့် ခရီးသည်တင်ကားခများကို သတ်မှတ်ချက်များနှင့်အညီသက်သာခွင့်ရရှိရန်နှင့် မသန်စွမ်းသူ ကိုယ်တိုင်အသုံးပြုသည့် အထောက်အကူပြု ပစ္စည်းများကို အခမဲ့သယ်ယူခွင့်ရရှိရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် သက်ဆိုင်ရာဝန်ကြီးဌာနများညှိနှိုင်း၍ ပြည်ထောင်စုအစိုးရ၏ အတည်ပြုချက်ရယူဆောင်ရွက်ရမည်။

၁၅။ သက်ဆိုင်ရာ အစိုးရဌာနများ၊ ပြည်တွင်းပြည်ပမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်း ဆောင်ရွက်နေသော အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များသည် လူမှုဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းအစီအစဉ်များ ချမှတ်ဆောင်ရွက်ရာ၌ မသန်စွမ်းသူများ၏ အခွင့်အရေးများကို အကာအကွယ်ပေးသည့် အစီအစဉ်များ ပါဝင်စေရမည်။

၁၆။ မသန်စွမ်း ကလေးသူငယ်များသည်-

(က) မွေးရာပါအသက်ရှင်သန်ခွင့်ရှိပြီးကလေးသူငယ်အခွင့်အရေး၊ လွတ်လပ်စွာပြောဆိုပိုင်ခွင့်နှင့် ကိုးကွယ်ပိုင်ခွင့် အပါအဝင် အခြေခံလွတ်လပ်ခွင့်များကိုအခြားသန်စွမ်းသူ ကလေးသူငယ်များ နည်းတူခံစားခွင့်ရှိသည်၊

(ခ) ကလေးသူငယ် ဥပဒေပါ အခွင့်ရေးများအားလုံး သန်စွမ်းသူကလေးများနှင့် တန်းတူခံစားခွင့်ရှိသည်၊

(ဂ) ကိုယ်တိုင်ဆုံးဖြတ် သုံးသပ်နိုင်စွမ်းမရှိသည့် ဉာဏ်ရည်ဆိုင်ရာ မသန်စွမ်းကလေးသူငယ်များ၏ အကောင်းဆုံး အကျိုးစီးပွားအတွက် မိဘသို့မဟုတ် အုပ်ထိန်းသူက ကိုယ်စားစီစဉ်ဆုံးဖြတ်ခွင့်ရှိသည်။

၁၇။ မသန်စွမ်းအမျိုးသမီးများသည် -

(က) လူ့အဖွဲ့အစည်းတွင် ပါဝင်ဆုံးဖြတ်ပိုင်ခွင့်နှင့် ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးစသည့် လူနေမှုအဆင့်အတန်းတိုးတက်မှုတို့အတွက် လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်အားလုံးကို အခြားသန်စွမ်းသူ အမျိုးသမီးများနည်းတူ ခံစားခွင့်ရှိသည်၊

(ခ) မသန်စွမ်းသူများအတွက် ရည်ရွယ်ဆောင်ရွက်သော လုပ်ငန်းအစီအစဉ်တိုင်းတွင် မသန်စွမ်းအမျိုးသားများနှင့် တန်းတူ ပါဝင်ဆောင်ရွက်ခွင့်ရှိသည်၊

(ဂ) မြန်မာနိုင်ငံရှိ အမျိုးသမီးများအတွက် ဦးတည်ဆောင်ရွက်သော လုပ်ငန်းအစီအစဉ်တိုင်းတွင် ပါဝင်ခွင့်နှင့် အကျိုးခံစားခွင့် ရှိသည်၊

(ဃ) နည်းမျိုးစုံဖြင့် အကြမ်းဖက်ခံရခြင်းနှင့် ခွဲခြားဆက်ဆံခံရခြင်းတို့အတွက် ကာကွယ် စောင့်ရှောက်ခံပိုင်ခွင့်ရှိသည်။

၁၈။ အမျိုးသားကော်မတီက ဤဥပဒေအရသတ်မှတ်ထားသော နားမကြားသူများအတွက် လက်သင်္ကေတပြဘာသာစကားနှင့် မျက်မမြင်များအတွက် လက်စမ်းစာပေတို့ကို ကျွမ်းကျင်သူက အမှုအခင်းတစ်ရပ်ရပ်တွင်ဖြစ်စေ၊ ကိစ္စတစ်ရပ်ရပ်တွင်ဖြစ်စေတင်ပြလာသောအခါ ၎င်းကျွမ်းကျင်သူ၏ တင်ပြချက်ကို သက်သေခံအဖြစ်လက်ခံရမည်။

၁၉။ ဉာဏ်ရည်မသန်စွမ်းမှုကြောင့် ပြုစဉ်အခါက မိမိ၏ ပြုလုပ်မှုသည် မည်သို့ သဘောရှိသည်ကို လည်းကောင်း၊ မတော်မမှန်သည်ကိုလည်းကောင်း၊ ဥပဒေနှင့် ဆန့်ကျင်သည်ကိုလည်းကောင်း မသိနိုင်သောသူ၏ ပြုလုပ်မှုသည် ပြစ်မှုမမြောက်စေရ။

**အခန်း (၅)**

**မသန်စွမ်းသူများ၏ပညာရေး**

၂၀။ မသန်စွမ်းသူတိုင်းသည် -

(က) သန်စွမ်းသူများနည်းတူ ပညာသင်ယူပိုင်ခွင့်ရှိသည်၊

(ခ) အစိုးရပိုင်၊ အများပိုင်၊ ပုဂ္ဂလိကပိုင်နှင့် အဖွဲ့အစည်းပိုင်ကျောင်းများ၊ သင်တန်းများ၊ သိပ္ပံများ၊ ကောလိပ်နှင့် တက္ကသိုလ်များတွင်လည်းကောင်း၊ ပုဂ္ဂလိကပညာသင်ကျောင်းနှင့် ပုဂ္ဂလိက အသက်မွေးမှု သင်တန်းကျောင်းများတွင်လည်းကောင်း ပညာသင်ယူပိုင်ခွင့်ရှိသည်။

၂၁။ အမျိုးသားကော်မတီသည် ပညာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်း၍ မသန်စွမ်းသူများအခြေခံပညာအဆင့်မှ တက္ကသိုလ်ပညာအဆင့်အထိ သင်ယူရာတွင် သင်ရိုးညွှန်းတမ်းများ၊ နေရာထိုင်ခင်း၊ သွားလာဆက်သွယ်မှုဆိုင်ရာ အထောက်အပံ့များနှင့် သင်ထောက်ကူပစ္စည်းများရရှိရေးအတွက် အစီအစဉ်များ ချမှတ်ပေးရမည်။

၂၂။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနသည် ပညာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်း၍ လူတိုင်းအကျုံးဝင်ပညာရေးစနစ်နှင့် ပညာရေးကောလိပ်များ၊ ပညာရေးတက္ကသိုလ်များတွင် မသန်စွမ်းသူများ၏ အခွင့်အရေးများထည့်သွင်း သင်ကြားရန်လည်းကောင်း၊ မသန်စွမ်းမှု အမျိုးအစားအလိုက် သင်ကြားနည်းစနစ်များနှင့် တစ်ဦးကိုတစ်ဦး ဆက်သွယ်ခြင်း နည်းစနစ်များ သင်ယူနိုင်ရန်လည်းကောင်း ဆောင်ရွက်ရမည်။

၂၃။ မသန်စွမ်းသူများက ကျောင်းဝင်ခွင့် လျှောက်ထားရာတွင် ဘာသာရပ်ဆိုင်ရာ လိုအပ်ချက်မှတစ်ပါး မသန်စွမ်းမှုကိုအကြောင်းပြု၍ ကျောင်းဝင်ခွင့်ကို ငြင်းပယ်ခြင်း မပြုရ။

၂၄။ မသန်စွမ်း ကလေးသူငယ်တိုင်းသည် -

(က) ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဘဝတစ်သက်တာသင်ယူမှုများအပါအဝင် ပညာသင်ကြားရေးဆိုင်ရာအခွင့်အလမ်းများရရှိစေရမည်၊

(ခ) မိမိတို့နေထိုင်ရာ ရပ်ရွာသို့မဟုတ် အနီးစပ်ဆုံးဒေသရှိ နိုင်ငံတော်က ဖွင့်လှစ်ထားသော ကျောင်းများတွင် ပညာရေးဝန်ကြီးဌာနက သတ်မှတ်ထားသော အခမဲ့ပညာသင်ယူခွင့်ရှိသည့် အဆင့်အထိ သန်စွမ်းသူများနည်းတူ သင်ယူခွင့်ရှိသည်။

၂၅။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် ကျောင်းပညာမသင်ယူနိုင်သော မသန်စွမ်းသူများအတွက် အထူးပညာရေး အစီအစဉ်၊ ကျောင်းပြင်ပပညာရေးအစီအစဉ်နှင့် အသက်မွေးဝမ်းကျောင်းပညာ အစီအစဉ်များကိုဆောင်ရွက်ပေးရမည်။

**အခန်း (၆)**

**မသန်စွမ်းသူများ၏ကျန်းမာရေး**

၂၆။ မသန်စွမ်းသူများသည် နိုင်ငံတော်က ဆောင်ရွက်လျက်ရှိသော ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အခွင့်အရေးများကို ခံစားခွင့်ရှိသည်။

၂၇။ ကျန်းမာရေးဝန်ကြီးဌာနသည် အမျိုးသားကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ -

(က) မသန်စွမ်းမှု ဖြစ်ပွားခြင်းကိုကာကွယ်သည့် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ လုပ်ငန်းများကိုဆောင်ရွက်ရမည်၊

(ခ) ကလေးသူငယ်များ၊ အမျိုးသမီးများ၊ ကိုယ်ဝန်ဆောင်မိခင်နှင့် မွေးကင်းစကလေးများ၊ သက်ကြီးရွယ်အိုများတွင် မသန်စွမ်းမှုဖြစ်ပွားမှုနှုန်း အနည်းဆုံးဖြစ်စေရန် စီမံချက်များချမှတ်ဆောင်ရွက်ရမည်၊

(ဂ) မသန်စွမ်းမှုအမျိုးအစားနှင့်မသန်စွမ်းမှုအဆင့်ကိုစစ်ဆေးပြီး အကဲဖြတ်သတ်မှတ်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများမှတာဝန်ရှိပုဂ္ဂိုလ်များဖြင့်လည်းကောင်း၊ မသန်စွမ်းသူများအသင်းမှကျွမ်းကျင်သူများဖြင့်လည်းကောင်း မသန်စွမ်းမှုအဆင့် စိစစ်သတ်မှတ်သည့်အဖွဲ့ကိုဖွဲ့စည်း၍ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးရမည်၊

(ဃ) မသန်စွမ်းသူများအတွက် အရည်အသွေးပြည့်မီသော ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဝန်ဆောင်မှုများကို ကျေးလက်ဒေသများအထိ အခမဲ့သို့မဟုတ် မသန်စွမ်းသူများ ကျခံနိုင်သောနှုန်းထားဖြင့် ရရှိနိုင်ရန် စီစဉ်ဆောင်ရွက်ပေးရမည်၊

(င) မသန်စွမ်းသူများအတွက် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များနှင့်ညှိနှိုင်းပြီး ဆေးပညာအရ ကိုယ်ကာယပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာတို့ကို ပြုစုကုသရေး၊ ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်ထူထောင်ရေးဌာနများ ဖွင့်လှစ်ပေးရမည်။

**အခန်း(၇)**

**မသန်စွမ်းသူများ လွယ်ကူစွာသွားလာနေထိုင် အသုံးပြုနိုင်ရေး**

၂၈။ အမျိုးသားကော်မတီသည်အများပြည်သူနှင့် သက်ဆိုင်သည့် နေရာများတွင် မသန်စွမ်းသူများ လွယ်ကူစွာသွားလာနေထိုင် အသုံးပြုနိုင်ရေးအတွက် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ စည်ပင်သာယာရေးကော်မတီနှင့် အဖွဲ့များ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ အဖွဲ့များ၊ မသန်စွမ်းမှုဆိုင်ရာလုပ်ငန်းဆောင်ရွက်နေသည့် အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များနှင့်ပူးပေါင်းပြီးအောက်ပါအတိုင်း ညှိနှိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရမည်-

(က) အများပြည်သူသုံး အဆောက်အအုံနှင့် ဆက်စပ်ပတ်ဝန်းကျင်ကို မသန်စွမ်းသူများ ကိုယ်စိတ်နှစ်ပါးလုံခြုံပြီး လွယ်ကူစွာအသုံးပြုနိုင်ရန်အတွက် ပုံစံထုတ်လုပ်မှုနှင့် ပြုပြင်တည်ဆောက်မှုဆိုင်ရာ လမ်းညွှန်ချက်များချမှတ်ခြင်း၊

(ခ) မသန်စွမ်းသူများ အထောက်အကူပြုပစ္စည်းကိရိယာများဖြင့် အလွယ်တကူသွားလာနိုင်ရေးအတွက် အများပြည်သူ အသုံးပြုသည့် နေရာများတွင် အတားအဆီးများမရှိစေရေးအတွက်ပုံစံများ ရေးဆွဲတည်ဆောက်ခြင်း၊

(ဂ) အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးယာဉ်များတွင် မသန်စွမ်းသူများ လွယ်ကူစွာ စီးနင်းလိုက်ပါနိုင်ရေးအတွက်လိုအပ်သည်များ စီစဉ်ပေးခြင်း၊

(ဃ) လမ်းဆုံမီးပွိုင့်များ၊ လူကူးမျဉ်းကျားများနှင့် လမ်းအကွေ့၊ အတက်အဆင်းများတွင် မသန်စွမ်းသူများအတွက်အထောက်အကူဖြစ်စေသော အမှတ်အသားများ၊ သင်္ကေတများ၊ အသံပေး၍ အချက်ပြသည့်ကိရိယာများနှင့် အခြားလိုအပ်သည်များ တပ်ဆင်ခြင်း၊

(င) အများပြည်သူပိုင်အိမ်ရာ၊ဆေးရုံနှင့် စာသင်ကျောင်းစသည့် ရုပ်ဝတ္ထုပတ်ဝန်းကျင်များ၊ ဆက်သွယ်ရေး၊ သတင်း၊ ပြန်ကြားရေးနှင့် လူထုဆက်သွယ်ရေးကဏ္ဍတို့တွင် မသန်စွမ်းသူများ လွယ်ကူစွာ သွားလာသုံးစွဲနိုင်ရန်စီစဉ်ပေးခြင်း။

**အခန်း(၈)**

**မသန်စွမ်းသူများနိုင်ငံရေးနှင့် ပြည်သူ့ရေးရာနယ်ပယ်များတွင် ပါဝင်ဆောင်ရွက်ခွင့်**

၂၉။ ဥပဒေအရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသော မသန်စွမ်းသူတိုင်းသည် လွှတ်တော်တစ်ရပ်ရပ်အတွက် လျှို့ဝှက်ဆန္ဒမဲပေးခွင့်ရှိသည်။

၃၀။ မသန်စွမ်းသူ နိုင်ငံသားတိုင်းသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာတည်ဆဲဥပဒေများနှင့်အညီ လွှတ်တော်တစ်ရပ်ရပ်တွင် ရွေးချယ်ခံပိုင်ခွင့် ရှိသည်။

၃၁။ အမျိုးသားကော်မတီသည် -

(က) မသန်စွမ်းသူများဆန္ဒမဲပေးရာတွင် အဆင်ပြေလွယ်ကူစေရန် ဆန္ဒမဲပေးရာ၌ အသုံးပြုရမည့် ပစ္စည်းကိရိယာများနှင့် ဆန္ဒမဲပေးပုံပေးနည်းများကို မသန်စွမ်းသူများ သိရှိနိုင်ရန်နှင့်သက်ဆိုင်ရာမဲဆန္ဒနယ်မြေအလိုက် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ လိုက်နာဆောင်ရွက်နိုင်ရန် ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ သင့်လျော်သော စီမံဆောင်ရွက်မှုများကို လုပ်ဆောင်ပေးရမည်၊

(ခ) အများပြည်သူနှင့်ပတ်သက်သည့် ရိုးရာယဉ်ကျေးမှုဆိုင်ရာ လှုပ်ရှားမှုများ၊ ဖျော်ဖြေရေးအစီအစဉ်များ၊ အားကစားလေ့ကျင့်မှုနှင့် ပြိုင်ပွဲဝင်ခြင်းများတွင် မသန်စွမ်းသူများ ပါဝင်ဆောင်ရွက်နိုင်စေရန် သင့်လျော်သော စီမံဆောင်ရွက်မှုများကို လုပ်ဆောင်ပေးရမည်။

**ဆက်လက်ဖော်ပြပါမည်။**

# မန်စီမြို့နယ် မိုင်းခေါင်စစ်ဘေးရှောင်ဒုက္ခသည်စခန်းနှစ်ခုအတွက် အနွေးထည်နှင့်အလှူငွေများလှူဒါန်း

**မန်စီ၊ ဒီဇင်ဘာ ၂၉**

မန်စီမြို့နယ် စစ်ဘေးရှောင်ဒုက္ခသည်စခန်း သုံးခုနှင့် လမ်းပန်းဆက်သွယ်မှု ခက်ခဲသော ကျေးလက်ပြည်သူများအား မန်စီမြို့နယ်မှ စေတနာရှင် ဦးထွန်းထွန်းက ဒီဇင်ဘာ ၂၂ ရက်မှ ၂၄ ရက်အထိ ကျေးရွာအုပ်စု ၁၀ အုပ်စုသို့ မန်စီမြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူ များနှင့်အတူ သွားရောက်ကာ အနွေးထည် အထည် ၃၀၀၀ အပါအဝင် ငွေကျပ်သိန်း ၂၅၀ ကို ကျေးရွာအုပ်စု ၁၀ အုပ်စုအားပေးအပ်လှူဒါန်းခဲ့ကာ စစ်ဘေးရှောင် ဒုက္ခသည်စခန်းရှိ ကျေးလက်ပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး စိတ်ပိုင်းအားငယ်မှု မရှိစေရန် လူမှုရေးအခက်အခဲများကို ပံ့ပိုးကူညီ ဆောင်ရွက်ပေးခဲ့သည်။

"အခုလို လူကိုယ်တိုင်လာရောက်ပြီး အနွေးထည်များ၊ စခန်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးအတွက်ကျေးဇူးတင်ပါတယ်" ဟု မိုင်းခေါင် RC ဒေါ်ကော့ခမ်းက ၎င်း၏ခံစားချက်ကိုပြောကြားသည်။

ယင်းနောက် မိုင်းခေါင် KBC စစ်ဘေးရှောင်ဒုက္ခသည်စခန်းနှင့် RC စစ်ဘေးရှောင်ဒုက္ခသည်စခန်း တာဝန်ရှိသူများအား ကလေး၊ လူကြီး၊ လူငယ်နှင့်သက်ကြီး ရွယ်အိုများအထိ ဝတ်ဆင်နိုင်သော အနွေးထည်များ၊ လက်ဆောင်ပစ္စည်းများ၊ စခန်းအတွက်အလှူငွေများပေးအပ်ခဲ့သည်။

**(မောင်မောင်စော)**



## GAPစိုက်ပျိုးရေးကွင်းဝန်ထမ်းများအား တာဝန်ပေးအပ်ပွဲကျင်းပ

**ဒက္ခိဏသီရိ၊ ဒီဇင်ဘာ ၂၉**

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ကွင်းဝန်ထမ်းများအား ၂၀၁၄-၂၀၁၅ ခုနှစ် နွေစပါးရာသီတွင် ပုလဲသွယ်စပါးမျိုးစပါး (GAP) စနစ်ဖြင့် စိုက်ပျိုးရေးတာဝန်ပေးအပ်ပွဲကို အဆင့်မြင့်စံပြလယ်ယာ ဧက ၃၀၀၀ ရှင်းလင်းဆောင်တွင် ဒီဇင်ဘာ ၂၃ ရက် မွန်းလွဲ ၁ နာရီက ကျင်းပခဲ့ပြီး တိုင်း၊ ခရိုင်၊ မြို့နယ်ဦးစီးမှူးများတက်ရောက်ခဲ့ကြသည်။

ယင်းတာဝန်ပေးအပ်ပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးနိုင်ကြည်ဝင်း၊ နေပြည်တော် စိုက်ပျိုးရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးတင်ဦးကြိုင်နှင့် တိုင်း၊ ခရိုင်တာဝန်ရှိသူများက နွေစပါးဧက ၁၆၀၀ အား ပုလဲသွယ်စပ်မျိုးစပါး (GAP) စနစ်ဖြင့် စိုက်ပျိုးရေးဆိုင်ရာနည်းပညာများကို ဆွေးနွေးပြီး တာဝန်ပေးအပ်လွှာနှင့် ကွင်းဆင်းဝတ်စုံများကို ဆက်လက်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကိုပေါက်(ဥတ္တာမြေ)**

## မိုးပွင့်အဆင့်(၇) စိစစ်ရေးကတ်ပြားများဆောင်ရွက်

**ခင်ဦး၊ ဒီဇင်ဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ခင်ဦးမြို့နယ်၌ မိုးပွင့်အဆင့်(၇)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောဦးနှင့် ဝန်ထမ်းများက ကျေးရွာများအရောက် ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၂၃ ရက်ထိ ကျေးရွာအုပ်စု ရှစ်အုပ်စု၊ ကျေးရွာပေါင်း ၁၈ ရွာရှိ ပြည်သူ ၈၁၄ ဦးတို့ကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

**ခင်ဦးစိုးဝေ**

## ကျေးလက်ဓာတ်အားရရှိရေးလုပ်ငန်းများဆောင်ရွက်

**မင်းလှ၊ ဒီဇင်ဘာ ၂၉**

သာယာဝတီခရိုင် မင်းလှမြို့နယ်တွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ကျေးရွာများ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် သရက်တပင်တာဆုံ(၃၃/၁၁)ကေဗွီ ၅ အမ်ဗွီအေဓာတ်အားခွဲရုံမှ စာဖြူစုကျေးရွာအထိ ၁၁ကေဗွီအေဓာတ်အားလိုင်း ၂ ဒသမ ၅ မိုင် သွယ်တန်းခြင်းလုပ်ငန်း မကြာမီပြီးစီးတော့မည်ဖြစ်ရာ ကျေးရွာပေါင်း ၆ ရွာ ဓာတ်အားသုံးစွဲနိုင်မည်ဖြစ်ကြောင်းသိရသည်။

**(၁၄၃)**



**၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ငွေကြေးမင်းကုမ္ပဏီမှ ဆောင်ရွက်နေသည့် စမ်းမြိုင်အေးလယ်ဘဲ့ပေါ်လမ်းပေါ်ရှိ ကွန်ကရစ်တံတား တည်ဆောက်နေမှုအား ဒီဇင်ဘာ ၂၅ ရက်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရုံးချုပ်မှ ညွှန်ကြားရေးမှူး ဒေါ်တင်မိုးမြင့် ကွင်းဆင်းစစ်ဆေးစဉ်။ (ကျေးလက်ဦးစီး)**

# သားဖွားခန်း ဖွင့်လှစ်ခြင်းနှင့် စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

**ရန်ကုန်၊ ဒီဇင်ဘာ ၂၉**

မိခင်နှင့်ကလေးသေဆုံးမှုနှုန်းကျဆင်းစေရန်အတွက် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ရိုးကြီးကျေးရွာတွင် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းပိုင် သားဖွားခန်း အသစ်ဆောက်လုပ်ဖွင့်လှစ်ခြင်းနှင့် အမျိုးသမီးများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် စကားဝိုင်းဆွေးနွေးပွဲကို ဒီဇင်ဘာ ၂၆ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ နာယက ဒေါ်ခင်သက်ဌေးက မိခင်၊ မွေးကင်းစကလေး တစ်နှစ်အောက်နှင့် ၅ နှစ်အောက် ကလေးများ၏ ကျန်းမာရေးပြဿနာများကို ဦးစားပေးပြီး ရပ်ကွက်/ကျေးရွာ အဆင့်ထိ ကျန်းမာရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မိခင်နှင့်ကလေးသေဆုံးမှု ကျဆင်း စေရန်အတွက် သားဖွားခန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

အခမ်းအနားတွင် ကျောင်းသား ကျောင်းသူများအား ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ထောက်ပံ့ခြင်း၊ ကျေးရွာအိမ်ထောင်စုဝင်များအား ကျန်းမာရေးနှင့် ညီညွတ်သော ပတ်ဝန်းကျင်ဖြစ်စေရန်အတွက် ယင်းလုံအိမ်သာ၊ ခွက်နှင့် ဆက်စပ်ပစ္စည်းများ၊ အမျိုးသမီးရေးရာနှင့် မိခင်နှင့် ကလေးအဖွဲ့ဝင်များအား ဝတ်စုံများ ပေးအပ် လှူဒါန်းခဲ့ကြသည်။

မှော်ဘီမြို့နယ် ရိုးကြီးကျေးရွာတွင် အသစ်ဖွင့်လှစ်လိုက်သည့် သားဖွားခန်းသို့ လေးမိုင်ပတ်လည်ရှိ ကျေးရွာများမှ ကိုယ်ဝန်ဆောင်မိခင်များ မီးဖွားရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှု ခံယူနိုင်တော့မည်ဖြစ်ကြောင်းသိရသည်။

**သီသီမင်း**

## ဥပဒေကျောင်းသားကျောင်းသူများ စုပေါင်းလှူဒါန်း

**ရန်ကုန်၊ ဒီဇင်ဘာ ၂၉**

ရန်ကုန်တက္ကသိုလ် ဥပဒေပညာဌာန သက်ကြီးဝါရင့်ဥပဒေပညာရှင်များ၊ အငြိမ်းစားဆရာကြီးဆရာမကြီးများ ကျန်းမာရေး အထောက်အကူဖြစ်စေရန်နှင့် လူမှုရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရေးအတွက် ဥပဒေကျောင်းသားကျောင်းသူများ (၁၉၈၂ မှ ၁၉၈၈-၉၁)တို့က စုပေါင်းဂါရဝပြု လှူဒါန်းပေးအပ်ပွဲကို ဒီဇင်ဘာ ၂၇ ရက် နံနက် ၉နာရီတွင် ရန်ကုန်တက္ကသိုလ် ဓမ္မာရုံ၌ ကျင်းပသည်။

အဆိုပါ လှူဒါန်းမှုတွင် ဝါရင့်ဥပဒေဆရာကြီး ဆရာမကြီးများ စုစုပေါင်း ၄၇ ဦးကို စုပေါင်း၍ ငွေကျပ်သိန်း ၅၀၀ ကျော် လှူဒါန်းကြပြီး ကျန်းမာရေး အထောက်အကူပြုအသုံးအဆောင်ပစ္စည်းများကိုလည်း ဂါရဝပြုစုပေါင်း လှူဒါန်းကြသည်။ စုပေါင်းလှူဒါန်းပွဲကို ပဥ္စမအကြိမ်မြောက်အဖြစ်သုံးနှစ်တစ်ကြိမ် ကျင်းပခြင်းဖြစ်ပြီး ဥပဒေပညာရှင်ဆရာကြီးဆရာမကြီးများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကိုလည်း ငွေပဒေသာပင်စိုက်ထူကာ ပံ့ပိုးဆောင်ရွက်မည်ဖြစ်သည်။

ယင်းစုပေါင်းဂါရဝပြုလှူဒါန်းပွဲကို ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ ဦးဘတင့်ဆွေနှင့် ကော်မတီဝင်များက ဦးစီးဆောင်ရွက်ကြခြင်းဖြစ်ပြီး ၁၉၈၂ မှ ၁၉၈၈-၉၁ ဥပဒေဘွဲ့ရကျောင်းသားကျောင်းသူများ၏ စုပေါင်းလှူဒါန်းငွေများဖြင့် ကျင်းပကြခြင်းဖြစ်သည်။

**(ကြေးမုံ)**




## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၈)ရပ်ကွက်၊ အကွက်အမှတ် (နန-၂၆)၊ ဦးပိုင်အမှတ် (၂၄)၊ ၅၈×၅၉လမ်း၊ မင်္ဂလာလမ်းနှင့်စံပြလမ်းကြားရှိ ဦးစံလင်းအမည်ဖြင့် ချထားပေးသော မြေကွက်အား ဒေါ်နန်းလှရင်[၁၃/မဆတ(နိုင်)၀၀၄၈၆၁]မှ မြေချထားမိန့်၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် ဂရန်သစ်အမည်ပြောင်း အမှုတွဲဖွင့်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ



ရွှေဘုံသာအောက်လမ်း(ပန်းဘဲတန်း)
ပေ(၂၀×၆၀) မြေညီတိုက်ခန်း
ဘဏ်၊ စိန်ဆိုင်၊ ရွှေဆိုင်ဖွင့်ရန် အထူးကောင်း
ငှားလိုသူများ တိုက်ရိုက်ဆက်သွယ်ပါ။
**ဖုန်း-၀၉-၉၇၄၄၀၄၉၀၈၊ ၀၉-၃၀၂၅၆၇၅၅**




# မူးယစ် ဆန့်ကျင် အောင်ပွဲဆင်

# ကျန်းမာသောမျိုးဆက်နှင့် တိုးတက်သော နိုင်ငံတော်

**ဝေယံမောင်**



### ကျန်းမာခြင်းသည် လာဘ်တစ်ပါး

“ရောဂါနဲ့ ဖိနပ်မပါ နွေခါမှသိ”၊ “ဒါနနဲ့ သီလမပါ သေခါမှသိ”ဟူသော မြန်မာဆိုရိုးစကားရှိပါသည်။ အချိန်ကာလနှင့် အခြေအနေပေါ်မူတည်၍ အရေးကြီးသော လိုအပ်မှုတို့ကို သာဓကဆောင်သည့်သဘော။ ထို့အတူ မည်သည့်အချိန်မဆို၊ မည်သည့်အခြေအနေတွင်မဆို အရေးပါအရာရောက်နေသော ကိစ္စရပ်များလည်းရှိရာ ယင်းတို့အနက် ကျန်းမာရေးကိစ္စသည် တစ်ခုအပါအဝင် ဖြစ်ပါသည်။

### တိုးတက်ဖွံ့ဖြိုးဖို့ဆိုရင်

နိုင်ငံတကာစီးပွားရေးပညာရှင်ကြီးများက နိုင်ငံတစ်ခု၊ အဖွဲ့အစည်း တစ်ရပ်အတွက် စဉ်ဆက်မပြတ် တိုးတက်ကြီးပွားမှုရရှိစေရန် အကောင်းဆုံး ရင်းနှီးမြှုပ်နှံသင့်သည့် ကဏ္ဍ (၁၀)ရပ်ကို ထုတ်ဖော်ခဲ့ကြရာ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍတို့သည် ထိပ်တန်းမှပါဝင်သည်ဟု ဆိုပါသည်။

နိုင်ငံသားတို့၏ အသိပညာ၊ အတတ်ပညာပြည့်စုံထူးချွန်သည်နှင့်အမျှ ထိုနိုင်ငံ၏ ကဏ္ဍအရပ်ရပ်သည်လည်း ဖွံ့ဖြိုးတိုးတက်လာမည်သာ ဖြစ်ပါသည်။ ၎င်းတို့၏ တတ်မြောက်ထားသည့် ပညာရပ်များကို စွမ်းအားပြည့် ရေရှည်အသုံးချနိုင်ရန်မှာမူ အဆိုပါပညာရှင်ပုဂ္ဂိုလ်များအပါအဝင် စွမ်းဆောင်မှုအဖွဲ့အစည်းတွင် ပါဝင်သည့် ပုဂ္ဂိုလ်အသီးသီးတို့အနေဖြင့် ကျန်းမာစွာဖြင့် သက်တမ်းစေ့နေထိုင်လုပ်ကိုင်နိုင်ရေးမှာ အထူးပင်လိုအပ်လှပါသည်။

### လူသားတို့၏ လိုအင်၊ ဖြစ်ချင်သည့်ဆန္ဒ

လူ့ဘဝတွင် အသေချာဆုံးတစ်ခုသည် သေခြင်းတရားပင် ဖြစ်သည်။ ဘဝကိုမူ မရေရာမှုဟုသတ်မှတ်ကြသော်လည်း ထိုမရေရာသော ဘဝလမ်းဝယ် စတင်မွေးဖွားသည်မှ မသေဆုံးမီကြားကာလအတွင်း သက်တမ်းစေ့နေနိုင်ရေးသည် လူသားတိုင်း၏ ပြင်းပြသောလိုအင်ဟုဆိုက ငြင်းနိုင်မည်မထင်ပါ။ ထိုနည်းတူ သက်တမ်းစေ့နေရသော လူ့ဘဝဝယ် အစစအရာရာ မတောင့်မတ မကြောင့်မကြဖြင့် လူတန်းစေ့နေနိုင်ရေးသည်လည်း လူသားတိုင်း၏ အဖြစ်ချင်ဆုံးသောဆန္ဒဟု ထင်မြင်မိပါသည်။

သို့ဆိုလျှင် လူ့ဘဝဝယ် အကျိုးရှိစွာဖြတ်သန်းနိုင်ရေးအတွက် အဓိကဒေါက်တိုင်ကြီးနှစ်ရပ်ရှိနေပြီး ယင်းတို့မှာ သက်တမ်းစေ့နေနိုင်ရေးအတွက် ကျန်းမာရေးသည် အရေးကြီးလှသလို လူတန်းစေ့နေနိုင်ရေးအတွက် အသိပညာ၊ အတတ်ပညာသည်လည်း အရေးပါလှသည်ကို ထင်ရှားစွာတွေ့မြင်ရမည် ဖြစ်ပါသည်။

ထို့အပြင် ပညာရေးနှင့်ကျန်းမာရေးသည် အပြန်အလှန်အမှီသဟဲပြုနေပါသည်။ အသိပညာရှိသော ပုဂ္ဂိုလ်များအနေဖြင့် ထိုအသိပညာမှတစ်ဆင့် ကျန်းမာကြံ့ခိုင်မှု၏အရေးပါပုံကို သိရှိလိုက်နာလုပ်ဆောင်နိုင်မည်ဖြစ်သလို ကျန်းမာရေးကောင်းမွန်သော ပုဂ္ဂိုလ်များအနေဖြင့်လည်း ၎င်းတို့တတ်ကျွမ်းသော အတတ်ပညာကို စွမ်းအားပြည့်အသုံးချရင်း ရရှိသောအတွေ့အကြုံမှတစ်ဆင့် ယင်းထက်သာလွန်သော အသိပညာ၊ အတတ်ပညာများ ထပ်ဆင့်တိုးပွားတတ်မြောက်လာနိုင်မည်ဖြစ်ပါသည်။

### တတိယလှိုင်းနှင့် မြန်မာ

ယနေ့ကာလသည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအချိုးအကွေ့ဖြစ်၏။ နိုင်ငံသားတိုင်း တောင့်တလိုလားသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို ထူထောင်နိုင်ရေးအတွက် ပြုပြင်ပြောင်းလဲမှုကဏ္ဍစုံကို ဆောင်ရွက်ခဲ့ရာတွင် ယခုအခါ ပြုပြင်ပြောင်းလဲမှု တတိယလှိုင်းကို လုပ်ဆောင်နေချိန်ဖြစ်ပါသည်။

ပြည်သူမှရွေးချယ်တင်မြှောက်သည့်အစိုးရပေါ်ပေါက်လာပြီး တစ်နှစ်ကျော်ကာလအတွင်းတွင် ပြည်သူလိုလားသည့် ဒီမိုကရေစီခေတ်၊ ဒီမိုကရေစီစနစ်သို့ တည်ငြိမ်ချောမွေ့စွာအသွင်ကူးပြောင်းနိုင်ခဲ့မှုသည် ပြုပြင်ပြောင်းလဲမှု ပထမလှိုင်း၏ အောင်မြင်မှုဖြစ်ပါသည်။ ထိုနည်းတူ ပြုပြင်ပြောင်းလဲမှု ဒုတိယလှိုင်းကိုလည်း ပြည်သူများ၏ဘဝဖွံ့ဖြိုးတိုးတက်ရေးကို ရည်စူးလျက် မဟာဗျူဟာများ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပါသည်။

နိုင်ငံတော်အစိုးရ၏ လက်ကျန်သက်တမ်းကာလအတွင်း ယခု အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် တတိယလှိုင်း၏အနှစ်သာရကို ပုံဖော်ကြည့်မည်ဆိုပါက ယခင်ဆောင်ရွက်ခဲ့ပြီးဖြစ်သည့် အရှိန်မြှင့်တင်ပြောင်းလဲမှုလုပ်ငန်းစဉ်များမှ ပေါ်ပေါက်လာသည့် လူမှုစီးပွားဆိုင်ရာအကျိုးခံစားခွင့်များနှင့် အသီးအပွင့်များကို ပြည်သူများမှ ရရှိနိုင်သမျှရရှိခံစားနိုင်စေရန်နှင့်ရေရှည်တည်တံ့သော ဒီမိုကရေစီနိုင်ငံတော်ဖြစ်ပေါ်စေရေးအတွက် ခိုင်မာသော အခြေခံအုတ်မြစ်များမြဲမြံသမျှမြဲမြံအောင် တည်ဆောက်နိုင်ရန်တို့ပင် ဖြစ်ကြောင်း တွေ့ရှိရပါသည်။



### ကျန်းမာရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုယခုဘာတွေရနေပြီလဲ

ဤနေရာတွင် နိုင်ငံတော်အစိုးရ၏ ပြုပြင်ပြောင်းလဲမှုများစွာအနက် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသောအချက်တစ်ခုဖြစ်သည့် ကျန်းမာရေးဆိုင်ရာ လုပ်ဆောင်နေမှုများနှင့်ပတ်သက်၍ သိရှိထားသော အချက်အလက်များအပေါ် အခြေပြုတင်ပြလိုပါသည်။

ကိုယ့်နိုင်ငံ ကိုယ့်လူမျိုးအကျိုးစီးပွားဖွံ့ဖြိုးတိုးတက်မှသာလျှင် မိမိတို့နိုင်ငံသားများ၏ဘဝလည်း ရေမြင့်ကြာတင့်ဆိုသလို တိုးတက်ကြီးပွားပြီး မြင့်မြတ်သော နိုင်ငံ၏ဂုဏ်သိက္ခာရှိသော နိုင်ငံသားအဖြစ် နိုင်ငံတကာအလယ်တွင် ဝင့်ထည်ခိုင်မတ်စွာ ရပ်တည်နိုင်မည်ဖြစ်ပါသည်။ မိမိတို့နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးကိုဆောင်ရွက်ရမည့် အဓိကဇာတ်ကောင်များမှာ မိမိတို့နိုင်ငံသားများပင်ဖြစ်ပါသည်။

သို့ဖြစ်ရာ နိုင်ငံသားတို့အနေဖြင့် မိမိတို့၏ ကျန်းမာကြံ့ခိုင်မှု၊ အသိပညာ၊ အတတ်ပညာပြည့်ဝမှုတို့ဖြင့် နိုင်ငံတော်တိုးတက်ရေးအတွက် လုပ်ဆောင်ရန် တာဝန်ရှိသကဲ့သို့ နိုင်ငံတော်အစိုးရအနေဖြင့်လည်း နိုင်ငံသားတို့အတွက် ဥပဒေနှင့်အညီဖြစ်တည်လာသော ဒီမိုကရေစီစံနှုန်းထားများအရ ရရှိပိုင်ခွင့်၊ ခံစားပိုင်ခွင့်တို့ကို လုပ်ဆောင်ပေးရန်တာဝန်ရှိပါသည်။

ယင်းတို့အနက် နိုင်ငံတော်မှဆောင်ရွက်ပေးနေသည့် ကျန်းမာရေးစောင့်ရှောက်မှုအစီအမံများသည် ပြည်သူများအတွက် မည်သည့်အတိုင်းအတာအထိ အကျိုးကျေးဇူးရရှိခံစားနေပြီကို သိစေလိုရင်းဖြစ်ပါသည်။

### မီဒီယာမျက်နှာစာပေါ်က ကျန်းမာရေးဆိုင်ရာများ

အစိုးရနှင့် ပြည်သူတို့အကြား ပေါင်းကူးတံတားသဖွယ်ရှိနေသည့် မီဒီယာများ၌ ကျန်းမာရေးနှင့်ပတ်သက်၍ ဖော်ပြနေမှုများကို အနှစ်ချုပ်ကြည့်ပါက အစိုးရသစ်လက်ထက် ကျန်းမာရေးဆိုင်ရာနှင့်ပတ်သက်၍ တိုးတက်မှုများစွာရှိသည်ဟု ဆိုပါသည်။ အခြေခံဆေးဝါးများ အခမဲ့ရရှိနိုင်မှု၊ ခွဲစိတ်ကုသမှုနှင့် ခွဲစိတ်ခန်းအချို့၌ အရေးပေါ်လူနာများအတွက် အခမဲ့လုပ်ဆောင်ပေးနေမှုများကိုလည်း သတိပြုမိကြပါ၏။

ကျေးလက်ပြည်သူ ၇၀ ရာခိုင်နှုန်းခန့်ရှိနေသည့် မိမိတို့နိုင်ငံတွင် ကျေးလက်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အထူးအလေးထားတိုးမြှင့်နေမှုကိုလည်း ထုတ်ဖော်ရေးသားကြ၏။ ယင်းအပြင် ဝေးလံခေါင်ဖျားပြီး သွားလာရန်ခက်ခဲသောဒေသများတွင် ကျန်းမာရေးကဏ္ဍအတွက် ဒေသခံများကိုယ်တိုင်ဆရာဝန်အပါအဝင် ဆေးဝန်ထမ်းများဖြစ်စေနိုင်မည့် စီစဉ်ဆောင်ရွက်နေမှုများကိုလည်း အပြုသဘောရေးသားဖော်ပြမှုများ တွေ့ရှိရပါသည်။

အမှန်စင်စစ် ထိုသို့ကျန်းမာရေးကဏ္ဍ တိုးမြှင့်လုပ်ဆောင်လာနိုင်ခြင်းသည် အစိုးရသစ်လက်ထက် ကျန်းမာရေးဘတ်ဂျက်ကို သိသိသာသာ တိုးတက်မြှင့်တင်ခွင့်ပြုပေးမှု၏ အကျိုးဆက်များပင်ဖြစ်ပါသည်။

သို့သော်လည်း မည်သည့်အရာမှ ပြီးပြည့်စုံမှုမရှိနိုင်သည့်အားလျော်စွာ အစိုးရမှဆောင်ရွက်နေသော ကျန်းမာရေးဆိုင်ရာလုပ်ငန်းစဉ်များနှင့် ပုဂ္ဂလိကကျန်းမာရေးဝန်ဆောင်မှုများကို ပြည်သူကိုယ်စားလှေ့လာသုံးသပ်ပြီး ဖော်ထုတ်ပေးနေသည့် မီဒီယာမျက်နှာစာများတွင် ကျန်းမာရေးအစီအမံများ၏ အားနည်းနေသည့်အပိုင်းများ၊ အကောင်အထည်ဖော်သူများ၏ ချို့ယွင်းချက်နှင့် ဖြစ်ပေါ်နေသည့် လစ်ဟာမှုများကို ထောက်ပြပြောဆိုမှုများလည်း တွေ့နေရပါသည်။ ၎င်းအချက်များကို အပြုသဘောလက်ခံ၍ ပြင်ဆင်ဆောင်ရွက်နိုင်သည်နှင့် အမျှ ပြည်သူများအတွက် ပိုမိုထိရောက်စွာ အကျိုးဖြစ်ထွန်းလာမည်သာ ဖြစ်ပါသည်။

### တိုးတက်လာမှုသည် အပေါင်းလက္ခဏာ

မီဒီယာများသုံးသပ်ရေးသားဖော်ပြနေသကဲ့သို့ အစိုးရသစ်လက်ထက်တွင် ကျန်းမာရေးကို အထူးအလေးထားလုပ်ဆောင်လာကြောင်း တွေ့နေရပါသည်။ အစိုးရသစ်စတင်တာဝန်ယူစဉ်ကာလ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် ကျန်းမာရေးအတွက် ခွင့်ပြုရန်ပုံငွေမှာ ငွေကျပ် ၁၀၀ ဘီလီယံခန့်သာရှိခဲ့သော်လည်း ယခု ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင်မူ ငွေကျပ် ၆၅၂ ဘီလီယံအထိ တိုးမြှင့်ပေးမှုက အခိုင်အမာသက်သေဖြစ်ပါ၏။ အဆိုပါဘတ်ဂျက်တွင် ကျန်းမာရေးဆိုင်ရာဝန်ထမ်းအားလုံး၏ လစာစရိတ်ကိုနုတ်ပါက ကျန်ရှိသည့် ၅၃၇ ဘီလီယံမှာ ပြည်သူတို့၏ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍသက်သက်အတွက်သာသုံးရန်ဖြစ်ကြောင်း သိရပါသည်။

ထို့အပြင် မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုကို ထောက်ခံအားပေးသည့်အနေဖြင့် ပူးပေါင်းလက်တွဲပါဝင်ဆောင်ရွက်လာကြသည့် နိုင်ငံတကာ အကူအညီများ၌ ကျန်းမာရေးကဏ္ဍနှင့်ပတ်သက်၍ အမေရိကန်ဒေါ်လာသန်း ၁၀၀ ခန့်ရှိပြီး အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ ကျန်းမာရေးဆိုင်ရာစောင့်ရှောက်မှုများတွင် ဝင်ရောက်ကူညီဆောင်ရွက်မှုက နိုင်ငံတကာ အကူအညီ၏နှစ်ဆ ပမာဏအားဖြင့် အမေရိကန်ဒေါ်လာ သန်း ၂၀၀ ကျော်ရှိနိုင်ကြောင်း မှတ်တမ်းများအရ သိရပါသည်။

**ဆက်လက်ဖော်ပြပါမည်**









ရန်ကုန်လိုင်စင် ၁၄ပေ
ကုန်တင်ကားများ ရောင်းမည်
၂က/(ISUZU)13B သံဘော်ဒီ, MITSUBISHI ၆ပေါက်တန်းကြီး } သိန်း(၈၀)
၃က/(DAIHATSU)13B, MAZDAတန်း } သိန်း(၇၀)
၅က/(Atlas)FD-42 သိန်း(၇၀)
၉က/(Dyna) 13B သိန်း(၇၀)
ဖုန်း-၀၉-၃၁၂၈၅၇၅၃

# မြစ်တကြီးသိုလ်၏ အဆောက်အအုံများ တည်ဆောက်မှု ၆၀ ရာခိုင်နှုန်းခန့် ပြီးစီး



**မြိတ်၊ ဒီဇင်ဘာ ၂၉**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့ ကလွင်ရပ်ကွက်ရှိ မြိတ်တက္ကသိုလ်တွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပညာရေးဝန်ကြီးဌာန၏ ခွင့်ပြုရန်ပုံငွေ စုစုပေါင်း ငွေကျပ် ၂၁၁၇ ဒသမ ၀၂၆ သန်းဖြင့် အဆောက်အအုံများ တည်ဆောက်မှုမှာ ၆၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ အဆောက်အအုံများမှာ ရှစ်ခန်းတွဲနှစ်ထပ် ဝန်ထမ်းအိမ်ရာ တစ်လုံး၊ လေးခန်းတွဲနှစ်ထပ် ဝန်ထမ်းအိမ်ရာနှစ်လုံး၊ CANTEEN (စားသောက်ဆိုင်) တစ်ထပ်တစ်လုံး၊ သုံးထပ်စာသင်ဆောင်နှစ်လုံး၊ နှစ်ထပ်ကျောင်းသားအိပ်ဆောင် နှစ်လုံးတို့ဖြစ်သည်။

မြိတ်တက္ကသိုလ်၌ အဆောက်အအုံရှစ်လုံးကို ၂၀၁၄ ခုနှစ် စက်တင်ဘာ ၁၅ ရက်မှ စတင်တည်ဆောက်လျက်ရှိရာ သုံးထပ်စာသင်ဆောင်မှာ ၁၈၈ ပေ × ၄၈ ပေ စာသင်ခန်း ၁၅ ခန်းပါ အဆောက်အအုံတစ်လုံးကို ရောင်စင်အား ဆောက်လုပ်ရေးကုမ္ပဏီမှ ခွင့်ပြုရန်ပုံ ငွေကျပ် ၆၂၈ ဒသမ ၆၁၃ သန်းဖြင့် တည်ဆောက်လျက်ရှိသည်။

ထို့အပြင် သုံးထပ်စာသင်ဆောင် ၁၈၈ ပေ × ၄၈ ပေ စာသင်ခန်း ၁၅ ခန်းပါ အဆောက်အအုံကို Ground Tamk tygtoif Farmer Phoyazar Construction Co;Ltd မှ ခွင့်ပြုရန်ပုံငွေကျပ် ၆၂၈ ဒသမ ၆၁၃ သန်းဖြင့် ၂၀၁၄ ခုနှစ် စက်တင်ဘာ ၁၅ ရက်မှ စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး သုံးထပ်စာသင်ဆောင် ပြီးစီးပါက တစ်ခန်းလျှင် စံသတ်မှတ်ချက်ဖြစ်သည့် ကျောင်းသား ၅၀ ဖြင့် ကျောင်းသား ၇၀၀ ကျော်ခန့် စိတ်ချမ်းမြေ့စွာ ပညာသင်ကြားနိုင်ကြမည် ဖြစ်ကြောင်း သိရသည်။

ပေ ၁၀၀ × ၃၅ ပေရှိRC 4 Angle Design သွပ်မိုး၊ ရေချိုးခန်း၊ ရေလောင်းအိမ်သာအပါဝင် ရှစ်ခန်းတွဲနှစ်ထပ်၊ ဝန်ထမ်းအိမ်ရာတစ်လုံးကို Global Focus Engineering Co; Ltd မှ ခွင့်ပြုငွေကျပ် ၁၃၀ ဒသမ ၉၀၀ သန်းဖြင့်လည်းကောင်း၊ ၅၀ ပေ × ၃၅ ပေ RCC 4 Angle သွပ်မိုး၊ ရေချိုးခန်း၊ ရေလောင်းအိမ်သာအပါအဝင် လေးခန်းတွဲနှစ်ထပ် ဝန်ထမ်းအိမ်ရာ တစ်လုံးကို Hs ဆောက်လုပ်ရေးအဖွဲ့မှ ခွင့်ပြုငွေကျပ် ၆၅ သန်းဖြင့် တည်ဆောက်လျက်ရှိသည်။

ထို့ပြင် ၅၀ ပေ × ၃၅ ပေ RCC 4 Angle သွပ်မိုး၊ ရေချိုးခန်း၊ ရေလောင်းအိမ်သာအပါအဝင် လေးခန်းတွဲနှစ်ထပ် ဝန်ထမ်းအိမ်ရာ တစ်လုံးကို မြန်မာရာသက်ပန်ဆောက်လုပ်ရေးအဖွဲ့မှ ခွင့်ပြုငွေကျပ် ၆၅ သန်းဖြင့်လည်းကောင်း၊ ပြည်ထောင်စုဘတ်ဂျက် တိုင်းဒေသကြီးအစီအစဉ်ဖြင့် ၆၀ ပေ × ၃၀ ပေ CANTEEN (စားသောက်ဆိုင်) တည်ဆောက်ခြင်းလုပ်ငန်း၊ (ရေ+မီး)အပါအဝင် RC တစ်ထပ်တစ်လုံးကို HS ဆောက်လုပ်ရေးအဖွဲ့မှ ခွင့်ပြုရန်ပုံငွေကျပ် ၃၂ ဒသမ ၄၀၀ သန်းဖြင့် ၂၀၁၄ ခုနှစ် စက်တင်ဘာ ၁၅ ရက်မှ စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အလားတူ ပေ ၂၀၀ × ၃၅ ပေ RC နှစ်ထပ် (ရေ+မီး) အပါအဝင် ကျောင်းသားအိပ်ဆောင်တစ်လုံးကို မြိတ်အများပိုင်ကော်ပိုရေးရှင်းလီမိတက်မှ ခွင့်ပြုငွေကျပ် ၂၈၃ ဒသမ ၂၅၀ သန်းဖြင့်လည်းကောင်း၊ ပေ ၂၀၀ × ၃၅ ပေ RC နှစ်ထပ် (ရေ+မီး) အပါအဝင် ကျောင်းသားအိပ်ဆောင်တစ်လုံးကို HS ဆောက်လုပ်ရေးအဖွဲ့မှ ခွင့်ပြုငွေကျပ် ၂၈၃ ဒသမ ၂၅၀ သန်းဖြင့် ၂၀၁၄ ခုနှစ် အောက်တိုဘာ ၂၆ ရက်မှ စတင်တည်ဆောက်ခဲ့သည်။

အဆိုပါတည်ဆောက်ရေးလုပ်ငန်းများအားလုံးကို ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်မှာ အချောသပ်ပြီးစီးရန် ဆောင်ရွက်သွားမည်ဖြစ်ပြီး ကျောင်းသားဆောင်နှစ်ဆောင်ပြီးစီးလျှင် ၂၀၁၄ -၂၀၁၅ ပညာသင်နှစ် ဒုတိယပညာသင်နှစ်ဝက်ကာလ၊ ၂၀၁၅ ခုနှစ် ဇွန်လမှ စတင်၍ အဆောင်နေ ကျောင်းသား ကျောင်းသူအင်အား တစ်ဆောင်လျှင် ၉၀ နေထိုင်ခွင့် လက်ခံသွားနိုင်တော့မည်ဖြစ်ကြောင်းသိရသည်။

ယခုပညာသင်နှစ်တွင် ပထမနှစ်ဝင်ခွင့်ရ ကျောင်းသား၊ ကျောင်းသူ ၁၃၀၀ ခန့်ရှိပြီး မြိတ်တက္ကသိုလ်တွင် ကျောင်းသား ကျောင်းသူစုစုပေါင်း ၃၅၀၀ ရှိကြောင်း မြိတ်တက္ကသိုလ် တာဝန်ခံပါမောက္ခချုပ် ဒေါက်တာ စီစီလှဘူးက ပြောကြားခဲ့သည်။

**မြင့်ဦး(မြိတ်)**

# မံဝိန်းကျေးရွာရှိနေအိမ်များသို့ သဘာဝစိမ့်စမ်းရေပေးဝေနိုင်ရေး စီစဉ်

**ဗန်းမောက်၊ ဒီဇင်ဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် မံစီကြီးကျေးရွာအုပ်စု မံဝိန်းကျေးရွာ ရွှေဇေယျာစေတီကုန်းတွင် တည်ဆောက်ထားသော သဘာဝစိမ့်စမ်းရေကန်တည်ဆောက်ပြီး ကျေးရွာအတွင်းသို့ ရေပေးဝေနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မံဝိန်းကျေးရွာသည် အိမ်ထောင်စု ၂၀၀ ခန့် လူဦးရေ ၁၅၀ ခန့် နေထိုင်ကြပြီး အ. မ. က ကျောင်းတစ်ကျောင်း၊ မူကြိုကလေးထိန်းကျောင်းတစ်ကျောင်း တည်ရှိကာ အများစုမှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုပြီး မြေပဲ၊ နှမ်း၊ ဆီစားမုံညှင်းများကိုလည်း စိုက်ပျိုးလုပ်ကိုင်ကြကြောင်း သိရသည်။

ကျေးရွာအတွင်း မီးလင်းရေးအတွက် ဆိုလာစနစ်ကို အသုံးပြုဆောင်ရွက်လျက်ရှိပြီး ကျေးရွာသည် တောင်ကုန်းတောင်တန်းများပေါ်တွင် တည်ရှိသည့်အတွက် နွေမိုးဆောင်း ရာသီသုံးပါးလုံး၌ သောက်သုံးရေအခက်အခဲများနှင့် နှစ်စဉ်ကြုံတွေ့နေရသည်။

အဆိုပါအခက်အခဲကို ဖြေရှင်းနိုင်ရန် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာဖွံ့ဖြိုးမှုအထောက်အကူပြုကော်မတီဝင်များက သဘာဝစိမ့်စမ်းရေရရှိရေးအတွက် ပြီးခဲ့သည့် မတ် ၂ ရက်မှ စတင်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။

ပြီးခဲ့သည့် မတ် ၂၈ ရက်တွင် ရွှေဇေယျာစေတီကုန်းပေါ်၌ အလျားပေ ၄၀၊ အနံ ၁၆ ပေ၊ ရေထု ၇ ပေခန့်ရှိသော ရေလှောင်ကန်ကို တည်ဆောက်ခဲ့ကာ ကျေးရွာအတွင်းသို့ နှစ်လက်မပိုက်များဖြင့် ပင်မရေတိုင်များမှ သွယ်ယူပေးဝေနိုင်ခဲ့သည်။

အဆိုပါ ရေလှောင်ကန်တည်ဆောက်ခြင်း၊ ရေပိုက်သွယ်ယူခြင်းများအတွက် ဒေသခံများ၏ ကိုယ်ထူကိုယ်ထမတည်လှူဒါန်းငွေမှာ ကျပ် ၆၂ သိန်း၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအစီအစဉ်တစ်ရပ်အနေဖြင့် ကူညီပံ့ပိုးထောက်ပံ့ငွေ (ခွင့်ပြုရန်ပုံငွေ) ကျပ် ၃၅ သိန်းတို့ဖြင့် အကောင်အထည်ဖော်တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

စိမ့်စမ်းရေးရရှိရေးအတွက် မံဝိန်းကျေးရွာမှ တောင်ဘက်သုံးမိုင်ခန့်ကွာဝေးသည့် တောင်တန်းကျောက်ဖာ၊ ကျောက်ကမ်းပါးများအတွင်းမှ စိမ့်ထွက်နေသော သဘာဝစိမ့်ရေပေါက်ဆီမှ ရေလှောင်ကန်တည်ရှိရာသို့ ၂ လက်မပိုက်များဖြင့် သွယ်ယူခဲ့ခြင်းဖြစ်ကြောင်း၊ ဆက်လက်၍ ကျေးရွာအတွင်း နေအိမ်များသို့ ရေပေးဝေနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ **ကြေးမုံ**

# သဘာဝပိုးမွှားရောဂါကာကွယ်ဆေးသင်တန်းဖွင့်လှစ်

**မြင်းမူ၊ ဒီဇင်ဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးရန်ပုံငွေဖြင့် ဖွင့်လှစ်သော သဘာဝပိုးမွှားရောဂါကာကွယ်ဆေးများနှင့် သဘာဝမြေသြဇာများ ပြုလုပ်သုံးစွဲခြင်းနည်းပညာပေးသင်တန်းဖွင့်ပွဲကို ဒီဇင်ဘာ ၂၇ ရက်က မြင်းမူမြို့နယ် အလ္လကပ္ပကျေးရွာ စိုက်ပျိုးရေးပညာပေးစခန်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးလှမိုးကျော်ကလယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲဆောင်ရွက်ရမည့် မူဝါဒငါးရပ်၊ သဘာဝပိုးမွှားရောဂါကာကွယ်ဆေးများ ပြုလုပ်သုံးစွဲနည်း၊ သဘာဝမြေသြဇာများပြုလုပ်သုံးစွဲနည်း၊ သီးနှံများ၏ တစ်ဧကအထွက်နှုန်း တိုးတက်ရေး၊ မျိုးကောင်းမျိုးသန့်ရွေးချယ်အသုံးပြုရေး၊ ဓာတ်မြေသြဇာနှင့် သဘာဝမြေသြဇာစနစ်တကျသုံးစွဲရေးနှင့် ပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေး နည်းပညာများကို သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးသည်။

အဆိုပါသင်တန်းတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးလှမိုးကျော်နှင့် ဝန်ထမ်းများက မြင်းမူမြို့နယ်အတွင်းရှိ ကျေးရွာ ၁၂ ရွာမှ သင်တန်းသား ၃၀ တို့အား သင်ကြားပို့ချပေးမည်ဖြစ်ပြီး သင်တန်းကာလမှာ သုံးရက်ကြာ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

**ဖိုးခါး**




ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ပန်းဆိုးတန်းလမ်း၊
အမှတ်(၁၈၁/၁၈၇)၊ (၄)ခန်းတွဲ၊ (၁၂) ထပ်တိုက်၊ ၈-လွှာ
(အခြမ်း)၊ တိုက်ခန်း(၁)ခန်း ပေ(၂၅×၆၀)၊ ရေမီးအစုံအပါအဝင်
အကျိုးခံစားခွင့်နှင့်စပ်လျဉ်း၍အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါ တိုက်ခန်းကို (Great Father Land Construction-ဆောက်လုပ်ရေးကုမ္ပဏီပိုင်ရှင် ကန်ထရိုက်တာ) ဦးကျော်မြင့်[၁၂/မဂတ(နိုင်)၀၄၉၂၄၂]ထံမှ ၁၃-၆-၂၀၁၁ရက်တွင် ကျွန်ုပ်တို့၏မိတ်ဆွေနှစ်ဦးက ကြိုပို့ငွေစနစ်ဖြင့် ဝယ်ယူထားကြောင်း အများသိစေရန်နှင့် သက်ဆိုင်သူမည်သူမဆို အထောက်အထားအခိုင်အမာဖြင့် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မိတ်ဆွေနှစ်ဦး၏ လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| စစ်ကိုင်း ဦးငွေသန်း **(LL.B)** | ဦးမြသန်း **(B.Com, R.L)** |
| တရားလွှတ်တော်ရှေ့နေ (စဉ်-၂၇၇၄/၈၄) | တရားလွှတ်တော်ရှေ့နေ(စဉ်-၂၈၁၀/၈၄) |
| ဖုန်း-၀၉-၄၂၁၁၇၆၅၉၂ | ဖုန်း-၀၉-၂၅၀၁၆၄၆၇၁ |

အမှတ်(၉/၁၁)၊ ၄-လွှာ၊ အခန်း(၃၀၆)၊ ၃၆-လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။



## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**

**ဦးကိုကိုလေး**

**အသက်(၇၆)နှစ်**

Asia Express Co.,Ltd ၏ နာယကကြီး ဦးကိုကိုလေးသည် ၂၀-၁၂-၂၀၁၄ ရက်တွင် ကွယ်လွန်သွားခြင်းအတွက် အထူးဝမ်းနည်း ကြေကွဲကြရပါသည်။

**ဦးဟန်ဝင်း-ဒေါ်မာလာမိသားစု**
**အင်ဂျင်နီယာချုပ်(ငြိမ်း)**
**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**

**ဦးကိုကိုလေး**

**အသက်(၇၆)နှစ်**

Asia Express Co.,Ltd ၏ နာယကကြီး ဦးကိုကိုလေးသည် ၂၀-၁၂-၂၀၁၄ ရက်တွင် ကွယ်လွန်သွားခြင်းအတွက် အထူးဝမ်းနည်း ကြေကွဲကြရပါသည်။

**BOARD OF DIRECTORများနှင့်**
**ဝန်ထမ်းမိသားစုများ**
**STEEL KING CO., LTD.**

## (၁၀)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း

**ဗိုလ်ကြီးခင်မောင်ကြီး (ငြိမ်း) (ရေ)**

**(ရေယာဉ်မှူး၊ ဧကရီသင်္ဘော၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)**

ဖေဖေ မိသားစုနှင့် ခွဲခွာသွားသည်မှာ (၁၀)နှစ်ပြည့်ခဲ့ပါပြီ။ မနေ့တစ်နေ့ကလို အောက်မေ့ပြီး အမြဲသတိရ လွမ်းဆွတ်နေကြပါတယ်။ မိသားစုမှပြုလုပ်သော ကုသိုလ်ကောင်းမှုအစုစုကို ဖေဖေရောက်ရှိရာ ဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေလို့ မေတ္တာပို့ ဆုတောင်းလျက်ရှိပါသည်။

**ဇနီး - မြမြမော်**
**သမီးကြီး - ဖြိုးဖြိုးခင်မောင်**
**သမီးလတ် - မို့မို့ခင်မောင်**
**သမီးငယ် - ထက်ထက်ခင်မောင်**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**

**ဦးကိုကိုလေး**

**အသက်(၇၆)နှစ်**

Asia Express Co.,Ltd ၏ နာယကကြီး ဦးကိုကိုလေးသည် ၂၀-၁၂-၂၀၁၄ ရက်တွင် ကွယ်လွန်သွားခြင်းအတွက် အထူးဝမ်းနည်း ကြေကွဲကြရပါသည်။

**PRKABLE (INDIA)**
**CLASSIC CABLE & WIRE CO.,LTD.**

## ဝမ်းနည်းကြေကွဲခြင်း

**(ASIA EXPRESS GROUP OF COMPANIES) ၏**

**နာယကကြီး ဦးကိုကိုလေး**

**အသက်(၇၆)နှစ်**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီးတစ်ဦးဖြစ်သူ ဦးကိုကိုလေး (ASIA EXPRESS GROUP ၏နာယကကြီး)သည် ၂၀-၁၂-၂၀၁၄ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ဝမ်းနည်းကြေကွဲရပါသည်။

**SHU TONE ခန်းဆီးလိုက်ကာဆိုင်**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ လမ်း၊ တံတား၊ ရေတွင်း၊ ရေကန်၊ သာသနာ့ဒါယကာကြီး**

**ပဥ္စမအကြိမ်၊ ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီး ပစ္စည်းလေးပါးဒါယကာ လူမှုထူးချွန်(ပထမဆင့်)၊ သီဟသုဓမ္မမဏိဇောတဓရ၊ သီရိသုဓမ္မမဏိဇောတဓရ၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ**

**ဦးသိန်းဝင်း(ခ)လင်ကမ်းစိန်**

**နာယက၊ ရွှေသံလွင်ကုမ္ပဏီလီမိတက်**

**(ပဲခူးမြို့၊ အောင်သုခမ္မရိပ်သာယောဂီ)**

**အသက်(၇၆)နှစ်**

ရွှေသံလွင်ကုမ္ပဏီလီမိတက် နာယက ဦးသိန်းဝင်း(ခ)လင်ကမ်းစိန်သည် ၂၁-၁၂-၂၀၁၄ ရက် နံနက် ၅း၅၇ နာရီတွင် ကွယ်လွန်သွားပါကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**Sky Net(Buddha Channel) ဝန်ထမ်းများ**

## ဝမ်းနည်းကြေကွဲခြင်း

**(ASIA EXPRESS GROUPOF COMPANIES ၏ နာယကကြီး)**

**ဦးကိုကိုလေး**

**အသက်(၇၆)နှစ်**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီးတစ်ဦးဖြစ်သူ ဦးကိုကိုလေး (Asia Express Group ၏ နာယကကြီး)သည် ၂၀-၁၂-၂၀၁၄ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ဝမ်းနည်းကြေကွဲရပါသည်။

**ဦးမြင့်ကြည်**
**MKCC(MK Civil Construction)**

## ဝမ်းနည်းကြေကွဲခြင်း

**(ASIA EXPRESS GROUP OF COMPANIES) ၏**

**နာယကကြီး ဦးကိုကိုလေး**

**အသက်(၇၆)နှစ်**

(ASIA EXPRESS Co.,Ltd ၏ နာယကကြီး) ဖြစ်သူ ဦးကိုကိုလေးသည် ၂၀-၁၂-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာစတီးသံချောင်းရောင်းဝယ်ရေး**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ လမ်း၊ တံတား၊ ရေတွင်း၊ ရေကန်၊ သာသနာ့ဒါယကာကြီး**

**ပဥ္စမအကြိမ်၊ ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီး ပစ္စည်းလေးပါးဒါယကာ လူမှုထူးချွန်(ပထမဆင့်)၊ သီဟသုဓမ္မမဏိဇောတဓရ၊ သီရိသုဓမ္မမဏိဇောတဓရ၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ**

**ဦးသိန်းဝင်း(ခ)လင်ကမ်းစိန်**

**နာယက၊ ရွှေသံလွင်ကုမ္ပဏီလီမိတက်**

**(ပဲခူးမြို့၊ အောင်သုခမ္မရိပ်သာယောဂီ)**

**အသက်(၇၆)နှစ်**

ရွှေသံလွင်ကုမ္ပဏီလီမိတက် နာယက ဦးသိန်းဝင်း(ခ)လင်ကမ်းစိန်သည် ၂၁-၁၂-၂၀၁၄ ရက် နံနက် ၅း၅၇ နာရီတွင် ကွယ်လွန်သွားပါကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**Sky Net(Music Channel) ဝန်ထမ်းများ**

## ဝမ်းနည်းကြေကွဲခြင်း

**(ASIA EXPRESS GROUP OF COMPANIES ၏ နာယကကြီး)**

**ဦးကိုကိုလေး**

**အသက်(၇၆)နှစ်**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီးတစ်ဦးဖြစ်သူ ဦးကိုကိုလေး (ASIA EXPRESS GROUP ၏ နာယကကြီး)သည် ၂၀-၁၂-၂၀၁၄ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ဝမ်းနည်းကြေကွဲကြရပါသည်။

**ဒေါ်စိန်စိန်ဦး**
**အဲဗား ဘိလပ်မြေ၊ သံချောင်း**
**အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး**

## ဝမ်းနည်းကြေကွဲခြင်း

**(ASIA EXPRESS GROUP OF COMPANIES) ၏**

**နာယကကြီး ဦးကိုကိုလေး**

**အသက်(၇၆)နှစ်**

ASIA EXPRESS Co.,Ltd ၏ နာယကကြီးဖြစ်သူ ဦးကိုကိုလေးသည် ၂၀-၁၂-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**Hein Investment Ltd.**
**TO TO**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ လမ်း၊ တံတား၊ ရေတွင်း၊ ရေကန်၊ သာသနာ့ဒါယကာကြီး**

**ပဥ္စမအကြိမ်၊ ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီး ပစ္စည်းလေးပါးဒါယကာ လူမှုထူးချွန်(ပထမဆင့်)၊ သီဟသုဓမ္မမဏိဇောတဓရ၊ သီရိသုဓမ္မမဏိဇောတဓရ၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ**

**ဦးသိန်းဝင်း(ခ)လင်ကမ်းစိန်**

**နာယက၊ ရွှေသံလွင်ကုမ္ပဏီလီမိတက်**

**(ပဲခူးမြို့၊ အောင်သုခမ္မရိပ်သာယောဂီ)**

**အသက်(၇၆)နှစ်**

ရွှေသံလွင်ကုမ္ပဏီလီမိတက် နာယက ဦးသိန်းဝင်း(ခ)လင်ကမ်းစိန်သည် ၂၁-၁၂-၂၀၁၄ ရက် နံနက် ၅း၅၇ နာရီတွင် ကွယ်လွန်သွားပါကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**Sky Net(ပညာရေး Channel) ဝန်ထမ်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ လမ်း၊ တံတား၊ ရေတွင်း၊ ရေကန်၊ သာသနာ့ဒါယကာကြီး**

**ပဥ္စမအကြိမ်၊ ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီး ပစ္စည်းလေးပါးဒါယကာ လူမှုထူးချွန်(ပထမဆင့်)၊ သီဟသုဓမ္မမဏိဇောတဓရ၊ သီရိသုဓမ္မမဏိဇောတဓရ၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ**

**ဦးသိန်းဝင်း(ခ)လင်ကမ်းစိန်**

**နာယက၊ ရွှေသံလွင်ကုမ္ပဏီလီမိတက်**

**(ပဲခူးမြို့၊ အောင်သုခမ္မရိပ်သာယောဂီ)**

**အသက်(၇၆)နှစ်**

ရွှေသံလွင်ကုမ္ပဏီလီမိတက် နာယက ဦးသိန်းဝင်း(ခ)လင်ကမ်းစိန်သည် ၂၁-၁၂-၂၀၁၄ ရက် နံနက် ၅း၅၇ နာရီတွင် ကွယ်လွန်သွားပါကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**Sky Net(စိုက်ပျိုး၊ မွေးမြူရေးနှင့်သစ်တော Channel) ဝန်ထမ်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ လမ်း၊ တံတား၊ ရေတွင်း၊ ရေကန်၊ သာသနာ့ဒါယကာကြီး**

**ပဥ္စမအကြိမ်၊ ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီး ပစ္စည်းလေးပါးဒါယကာ လူမှုထူးချွန်(ပထမဆင့်)၊ သီဟသုဓမ္မမဏိဇောတဓရ၊ သီရိသုဓမ္မမဏိဇောတဓရ၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ**

**ဦးသိန်းဝင်း(ခ)လင်ကမ်းစိန်**

**နာယက၊ ရွှေသံလွင်ကုမ္ပဏီလီမိတက်**

**(ပဲခူးမြို့၊ အောင်သုခမ္မရိပ်သာယောဂီ)**

**အသက်(၇၆)နှစ်**

ရွှေသံလွင်ကုမ္ပဏီလီမိတက် နာယက ဦးသိန်းဝင်း(ခ)လင်ကမ်းစိန်သည် ၂၁-၁၂-၂၀၁၄ ရက် နံနက် ၅း၅၇ နာရီတွင် ကွယ်လွန်သွားပါကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**Sky Net(Police Channel) ဝန်ထမ်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ လမ်း၊ တံတား၊ ရေတွင်း၊ ရေကန်၊ သာသနာ့ဒါယကာကြီး**

**ပဥ္စမအကြိမ်၊ ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီး ပစ္စည်းလေးပါးဒါယကာ လူမှုထူးချွန်(ပထမဆင့်)၊ သီဟသုဓမ္မမဏိဇောတဓရ၊ သီရိသုဓမ္မမဏိဇောတဓရ၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ**

**ဦးသိန်းဝင်း(ခ)လင်ကမ်းစိန်**

**နာယက၊ ရွှေသံလွင်ကုမ္ပဏီလီမိတက်**

**(ပဲခူးမြို့၊ အောင်သုခမ္မရိပ်သာယောဂီ)**

**အသက်(၇၆)နှစ်**

ရွှေသံလွင်ကုမ္ပဏီလီမိတက် နာယက ဦးသိန်းဝင်း(ခ)လင်ကမ်းစိန်သည် ၂၁-၁၂-၂၀၁၄ ရက် နံနက် ၅း၅၇ နာရီတွင် ကွယ်လွန်သွားပါကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**Sky Net(ကျန်းမာရေး Channel) ဝန်ထမ်းများ**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၅စီဂျီ၊ မြေကွက်အမှတ် ၄၂၂၊ မြေကွက်တည်နေရာအမှတ် ၁၇၊ ဦးဘိုးရွှေလမ်း၊ ဆရာစံမြောက်/အနောက်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ဦးစန်းအောင် အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား ဦးစန်းအောင်(ခင်ပွန်း)ကွယ်လွန်သဖြင့် ဇနီးတော်စပ်သူ ဒေါ်သန်းရီ(၁၂/ဗဟန(နိုင်)၀၅၀၂၀၁)ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၂၃၈၄၀/၁-၉-၂၀၁၄ရရှိသူ ဒေါ်ချိုချိုမာ(၁၂/လကန(နိုင်)၀၀၂၁၄၃၂)မှ ပါဝါမရုပ်သိမ်းကြောင်း ကျမ်းကျိန်လွှာ၊ တရားဝင်ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်း၊ အိမ်ထောင်စုစာရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အပိုင်ပေးမြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

